The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.20, NO. 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 17, 2020

# မြန်မာ့ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် တွေ့ကြုံရသော အခြေအနေများ

စာမျက်နှာ - ၈ ➤



## ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန် အခြေအနေများကို အသိပေးကြေညာ

စာမျက်နှာ - ၆ ➤

## ထိုင်းနိုင်ငံမှ ကုန်တင်ယာဉ်များ သီလဝါဆိပ်ကမ်းသို့ ပထမဆုံးအကြိမ် တိုက်ရိုက် ကုန်သွယ်မှုစတင်

စာမျက်နှာ - ၂၃ ➤

## အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများ လိုက်နာရန် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အမိန့်ကြော်ငြာစာထုတ်ပြန်မည်

စာမျက်နှာ - ၂၆ ➤

# မကွေးတိုင်းဒေသကြီး၌ ရှစ်ခမြောက် ကုန်စည်ဒိုင် ဖွင့်လှစ်

စာမျက်နှာ - ၁၈ ➤






UMG GROUP OF COMPANIES

592, BO AUNG KYAW STREET, YANGON-PATHEIN HIGHWAY ROAD, HLAING THARYAR TOWNSHIP, YANGON, MYANMAR.
TEL: +95 1 645 178 ~ 182 I FAX: +95 1 645 211 I HOT LINE: +95 977835647
EMAIL: INQUIRY@UMGROUPS.COM I WEBSITE: WWW.UMGROUPS.COM



# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ယှဉ်ပြိုင်မှုကော်မရှင် အစည်းအဝေးသို့ တက်ရောက်



ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် (၁/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယှဉ်ပြိုင်မှုနည်းဥပဒေပါ သတ်မှတ်ချက်များအတိုင်း ကော်မရှင် အစည်းအဝေးများကို ပုံမှန်ကျင်းပလာခဲ့ရာ ပဉ္စမအကြိမ်ရောက်ရှိလာခဲ့ပြီဖြစ်သကဲ့သို့ ကော်မရှင်၏ သက်တမ်းမှာလည်း တစ်နှစ်ကျော်လာခဲ့ပြီဖြစ်ကြောင်း၊ ယင်းကာလအတွင်း၌ ယှဉ်ပြိုင်မှုကော်မရှင်အနေဖြင့် လေ့လာသင်ယူခဲ့ရမှုများ၊ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှ ရှေ့ဆက်ဆောင်ရွက်ရန် အစီအစဉ်များကို ပိုမိုသိရှိလာကြကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များဘက်ကလည်း ယှဉ်ပြိုင်မှုဥပဒေနှင့် ယှဉ်ပြိုင်မှုကော်မရှင်အကြောင်းကို ပိုမိုသိရှိလာကြပြီး စုံစမ်းမေးမြန်းမှုများ၊ လာရောက်ဆွေးနွေးတင်ပြမှုများ၊ တိုင်ကြားမှုများကို ယခင်ကထက် ပိုမိုပြုလုပ်လာကြသည်ကို တွေ့ရှိရကြောင်း၊ ကော်မရှင်အနေဖြင့် ကဏ္ဍအလိုက် ထိန်းကျောင်းအကောင်အထည်ဖော်နေသည့် အစိုးရအဖွဲ့အစည်းများ (Sector Regulators) နှင့် ညှိနှိုင်းဆောင်ရွက်ဖို့ကိုလည်း အလေးအနက်ထား စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်၏ စီမံရေးရာကိစ္စရပ်များ၊

**စာမျက်နှာ ၁၁ သို့**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးဖြစ်သူ H.E. Mr. Lee Sang-hwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁ နာရီတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ မြန်မာနိုင်ငံသို့ ကိုးရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်ရေးနှင့် စက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်မှုနှင့် စက်မှု ပူးပေါင်းဆောင်ရွက်ရေးစာချုပ်နှင့် Korea Desk တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်




ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးသို့ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကား ပြောကြားရာတွင် ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် စပါးဝယ်ယူခြင်း ဆောင်ရွက်နိုင်ရန်အတွက် လှည့်ပတ်ရန်ပုံငွေ ကျပ် ၁၅ ဘီလီယံ တောင်းခံခဲ့ပြီး စပါးဈေးကျဆင်းလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးစပါး ဝယ်ယူခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးစပါးဝယ်ယူနိုင်ရေးအတွက် ဦးဆောင်အဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် နွေစပါးဝယ်ယူပေးရန် လိုအပ်ကြောင်း တင်ပြလာမှုများရှိသည့်အတွက် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် နွေစပါးဝယ်ယူနိုင်ရေး စီမံချက်ရေးဆွဲပြီး အတည်ပြုနိုင်ရေးအတွက် အစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ နွေစပါးဝယ်ယူရန်အတွက် လိုအပ်သောငွေကို မိုးစပါးဝယ်ယူမှုမှ ပိုလျှံသည့် လှည့်ပတ်ရန်ပုံငွေအား ထုတ်နုတ်၍ ထပ်မံလိုအပ်သည့် ရန်ပုံငွေကိုသာ ဦးဆောင်အဖွဲ့သို့ ဆက်လက်တင်ပြတောင်းခံနိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် မိုးစပါးဝယ်ယူရန် အတွက်ရရှိထားသည့်

**စာမျက်နှာ ၁၁ သို့**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
ညီညီအောင်

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ အေးအေးသန့်
သီတာဝင်း

**သတင်းထောက်များ**
စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ခင်မိုးသူ

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး၊ ဝင်းကို

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ တန်ချိန်ငါးသောင်းခန့်တင်ပို့

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်တာကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂၁ တန်ဖိုးရှိဆန်တန်ချိန် ၃၀၀၀ ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်တန်ချိန် ၂၃၀၀ ခန့်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၂၇၀ ခန့်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဆန်တန်ချိန် ၃၇၀ နီးပါးတင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၀၀ ကျော် ပိုမိုခဲ့သည်။

ယခုတစ်ပတ် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ သုည ဒသမ ၀၀၆ ဒေါ်လာ သန်း တန်ဖိုးရှိဆန်ကွဲတန်ချိန် ၂၇ဒသမ ၅ သာ တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်လျှင် ၁၀ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၂၁ ဒေါ်လာသန်း တန်ဖိုးရှိ ဆန်တန်ချိန် ၃၂၀၀၀ ကျော် တင်ပို့ခဲ့သည်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၂၀၀၀ နီးပါး အီးယူနိုင်ငံများသို့ တန်ချိန်၆၀၀၀ ခန့်၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၁၄၀၀၀ ကျော် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၅၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ၃ ဒသမ ၆၂၄ ဒေါ်လာသန်း တန်ဖိုးရှိဆန်ကွဲတန်ချိန် ၁၄၀၀၀ ကျော် တင်ပို့ခဲ့သည်။ နိုင်ငံအလိုက်တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ တန်ချိန် ၁၂၀၀ ခန့်၊ အီးယူနိုင်ငံများသို့ တန်ချိန် တန်ချိန် ၉၁၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၃၂၀၀ နီးပါး၊ အာရပ်စော်ဘွားများနိုင်ငံသို့ တန်ချိန် ၂၅၀၊ ဂျီဘရော်လ်တာနိုင်ငံများသို့ တန်ချိန် ၃၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၂၈၀၀ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတန်ချိန်၄၉၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၅၀၀ ကျော် ပိုမိုခဲ့ကြောင်း သိရသည်။

**အေးအေးသန့်**

# ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်အချို့တွင် စပါး၊ ဆန်ဈေး အနည်းငယ်မြင့်တက်

ပုသိမ်ခရိုင်အတွင်းရှိပုသိမ်၊ ကန်ကြီးထောင့်နှင့် ငပုတောမြို့နယ်များတွင် ယခင်တစ်ပတ် ပေါ်ဆန်းစပါး ၄၆ပေါင်တင်း ၁၀၀ကို ကျပ် ၆၈၇၀၀၀၊ ၇၇၈၀၀၀ ဈေးအတွင်းမှ ယခုဈေးကျပ် ၇၁၀၀၀၀၊ ၈၀၆၀၀၀ ဈေးဖြစ်သွား၍ စပါးတင်း ၁၀၀ကို ကျပ် ၂၅၀၀၀ ဝန်းကျင်မြင့်တက်လျက်ရှိပြီး ငပုတောမြို့နယ်တွင် ပေါ်ဆန်းဆန်တစ်အိတ်ကို ယခင်ကျပ်၃၁၀၀၀ မှ ၃၂၅၀၀ ဖြစ်သွားသည့်အတွက် ဆန်တစ်အိတ်ကို ကျပ်၁၅၀၀မြင့်တက်သွားကြောင်း ဆန်စပါးသတင်းများအရ သိရသည်။

ပေါ်ဆန်းစပါး/ဆန်ဈေးမြင့်တက်မှုနှင့်အတူ အဆိုပါမြို့နယ်များတွင် မိုးညှင်းမထစပါးဈေးနှုန်းမှာ ယခင် ၄၆ပေါင်တင်း၁၀၀ကို ကျပ် ၄၇၈၀၀၀၊ ၅၃၀၀၀၀ ဈေးအတွင်းမှ ယခုဈေးကျပ် ၅၀၆၀၀၀၊ ၅၄၀၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ကို ကျပ် ၂၈၀၀၀၊ ၁၀၀၀၀ ဈေးအတွင်း မြင့်တက်သွားပြီး ညှင်းမထဆန်တစ်အိတ်ကို ငပုတောမြို့နယ်တွင် ယခင်ကျပ် ၁၈၅၀၀မှ ယခုကျပ် ၂၀၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၁၅၀၀မြင့်တက်မှုရှိကြောင်း၊ မြို့နယ်အချို့တွင် စပါးဝင်ရောက်မှုလျော့နည်းလာခြင်း၊ ဆန်ဈေးကွက်ပိုမိုဖွံ့ဖြိုးလာပြီး ဆန်ကွဲနှင့် ဖွဲနုဝယ်လိုအားရှိခြင်းတို့ကြောင့် စပါး၊ ဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်နေကြောင်း တိုင်းဆန်စပါးသတင်းများမှသိရသည်။

**မင်းမင်းဦး (ပသ)**



# မအူပင်မြို့နယ်တွင် စပါး၊ဆန်တက်ရိပ်ပြ၊ မအူပင်စက်ပိုင်နှင့် ရန်ကုန် ဘုရင့်နောင်ဆန်ဈေးကွက်၌ ဝယ်လိုအားများ

မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၆ အုပ်စုနှင့် ရပ်ကွက် ၁၂ ရပ်ကွက်ရှိပြီး ကျေးရွာအုပ်စုများရှိနွေစပါးနှင့် မိုးစပါးစိုက်ဧကစုစုပေါင်းမှာ ၁၈၄၇၀၆ ဧကရှိသည်။ ဒေသဝမ်းစာဖူလုံသည့်အပြင် ပိုလျှံစပါးများကို ကျိုက်လတ်၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ ညောင်တုန်း၊ တွံတေးစသည့် မြို့များမှ အိမ်တိုင်ရာရောက်ဝယ်ယူခဲ့သည်။

မအူပင်မြို့နယ်အတွက် ယခုနှစ်တွင် မိုးစပါး တင်ဒါအောင်မြင်သူ ဦးကျော်ကျော်လင်းက အခြေခံဈေးကျပ်ငါးသိန်းဖြင့် စပါးတင်းငါးသောင်းဝယ်ယူမှု အောင်မြင်စွာဆောင်ရွက်နိုင်ပြီး တောင်သူများအတွက် ရေကျနောက်စိုက်စပါးများပေါ်ထွက်လာသော ယခုအချိန်တွင် ရေကျနောက်စိုက်သီးထပ်ရင်စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းသုံးသောင်းဖြင့်အရောင်းအဝယ်ဖြစ်နေပြီး ရန်ကုန် ဘုရင့်နောင်ဆန်ပွဲရုံ၌ ဆန်တစ်အိတ်လျှင် ကျပ်နှစ်သောင်းတစ်ထောင်နှုန်းဖြင့် ဝယ်လိုအားကောင်းလျက်ရှိပြီး ရေကျနောက်စိုက်စပါးသီးထပ်ရင်မှာ လိုသလောက် ဝယ်ယူရရှိခြင်းမရှိသေးသဖြင့် မအူပင် ဆန်စပါးဈေးကွက်တွင် ဈေးနှုန်းတက်ရိပ်ရှိလာကြောင်း စုံစမ်းသိရှိရသည်။

Consumer-MT

## အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၁၄-၂-၂၀၂၀ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၆၈ | ၄၆၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၅၁ | ၄၄၇ | ▽ | ၃၅၃ | ၃၆၃ | △ | ၃၆၃ | ၃၆၃ | □ | ၃၇၃ | ၃၇၃ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၃၉ | ၄၄၀ | △ | ၃၃၈ | ၃၄၈ | △ | ၃၄၃ | ၃၄၃ | □ | ၃၄၅ | ၃၄၀ | ▽ |
| ပေါင်းဆန် | ၄၅၁ | ၄၄၇ | ▽ | - | - | - | ၃၇၃ | ၃၇၃ | □ | ၄၁၃ | ၃၉၁ | ▽ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၄-၂-၂၀၂၀)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှင်းမထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၅၀ | □ | ၁၉၀၀၀ | △ | ၆၉၀၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၄၀၀ | △ | ၂၂၅၀၀ | □ | ၈၀၆၀ | △ | ၃၂၀၀၀ | □ |
| ပဲခူး | ၅၃၅၀ | □ | ၂၀၀၀၀ | △ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၇၀၀၀ | □ | ၃၂၀၀၀ | □ | ၁၂၀၀၀ | □ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၁၀၀ | △ | ၂၁၀၀၀ | △ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | △ | ၂၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မန္တလေး | ၅၇၀၀ | △ | ၂၁၀၀၀ | □ | - | - | ၅၅၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၆၁၀၀၀ | △ |
| မော်လမြိုင် | ၄၈၇၆ | □ | ၂၀၀၀၀ | □ | ၇၇၀၀ | □ | ၂၈၀၀၀ | □ |
| လှိုင်ကော် | ၇၄၁၅ | □ | ၃၅၀၀၀ | □ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၃၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှင်းမထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၇-၂-၂၀၂၀မှ ၁၃-၂-၂၀၂၀ရက်နေ့အထိOnline CO Applicationမှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 530 | 23 | - | - | - | **553** |
| | Form AANZ | 8 | - | - | - | - | 8 |
| | Form AHK | 2 | - | - | - | - | 2 |
| | Form AI | 142 | 6 | - | - | - | 148 |
| | Form AJ | 23 | 1 | - | - | - | 24 |
| | Form AK | 215 | 14 | - | - | - | 229 |
| | Form CHINA | 1 | - | - | - | - | 1 |
| | Form D | - | - | - | - | - | - |
| | Form DFTP | 79 | 13 | - | - | - | 92 |
| | Form E | 109 | 7 | - | - | - | 116 |
| | Form Korea | 9 | 0 | - | - | - | 9 |
| | E Form D | 240 | - | - | - | - | 240 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1358 | 64 | - | - | - | 1422 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၄-၂-၂၀၂၀ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၇/၂ | ၁၄/၂ | ပြောင်းလဲမှု | ၇/၂ | ၁၄/၂ | ပြောင်းလဲမှု | ၇/၂ | ၁၄/၂ | ပြောင်းလဲမှု | ၇/၂ | ၁၄/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၆၆၇ | ၁၆၃၆ | ▼ | ၁၅၈၃ | ၁၄၁၇ | ▼ | ၁၆၂၅ | ၁၅၇၅ | ▼ | ၁၆၀၀ | ၁၅၂၅ | ▼ |
| ပဲစင်းငုံ | ၁၀၉၄ | ၁၁၁၄ | ▲ | ၁၀၃၃ | ၁၀၆၇ | ▲ | ၁၀၀၀ | ၁၀၆၅ | ▲ | ၉၉၀ | ၁၀၅၀ | ▲ |
| ပဲတီစိမ်း | ၁၇၅၀ | ၁၇၅၀ | ■ | ၁၇၇၈ | ၁၇၄၂ | ▼ | ၁၇၆၃ | ၁၇၃၇ | ▼ | ၁၇၉၀ | ၁၇၉၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၂၅ | ၁၈၂၅ | ■ | ၁၃၆၂ | ၁၃၃၀ | ▼ | ၁၄၀၅ | ၁၃၆၈ | ▼ | ၁၄၅၀ | ၁၃၉၅ | ▼ |
| ပဲလွန်းဖြူ | ၁၄၃၀ | ၁၄၁၅ | ▼ | ၁၄၆၇ | ၁၃၃၃ | ▼ | ၁၇၈၉ | ၁၇၈၉ | ■ | ၁၃၇၀ | ၁၂၉၀ | ▼ |
| ထောပတ်ပဲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၄၂၂ | ၁၂၄၄ | ▼ | ၁၁၈၄ | ၁၁၃၂ | ▼ | ၁၅၉၅ | ၁၂၃၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၊၂၊၂၀၂၀)ထိ | ယခုတစ်ပတ် (၈၊၂၊၂၀၂၀)ထိ | (၁၊၁၊၂၀၂၀) မှ (၈၊၂၊၂၀၂၀) ထိ |
| မတ်ပဲ | ၂၇၃၇၂ | ၂၄၀၇၉ | ၅၁၄၅၁ |
| ပဲတီစိမ်း | ၂၀၈၅၇ | ၁၁၄၇၄ | ၃၂၃၃၁ |
| ပဲစင်းငုံ | ၂၃၃၈ | ၅၁၅ | ၂၈၅၃ |
| ကုလားပဲ | ၂၅၆၀ | ၅၀ | ၂၆၁၀ |
| ပဲလွန်းဖြူ | ၁၉၃၂ | ၁၄၂၇ | ၃၃၅၉ |
| မြေထောက်ပဲ | ၁၂၃ | ၃၀၉ | ၅၁၂ |

## ပြည်ပဲတီစိမ်း ဈေးကောင်းရနေ

ပြည်ပဲဈေးကွက်၌ ဆောင်းပဲမျိုးစုံနေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ဆောင်းပဲတီစိမ်းသီးနှံမှာဈေးအမြင့်ဆုံးဖြင့်ရောင်းဝယ်နေကြသည်။ ပဲဝင်ရောက်မှုနည်းလာခြင်းကြောင့် တစ်ရက်အိတ် ၂၀၀ကျော်သာ ဝင်ရောက်ခဲ့ပြီး ဝယ်လိုအားကတော့ ရန်ကုန်၊ မန္တလေးလိုင်းသမား အဓိကဝယ်ယူနေခဲ့သည်။

ထို့ကြောင့် ဝင်ရောက်လာသမျှ အဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာတစ်တင်း ကျပ်၃၅၀၀၀ဖြင့် ရောင်းဝယ်ခဲ့ကြသည့်အတွက် ယခင်တစ်ပတ်ကထက်ဈေးလျော့လာသော်လည်း အခြားပဲများထက်ဈေးပိုရလျက်ရှိခဲ့သည်။ ပဲတီစိမ်းသီးနှံမှာပဲအထွက်လှိုင်ချိန်၊ ထွက်ပေါ်ချိန်ကာလများတွင်သာ အရောင်းအဝယ်ဖြစ်ပြီး ကျန်ကာလများတွင်ပဲလက်ကျန်မရှိသလောက်ဖြစ်လို့ရောင်းဝယ်မှုမဖြစ်ဘဲ မျိုးပဲစိုက်ပျိုးချိန်မှသာပြန်လည်အရောင်းအဝယ်ဖြစ်ခဲ့သည်။

**ခင်ဆွေဝင်း(ပြည်)**



## ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီ ဈေးမြင့်နေ

အညာဒေသ၏အဓိကစိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သည့်ပဲစင်းငုံနီသည် ယခုတစ်ပတ်တွင် ဈေးတက်နေခဲ့ပြီး ဝယ်လိုအားရောင်းလိုအားလည်းမျှတလျက်ရှိသည်။ ဖေဖော်ဝါရီလ၏ ပထမပတ်တွင် တစ်တင်းလျှင် ကျပ်၂၀၁၀၀ ဖြစ်ခဲ့ပြီး ယခုလ ဒုတိယပတ်တွင် တစ်တင်းလျှင်ကျပ် ၂၁၃၀၀ ဖြင့်အိတ် ၅၀ မှ ၁၀၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ ပဲစင်းငုံနီဈေးမှာတက်နေပြီး ကုလားပဲဈေးမှာအနည်းငယ်ကျနေခဲ့သည်။

ယခုတစ်ပတ်၏ ကုလားပဲဈေးမှာ ကုလားပဲဝါလုံးကြီး (929) တစ်တင်းလျှင် ကျပ် ၂၅၇၀၀ ဖြင့် အိတ် ၃၀၊ ကုလားပဲဖြူလုံးကြီး (V2) တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၅၀ ပဲလွန်းပြာတစ်တင်းလျှင်ကျပ် ၂၁၀၀၀ ဖြင့် အိတ် ၅၀၊ နှမ်းနက်စမုံ (ရိုးရိုး) တစ်တင်းလျှင်ကျပ် ၃၀၀၀၀ မှ ၆၈၀၀၀ ဖြင့်အိတ် ၁၀၀၊ ပြောင်း ဖူးစေ့(CP) တစ်တင်းလျှင် ကျပ် ၇၀၀၀ မှ ၇၄၀၀ ဖြင့် အိတ် ၅၀ ဥပုသ်နေ့မှလွဲ၍ပခုက္ကူကုန်စည်ဒိုင်တွင်အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**


# ဟသ်ာတမတ်ပဲဈေး ဆက်လက်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်တွင် ခရိုင်အတွင်းရှိနယ်စုံမှ မတ်ပဲဝင်ချိန် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ဈေးစတင်ကျဆင်းလာသော မတ်ပဲအသစ်သည် ဖေဖော်ဝါရီ ၁၃ ရက်တွင်လည်း ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ ကျဆင်းကာ ကျပ် ၃၂၂၀၀ ဖြင့်အိတ် ၂၅၀၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပဲတီစိမ်း(ဆီပြောင်)တစ်တင်းလျှင် ကျပ်၃၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းထက် ကျပ်၁၀၀၀ ကျဆင်းခဲ့ကာ ပဲတီစိမ်း (ဝါးခယ်မ) တစ်တင်းလျှင်ကျပ်၃၄၅၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ ကျဆင်းခဲ့သည်။ ပဲလွန်းနီတစ်တင်းလျှင်ကျပ် ၂၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ မြင့်တက်ခဲ့ကာ ပဲလွန်းဖြူတစ်တင်းလျှင်ကျပ် ၂၈၅၀၀ ဖြင့်အရောင်းအဝယ်လျက်ရှိပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ ကျဆင်းခဲ့သည်။

ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ ကျဆင်းခဲ့ပြီး အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ကျပ် ၈၇၀၀ ဖြင့် ယခင်သီတင်းပတ်နှင့်ဈေးနှုန်းတူ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဖွဲနုပေါင် ၇၀တစ်အိတ်လျှင်ကျပ် ၇၄၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၁၀၀ မြင့်တက်ခဲ့ကာ ဆန်ကွဲ (၁၊၂) ၁၀၈ ပေါင်တစ်အိတ်လျှင်ကျပ် ၁၄၅၀၀ ဖြင့်လည်းကောင်း၊ ဆန်ကွဲ (၂၊၃၊၄) ၁၀၈ ပေါင်တစ်အိတ်လျှင်ကျပ် ၁၃၆၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀ စီမြင့်တက်ခဲ့ကြောင်းသိရှိရသည်။

**မောင်မောင်မြတ်ခိုင်**



## ပြည်ပဲစင်းငုံသစ် အရောင်းသွက်နေ

ယခုလအတွင်း ပြည်ပဲသီနှံဈေးကွက်သို့ဆောင်းပဲစင်းငုံသီးနှံများ အဝင်ဆက်ရှိခဲ့ပြီး တစ်ရက်အိတ် ၃၀၀/၄၀၀ကျော်ထိ အဝင်များလာခဲ့သည်။ ပြည်အနီးတစ်ဝိုက်နှင့် ပန်းတောင်း၊ ကံမမြို့နယ်များမှ ဝင်ရောက်လျက်ရှိရာ ပဲအထွက်လှိုင်လာပြီဖြစ်လို့ ဝင်ရောက်သည့်အိတ်အရေအတွက်လည်း များခဲ့ပြီး ဝယ်လိုအားအနေဖြင့် လှော်လက်သမားရောရန်ကုန်ဝယ်လက်သမားများပါ ဝယ်ယူခဲ့လို့ ယခုတစ်ပတ်ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်သွက်နေသည့် ပဲသီးနှံဖြစ်ခဲ့သည်။

ပဲဈေးနှုန်းမှာတော့တစ်တင်း ကျပ်၁၉၀၀၀ဖြင့် ရောင်းဝယ်နေခဲ့သည့်အတွက် ယခင်နှစ်ထက်ဈေးလျော့နေခဲ့ကြောင်း သိရသည်။ ယခင်နှစ်က ပဲစင်းငုံသစ်ဈေးမှာတစ်တင်း ကျပ် ၂၅၀၀၀ ကျော်ရရှိခဲ့၍ယခုနှစ် ပဲစင်းငုံသီးနှံဈေးအေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## သာယာဝတီမတ်ပဲဈေး အနည်းငယ်ကျဆင်း

ယခုတစ်ပတ်သာယာဝတီဈေးကွက်၌ မတ်ပဲဈေးလှိုင်လှိုင်ပေါ်ပြီဖြစ်သည့်အတွက် ဈေးအနည်းငယ် ကျဆင်းလျက်ရှိသည်။ ယခင်တစ်ပတ်ကပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၃၄၀၀၀ မှ ကျပ် ၃၀၀၀ ကျဆင်းကာတစ်တင်းလျှင် ကျပ် ၃၁၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပဲသစ်များဝင်ရောက်မှုကြောင့် ဈေးကျဆင်းရခြင်းဖြစ်ကြောင်းသိရှိရသည်။

ပဲတီစိမ်းမှာတစ်တင်းလျှင်ကျပ် ၃၅၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေပြီး ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၀ ကျဆင်းခဲ့သည်။ ပဲလွန်းဖြူဈေးမှာ အေးလျက်ရှိကြောင်း သိရှိရသည်။

**ခင်ခင်ထိုက်(သာယာဝတီ)**

## ဒေသထွက်မြေပဲဈေးနှုန်း၊ ဈေးကွက်နှင့် ပဲဆီဈေးနှုန်း

ကယားပြည်နယ် ဒီးမော့ဆိုနှင့်ဖရူဆိုမြို့နယ်များမှထွက်ရှိသောမြေပဲကို ဆီစက်များမှအဆန်တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ၂၆၀၀ ဖြင့် ပေးဝယ်ရလျက်ရှိကြောင်းနှင့် မြေပဲအဆန်(လုံး)၊ မြေပဲအဆန်(ခြမ်း)ခွဲခြား၍ အလုံးသန့်ကို တောင်ငူ၊ မိတ္ထီလာမြို့သို့တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဝန်းကျင်ဖြင့် တင်ပို့ရကြောင်းသိရှိရပြီး အခြမ်း(ကွဲ)ကို ပြည်နယ်တွင်း စားသုံးရန် ဆီကြိတ်ကြောင်း၊ ပဲဆီ(စစ်)တစ်ပိဿာလျှင်ကျပ် ၇၅၀၀ ၊ ကျပ် ၈၀၀၀ ရှိပြီး အချိန်ပိဿာ ၁၀၀ ကြိတ်ခွဲလျှင် ဆီပိဿာ ၄၀ ချိန်ကျော်ထွက်ရှိကြောင်း ဆီစက်ပိုင်ရှင်တစ်ဦးထံမှ သိရှိရသည်။

**အေးအေးမော်(ကယား)**

## ပြည်ဈေးကွက်တွင် နှမ်းဈေးကျဆင်း

ပဲခူးတိုင်းဒေသကြီး (အနောက်)ပြည်ဈေးကွက်တွင် နှမ်းရောင်စုံဈေးများဆက်တိုက် ကျဆင်းလာသည်။ ဝင်ရောက်မှုရှိသော်လည်း အောင်လံနှင့် မန္တလေးဝယ်လက်များက တစ်ခါတစ်ရံအဝယ်ရှိလျှင် အိတ် ၅၀-၁၀၀သာ အဝယ်ရှိသည်။ ဆီစက်သမားက နှမ်းနီကိုတစ်ခါတစ်ရံအဝယ်ရှိလျှင် အိတ် ၄၀-၅၀ လောက်သာအဝယ်ရှိသည်။ ယခုတစ်ပတ်နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၃၀၀၀ နှင့်စမုံနက်နှမ်းတစ်တင်းလျှင်ကျပ် ၆၅၀၀၀ ဖြင့် ယခင်ကထက် ဈေးကျလာသည်။

**ဝေဝေမင်း(ပြည်)**

Vol: 20, No.7 Monday February 17 2020

# ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေများကို အသိပေးကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းအရည်အသွေးမြင့် ထုတ်ကုန်များကို ပြည်ပ ဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းအားဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်အတွက်လည်းကောင်း၊ ပြည်ပဈေးကွက် ပိုမိုရရှိရန်အတွက်လည်းကောင်း၊ ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိရန်အတွက်လည်းကောင်း ရည်ရွယ်၍ နိုင်ငံခြားကုမ္ပဏီများနှင့်နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား ကုန်ပစ္စည်းအုပ်စုခုနစ်မျိုးကို လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များဖြင့် ထုတ်လုပ်သူများထံမှတစ်ဆင့် ဝယ်ယူ၍ ပြည်ပသို့တင်ပို့ခွင့်ပြုကြောင်းကို အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉ ဖြင့် အသိပေးထုတ်ပြန်ခဲ့သည်။

ထိုသို့ ပြည်ပသို့တင်ပို့ခွင့်ပြုခဲ့သည့် ကုန်ပစ္စည်းအုပ်စုခုနစ်မျိုးတွင် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများ ပါဝင်ပြီး အဆိုပါကုန်စည်များကို ပြည်ပသို့တင်ပို့မည့် နိုင်ငံခြားကုမ္ပဏီများနှင့်နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ အနေဖြင့် ရှင်းလင်းစွာသိရှိဆောင်ရွက်နိုင်ရန်အတွက် ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းတို့အတွက်တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်နိုင်သော ထုတ်ကုန်အခြေအနေများကို ပူးတွဲပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံခြားကုမ္ပဏီများနှင့်နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကို ပြည်ပသို့တင်ပို့ခွင့်ပြုသည့် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသော ကောက်ပဲသီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အတွက် တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်နိုင်သော အခြေအနေများ-

| စဉ် | သီးနှံအမျိုးအစား | တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်နိုင်သော အခြေအနေများ |
|---|---|---|
| ၁ | ပဲစင်းငုံ | (က) သန့်စင်ပြီး အခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီး အခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီး အခွံပါအလုံး<br>(ဃ) သန့်စင်ပြီး အခွံပါအခြမ်း<br>(င) အမှုန့်(အစိမ်း/အလှော်)<br>(စ) စည်သွပ်ဘူးဖြင့်ထုပ်ပိုးခြင်း<br>(ဆ) အသင့်စားသုံးရန်ထုပ်ပိုးခြင်း |
| ၂ | ပဲတီစိမ်း | (က) သန့်စင်ပြီး အခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီး အခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီး အခွံပါအလုံး<br>(ဃ) သန့်စင်ပြီး အခွံပါအခြမ်း<br>(င) အမှုန့်ကြိတ်ခြင်း<br>(စ) အသင့်စားသုံးရန်ထုပ်ပိုးခြင်း |
| ၃ | မတ်ပဲ | (က) သန့်စင်ပြီး အခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီး အခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီး အခွံပါအလုံး<br>(ဃ) သန့်စင်ပြီး အခွံပါအခြမ်း<br>(င) အမှုန့်ကြိတ်ခြင်း<br>(စ) စည်သွပ်ဘူးဖြင့်ထုပ်ပိုးခြင်း<br>(ဆ) အသင့်စားသုံးရန်ထုပ်ပိုးခြင်း |
| ၄ | မြေပဲ | (က) မြေပဲဆန်အဖြစ် အသင့်စား သုံးရန် ထုပ်ပိုးခြင်း<br>(ခ) စည်သွပ်ဘူးဖြင့်ထုပ်ပိုးခြင်း |
| ၅ | ထောပတ်ပဲ | (က) သန့်စင်ပြီး အခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီး အခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီး အခွံပါအလုံး<br>(ဃ) သန့်စင်ပြီး အခွံပါအခြမ်း<br>(င) စည်သွပ်ဘူးဖြင့်ထုပ်ပိုးခြင်း |
| ၆ | အခြားပဲအမျိုးအစားများ | (က) သန့်စင်ပြီး အခွံချွတ်(အလုံး)<br>(ခ) သန့်စင်ပြီး အခွံချွတ်(အခြမ်း)<br>(ဂ) သန့်စင်ပြီး အခွံပါအလုံး<br>(ဃ) သန့်စင်ပြီး အခွံပါအခြမ်း<br>(င) အမှုန့်ကြိတ်ခြင်း<br>(စ) အသင့်စားသုံးရန်ထုပ်ပိုးခြင်း |
| ၇ | ပြောင်း<br>(က) အစေ့ထုတ်ပြောင်း | (က) သန့်စင်ပြီးပြောင်းဆန်<br>(ခ) ပြောင်းဖူးကွေကာ<br>(ဂ) ပြောင်းအမှုန့်<br>(ဃ) ပြောင်းအမှုန့်(ကဆီဓာတ်သီး သန့်) အသင့်စားသုံးရန်ထုပ်ပိုးခြင်း |
| | (ခ) နှံစားပြောင်း | တိရစ္ဆာန်စာအဖြစ် ထုပ်ပိုးခြင်း |
| ၈ | နှမ်း | (က) နှမ်းအမှုန့်<br>(ခ) နှမ်းလှော်မှုန့်<br>(ဂ) အခွံချွတ်နှမ်း |

မှတ်ချက်။ ။အထက်ပါ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့မှ တစ်ဆင့် ပြုပြင်ထားသော ထုတ်ကုန်များအပြင် အခြားသော တန်ဖိုးမြင့် ထုတ်ကုန်များ လျှောက်ထားလာပါကလည်း စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။ **ကုန်သွယ်ရေးဦးစီးဌာန**

# စောင့်နေရဦးမယ့် ဖရဲ၊ သခွားဈေးကွက်

မြန်မာနိုင်ငံရဲ့ ဖရဲသခွားအများဆုံးတင်ပို့နေတဲ့မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရဲ့ သစ်သီးဈေးကွက်ဟာ တရုတ်နှစ်သစ်ကူးကာလနောက်ပိုင်း တရုတ်ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရှေ့မတိုးသာဘဲ ရှိနေတာကြောင့် စိုက်ခင်းတွေမှာလှိုင်လှိုင်ပေါ်၍ ဈေးကောင်းရမယ်ကို မျှော်လင့်ထားကြသော်လည်း ဈေးတွေကျပြီး အရှုံးဘက်ကို ဦးတည်နေသလား စိတ်ပူစရာတွေတိုးလာနေတာတွေ့ရပါတယ်။

တကယ်တော့ မြန်မာ့ ဖရဲ၊ သခွားပေါ်ချိန် ယခုလို တတိယရာသီကာလဟာ တစ်ဖက်နိုင်ငံမှ ဝယ်လိုအား အများဆုံးဖြစ်ပြီး ယခင်က မူဆယ်(၁၀၅)မိုင် သစ်သီးကုန်စည်ဒိုင်ကနေ နေ့စဉ် ဖရဲကားဝင်ရောက်တဲ့စီးရေဟာ ၄၀၀ မှ ၅၀၀ကြားနဲ့သခွားကားဝင်ရောက်တဲ့စီးရေဟာလည်း ၁၀၀မှ ၂၅၀ ကြား ရောင်းချနေရတဲ့ကာလများဖြစ်ပေမယ့် ယခုနှစ်မှာတော့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် တစ်ဖက်နိုင်ငံမှာ အရေးပေါ်အခြေအနေတွေ သတ်မှတ်ပြီး သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေ ကန့်သတ်လိုက်တာကြောင့် မြန်မာနိုင်ငံဘက်က တင်ပို့ဖို့တာစူနေတဲ့ ဖရဲ၊သခွားတွေဟာ နှစ်နိုင်ငံနယ်စပ်မှာပဲ တစ်ဆို့နေပြီး ဆက်လက်တင်ပို့မယ့် အရှိန်အဟုန်တွေဟာလည်း တုံ့ဆိုင်းနေတာတွေ့ရသည်။ ဒါကြောင့် ဖရဲစိုက်တောင်သူတွေဟာ တိုးတက်တင်ပို့ရမယ့် အချိန်မှာ အရေးပေါ်အခြေအနေတွေနဲ့ ကြုံတွေ့ခဲ့ရတာမို့ လှော်ကောင်းတုန်းတက်ကျိုးဆိုသလိုဖြစ်ပြီး ဈေးကောင်းရမယ့်အချိန်မှာတုံ့ဆိုင်းသွားတဲ့အခြေအနေတွေဖြစ်ပေါ်ခဲ့ရတယ်။

မူဆယ်(၁၀၅)မိုင်သစ်သီးကွင်းမှ ဖရဲ၊ သခွားများဟာ တရုတ်ပြည်မဈေးကွက်သို့ တင်ပို့လို့မရဘဲ နယ်စပ်(ဝမ်တိန်) သစ်သီးရောင်းဝယ်ရေး အအေးခန်းသိုလှောင်ရုံမှာပဲ ဆုံ့သလောက်သိုလှောင်ထားရှိရတာဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ထိန်းချုပ်နိုင်မည့် ကာလအဖွင့်ကို စောင့်ဆိုင်းနေတယ်ဆိုပေမယ့် အသီးတွေရဲ့ခံနိုင်ရည်ဟာအနည်းဆုံး ၁၀ ရက်မှ ၁၄ ရက်ခန့်ထိ ရှိတာမို့ ဝယ်လက်ကလည်း စွန့်စားမှုနှင့်အတူ ရင်တမမနဲ့ စောင့်ဆိုင်းနေရတာတွေလည်း ဖြစ်နေပါတယ်။ ဒါကြောင့် ဒီလို ဖရဲ၊ သခွားတောင်သူများ ကြုံတွေ့နေရတဲ့ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂ရက်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ကဦးဆောင်၍မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်)တွင် ဖရဲ၊ သခွား ညှိနှိုင်းအစည်းအဝေး တစ်ရပ်ကျင်းပခဲ့ပြီး တရုတ်နိုင်ငံ၏နယ်စပ်ကုန်သွယ်ရေးဈေးကွက်တုံ့ဆိုင်းမှုကြောင့် ဖရဲ၊ သခွား ထုတ်ကုန်များအပေါ် ပြည်တွင်းဈေးကွက် အမြန်ဆုံးရရှိရေး၊ ပြည်ပဈေးကွက်တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးခဲ့ကြပြီး ဖရဲ၊ သခွား ထုတ်လုပ်တင်ပို့မည့် လုပ်ငန်းရှင်များမှ ကုန်စည်သတင်းအချက်အလက်များကိုမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ပေးပို့ကာ စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖရဲ၊ သခွားတောင်သူများ အတွက် ဝိုင်းဝန်းအဖြေရှာဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

တရုတ်ပြည်ဘက်ကလည်း ဖေဖော်ဝါရီ ၉ ရက်နဲ့ ၁၀ ရက်တို့မှာ ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး မျှော်မှန်းထားပေမယ့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးမှာ ၎င်းတို့က ကာကွယ်ထိန်းချုပ်ဆေးဖော်ထုတ် အောင်မြင်နေပြီလို့ ဆိုနေသည့်တိုင် သေဆုံးသူနဲ့ ရောဂါပိုးကူးစက်ခံရသူဦးရေဟာ တစ်နေ့တစ်ခြား တိုးတိုးလာနေတာကြောင့် ယခင်ပုံမှန်ဆောင်ရွက်ဖို့လျာထားတဲ့ရက်တွေကိုဆက်တိုးပြီး ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို ဖေဖော်ဝါရီ ၂၃ ရက်နေ့အထိ မူအရဆိုင်းငံ့ထားလိုက်တဲ့ သတင်းများ ထွက်ပေါ်နေပါတယ်။

ဒါကြောင့် ဖရဲ၊ သခွားစိုက်တောင်သူတွေကလည်း စိုက်ခင်းကစရိတ်တွေ လျှော့နိုင်သမျှလုပ်အားခတွေ ထုတ်နုတ်၊ အသီးထားလို့ ရနိုင်သလောက်ထား၊ ပြည်တွင်းဈေးကွက်မှာ ချရောင်းနိုင်တာလည်းရောင်း၊ ဈေးကွက်ရဲ့အနည်းငယ်သောသိုလှောင်ရုံပို့နိုင်သလောက်လည်းပို့ရင်း တရုတ်နိုင်ငံရဲ့အမြန်ဆုံး ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်နိုင်မှုအခြေအနေနှင့်အတူ ပုံမှန်လမ်းကြောင်း ပွင့်လာမယ့် အခွင့်အလမ်းကိုစိုးထိတ်စွာစောင့်မျှော်ရင်းမိမိတို့ရဲ့ရင်းနှီးစိုက်ထုတ်ငွေပမာဏနဲ့ရရှိလာနိုင်မယ့် အကျိုးအမြတ်ကိုတွက်ချက်နေရကြောင်း တင်ပြလိုက်ရပါတယ်။ **မူဆယ်သား**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄.၂.၂၀၂၀ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT.VL -21 | စားသုံးဆီတန်ချိန် ၄၉၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - PACITA | ကုန်သေတ္တာ ဂ၅၉ တင် ဂ၂ဂ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - ISEACO GENESIS | ကုန်သေတ္တာ ၇၉၂ တင် ၉၄၇ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - CHERRY | ကုန်သေတ္တာ ၆၄၄ တင် ဂ၂၆ ချဆဲ |
| အလုံဆိပ်ကမ်း(၃) | - HAI HA-58 | ဆန်တန်ချိန် ၃၇၅၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - TAN BINH-123 | ပြောင်းဝါတန်ချိန် ၁ဂ၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၃) | - ATLANTIC CLOVER | ပြောင်းတန်ချိန် ၂၀၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - TAY SON-4 | ပြောင်းဝါတန်ချိန် ဂ၀၀၀ တင်ဆဲ |
| Myanmar Integrated PortLimited | - HTK NEPTUNE | Coil (In Bulk) ၂၇၀၀ချဆဲ |
| သီလဝါဆိပ်ကမ်းသစ်(၁) | - YAAN BYE | Steel Bar ၅ဂ၆၇ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | - EUROSKY | Mogas (92 Ron) ၂၇၅၀၀ တန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - YANGTZE BRIGHTNESS | Steel Product&Fertilizer ၁၂ဂ၀၀ တန် ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - OLYMPIA | ကုန်သေတ္တာ ၁၀၄၁ တင် ၃၆ဂ ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - OLYMPIA | ကုန်သေတ္တာ ၁၀၄၁ တင် ၃၆ဂ ချဆဲ |
| MMTM JETTY | - MT. PANGNIU | Diesel+Mogas (92 Ron) ၂၃၀၅၁ တန်ချဆဲ |
| APEX JETTY | - MT. FLY SEAL | Diesel+Mogas (92 Ron) ၉၅၀၀ တန်ချဆဲ |
| REGENCY&DENKO | - MT. YU HAI | Diesel+Mogas (92 Ron) ၉၅၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TUG;BRANITAS1202,BG; SINGA BESAR 21 | Steel Pipe တန်ချိန် ၉၇၅ ချရန် | MALAYSIA | ၁၃.၂.၂၀၂၀ |
| NAUTICAL GEORGIA | ဂျုံတန်ချိန် ၁၁၉၄၆ ချရန် | CANADA | ၁၁.၂.၂၀၂၀ |
| POROSPERITY | ပြောင်းဝါတန်ချိန် ၂၄၀၀၀ တင်ရန် | BINGALARDESH | ၁၃.၂.၂၀၂၀ |
| MODERN LINK | Unite Vehicle(RO/RO) ၉ဂ၄ ချရန် | JAPAN | ၁၅.၂.၂၀၂၀ |
| DIGNITY | Steel ၁၀၀၀၀ တန်ချရန် | IRAN | ၁၅.၂.၂၀၂၀ |
| TUG;BRANITAS1202,BG; SINGA BESAR 21 | Spun Concrete Pipe ၃၆၅၉ တန်ချရန် | MALAYSIA | ၁၆.၂.၂၀၂၀ |
| PINE LEADER | Vehicle& Steel2699 တန်ချရန် | JAPAN | ၁၇.၂.၂၀၂၀ |
| KEN RYU | Iron Slag ၂၃၀၀၀ ချရန် | JAPAN | ၁၈.၂.၂၀၂၀ |
| TRUST STAR | Coal (In Bulk) ၂၇၀၀၀ ချရန် | AUSTRALIA | ၁၈.၂.၂၀၂၀ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၃.၂.၂၀၂၀ |
| MCC KYOTO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၂.၂၀၂၀ |
| KOTA HALUS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၂.၂၀၂၀ |
| ISEACO FORTUNE | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၄.၂.၂၀၂၀ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၂.၂၀၂၀ |
| UNI ARISE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၂.၂၀၂၀ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၂.၂၀၂၀ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၂.၂၀၂၀ |
| ALVAN | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၇.၂.၂၀၂၀ |
| SINAR BANDA | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၇.၂.၂၀၂၀ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၂.၂၀၂၀ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၂.၂၀၂၀ |
| PRESIDIO | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၁.၂.၂၀၂၀ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၂.၂၀၂၀ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၂.၂၀၂၀ |
| GSS YANGON | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၂.၂၀၂၀ |
| ALS SATSUKI | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၃.၂.၂၀၂၀ |
| TOVE MAERSK | SINGAPORE | သီလဝါ/ ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၅.၂.၂၀၂၀ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ROYAL-36 | P.Oil(In Bulk) 5300 တန်ချရန် | - | ၁၂.၂.၂၀၂၀ |
| MT.FLY MARLIN | Diesel Oil 7906 တန်ချရန် | - | ၁၃.၂.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil 16164တန်ချရန် | - | ၁၃.၂.၂၀၂၀ |
| MT.OCEAN MARLIN | MOGAS (92Ron)12000တန်ချရန် | SINGAPORE | ၁၄.၂.၂၀၂၀ |
| MT.BELUGA PACIFIC | Diesel Oil 15000 တန်ချရန် | SINGAPORE | ၁၇.၂.၂၀၂၀ |
| MT.PRIMROSE | P.Oil(In Bulk) 5300 တန်ချရန် | INDONESIA | ၂၀.၂.၂၀၂၀ |
| MT.ANGEL NO-6 | Diesel Oil+MOGAS (92Ron) 26000 တန်ချရန် | SINGAPORE | ၂၀.၂.၂၀၂၀ |
| MT.FLORES PALM | Diesel Oil+MOGAS (92Ron) 26000 တန်ချရန် | SINGAPORE | ၂၀.၂.၂၀၂၀ |
| MT.SK LINE-1 | P.Oil(In Bulk) 5000 တန်ချရန် | INDONESIA | ၂၁.၂.၂၀၂၀ |
| MT.ORCA PACIFIC | Diesel Oil 16000 တန်ချရန် | SINGAPORE | ၂၃.၂.၂၀၂၀ |
| MT.DENKO BRIGHT | Diesel Oil 23000 တန်ချရန် | SINGAPORE | ၂၃.၂.၂၀၂၀ |

ကြက်သွန်

## ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ အလတ်စနှင့် အသေးစများ ဝင်ရောက်မှုများနေ

ပြည်ဈေးကွက်အတွင်းသို့ မကွေးတိုင်း၊ မန္တလေးတိုင်းအတွင်းရှိအောင်လံ၊ တောင်တွင်း၊ စစ်တလင်း၊ ပခုက္ကူ၊ ဆိပ်ဖြူစသည့်နယ်စုံမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင် အိတ် ၅၀၀-၆၀၀ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေသည့်အတွက် ယခင်အပတ်ထက် အိတ် ၂၀၀ခန့် ပိုမိုဝင်ရောက်ကာ အဝင်များလျက်ရှိကြောင်း သိရသည်။ အဝင်ရောက်မှုရှိသော ကြက်သွန်နီများမှာ အလတ်စနှင့် အသေးစများ ပိုမိုဝင်ရောက်လာပြီး ရောင်းဝယ်မှုအနေဖြင့်လည်း ဝင်ရောက်မှု၏ ထက်ဝက်နီးပါး ရောင်းဝယ်မှုဖြစ်ကြောင်း သိရသည်။ ဈေးနှုန်းများအနေနဲ့ ပွဲရုံလက်ကားဈေးတစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၁၈၀၀/၁၇၀၀-၁၆၀၀/၁၄၀၀-၁၃၀၀ နှုန်းတို့ရှိပြီး လက်ကားဈေးအသေးများတွင် (ကြီး/လတ်/သေး) ကျပ် ၂၀၀၀/၁၈၀၀/၁၆၀၀-၁၅၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ(ပြည်)**

## ရေနံချောင်း၌ ကြက်သွန်နီဈေးတက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ကြက်သွန်ဈေးတက်နေကြောင်း တောင်သူများထံမှသိရသည်။"ကြက်သွန်တစ်ပိဿာကျပ် ၁၅၀၀ ကနေကျပ် ၁၃၀၀ အတွင်း ဝယ်ယူနေတယ်။ မြို့ပေါ်လက်လီဈေးကွက်မှာ ကျပ်၁၈၀၀ မှ ကျပ် ၁၅၀၀ အတွင်းရောင်း ရတယ်။ ဝယ်ယူသည့်ပွဲစားလည်းများတယ်"ဟု ရေနံချောင်းမြို့နယ် တောင်သူကိုစိုးသန်းက ပြောသည်။

လက်လီဈေးကွက်တွင် ကြက်သွန်ဥအကြီးသေးကိုမူတည်ပြီး ကျပ်၁၈၀၀၊ ကျပ် ၁၃၀၀ အထိရှိပြီး လက်ကားဈေးထက်အနည်းငယ်ဈေးတက်နေကြောင်း သိရသည်။ရေနံချောင်းမြို့နယ် ဘူးကျွန်းကျေးရွာ၊ ကျမ်းကိုင်ကျွန်းကျေးရွာ၊ မာန်မြေကျေးရွာ၊ ပင်းဝကျေးရွာ၊ ဖောင်းကတောကျေးရွာ၊ ဥသျှစ်ကုန်းကျေးရွာများတွင် ဥစိုက်ကြက်သွန်ကို အဓိကစိုက်ကြကြောင်းသိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပြည်ကြက်သွန်ဖြူ အဝင်နည်းပြီး ဈေးနှုန်းမြင့်နေ



ပြည်ပွဲရုံများသို့ ကြက်သွန်ဖြူဝင်ရောက်မှု အလွန်နည်းလာပြီး ယခုအချိန်သည် ကြက်သွန်စိုက်ရာ ဒေသများတွင် အထွက်လည်း နည်းလာချိန်ဖြစ်ကြောင်းသိရသည်။ ဈေးနှုန်းမှာ ပစ္စည်းရှားချိန်ဖြစ်ခြင်းကြောင့်ဈေးမြင့်တက်လာသည်ကို တွေ့ရသည်။

ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာလျှင် ပွဲရုံဈေး (ရှမ်းစ) ကျပ် ၄၀၀၀-၄၂၀၀ နှင့် (ကြူကုတ်စ)ကျပ် ၃၆၀၀-၃၈၀၀ ဈေးတို့ဖြစ်သည်။ ဒေသတွင်း လက်လီဈေးများတွင် (ရှမ်းစ)ကျပ် ၄၄၀၀နှင့်ကြူကုတ်စကျပ် ၄၀၀၀-၄၂၀၀ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေသည်။ နယ်အဝယ်မရှိဘဲ ဒေသတွင်း အရောင်းအဝယ်သာရှိကြောင်းလည်းသိရသည်။

**နီနီဝင်း(ပြည်)**

## ကယားပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းဝေး ကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာကော်မတီ၏ (၁/၂၀၂၀)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးမော်မော်၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူကာကွယ်ရေးဥပဒေသစ်ကို ၂၀၁၉ မတ် ၁၅ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး စားသုံးသူကာကွယ်ရေးဥပဒေသစ်အရ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)အရ စားသုံးသူကာကွယ်ရေးကိစ္စရပ်များဆောင်ရွက်ရန်၊ စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြားအငြင်းပွားမှုများကိုဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်အတွက် ပြည်နယ်စားသုံးသူရေးရာကော်မတီကို အဖွဲ့ဝင်ကိုးဦးဖြင့် ၁၃-၁၂-၂၀၁၉ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည့်အတွက် ယခုကဲ့သို့ ပထမဆုံးအကြိမ်အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်း စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် စားသုံးသူကာကွယ်ရေးကိစ္စရပ်များကိုအဖွဲ့ဝင်အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်နှင့်ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စားသုံးသူရေးရာကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များနှင့်ရှေ့ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းခြင်း၊ ကော်မတီသို့တင်ပြမည့်အမှာစာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသောအဖွဲ့ဝင်များကလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့ရိ(စားသုံးသူ၊ ကယား)**

နနွင်း

## နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၀၀၀၀ကျော် ဝင်ငွေရ

ဖေဖော်ဝါရီ ၂ရက်မှ ၈ ရက် သီတင်းပတ်အတွင်း နနွင်း ၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ အိန္ဒိယနိုင်ငံသို့တင်ပို့ခဲ့သည်။ ယခင်သီတင်း ပတ်က နနွင်းတစ်တန်ကျော်သာ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် နနွင်း ၂၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

နနွင်းတစ်တန် အမေရိကန်ဒေါ်လာ ၁၂၇၅ ဒေါ်လာရရှိခဲ့သည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၁၈၇၅ ဒေါ်လာဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

ချင်း

## ယခုတစ်ပတ် ချင်းတန်ချိန် ၅၀၀နီးပါးတင်ပို့

ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း ချင်း ၄၇၂ ဒသမ ၅၀ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၈၉ တန်၊ အိန္ဒိယနိုင်ငံသို့ ၁၃ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၁၆၁ တန်နှင့် စင်ကာပူနိုင်ငံသို့ ၁၀၉ ဒသမ ၅၀ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က ချင်း၃၈၉ တန် တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ချင်း ၈၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၁၄၀၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

## ပြည်ချင်း နယ်အဝယ်ရှိသောကြောင့် ဈေးမြင့်တက်လာ

ပြည်ပွဲရုံများသို့ရှမ်းပြည်အောင်ပန်းမှ ချင်းဝင်ရောက်မှု ပုံမှန်ဝင်ရောက်နေပြီး ချင်းတက်များမှာအစိုဓာတ်မရှိဘဲ အရည်အသွေးကောင်းချင်းများဖြစ်သည်။ ရခိုင်ပြည်နယ်တောင်ကုတ်ဘက်မှ အဝယ်ရှိနေပြီး အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ဒေသတွင်း လက်လီသမားများလည်း အရောင်းအဝယ်ကောင်းနေတာကြောင့် ပွဲရုံများတွင်အိတ်ဆွဲများနေသည်။

ယခုတစ်ပတ် ပွဲရုံဈေး တစ်ပိဿာလျှင်ကျပ် ၂၀၀၀-၂၂၀၀ ဈေးဖြင့်အိတ်ဆွဲဈေးဖြစ်သည်။ လက်လီဈေးမှာကျပ် ၂၅၀၀-၂၆၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ ဓားလှီးချင်း(ဖတ်) တစ်ပိဿာလျှင်ကျပ် ၂၅၀၀ ဈေးဖြစ်သည်။

**ဝင်းဝင်းခိုင်(ပြည်)**

မန်ကျည်း



## မန်ကျည်းတင်ပို့မှုလျော့

ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း မန်ကျည်း၂၅ တန်ကို ဗီယက်နမ်နိုင်ငံသို့ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၁၀၀ တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် မန်ကျည်း ၇၅ တန် တင်ပို့ မှုလျော့နည်းခဲ့ကြောင်း သိရသည်။ မန်ကျည်းတစ်တန် အမေရိကန်ဒေါ်လာ ၃၀၀ ဝန်းကျင်ရရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မန်ကျည်းတင်ပို့မှုမှ စုစုပေါင်း အမေရိကန်ဒေလာ ၇၅၀၀ ဒေါ်လာဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း(DOT)**

# မြန်မာ့ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် တွေ့ကြုံရသော အခြေအနေများ

စိန်သံ

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားကုန်သွယ်မှုကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသလို နိုင်ငံတော်အစိုးရပိုင်းကလည်း ထဲထဲဝင်ဝင်ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိနေသည်။

လက်ရှိအစိုးရလက်ထက်၌ကုန်သွယ်ရေးကဏ္ဍများတွင် ယခင်ရှိရင်းစွဲနိုင်ငံများနှင့်ကုန်သွယ်ရေးတိုးမြှင့်မှု၊ အမယ်သစ် ပို့ကုန်များကို တိုးမြှင့်တင်ပို့မှု စသည်တို့အပြင် ကုန်သွယ်မှု နိုင်ငံသစ်များကို တိုးချဲ့ရှာဖွေရင်း ကမ္ဘာ့ဈေးကွက်သို့လည်း မြန်မာ့ထွက်ကုန်များ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းကောင်းများကို စဉ်ဆက်မပြတ် ရှာဖွေလျက်ရှိနေသည်။

ထွက်ကုန်တိုးမြှင့်ရေး ကြိုးပမ်းနေမှုနှင့်အတူ ခိုင်မာသည့် ဈေးကွက်တစ်ခုရရှိရေးကလည်း လွန်စွာမှအရေးကြီးပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာအောင် ကြိုးပမ်းမှုရှိနေသည်။ သို့အတွက်ကြောင့် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို များစွာခေါ်ယူနိုင်ခဲ့ပြီး ဥရောပနိုင်ငံများအပါအဝင် အမေရိကန်ကဲ့သို့ နိုင်ငံမျိုးကပင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

အလားတူ ကုန်သွယ်မှုကဏ္ဍတွင်လည်း ထုတ်ကုန်သစ်၊အမယ်သစ်များကို ဈေးကွက်သစ် ရှာဖွေတင်ပို့နိုင်ခဲ့မှုများရှိခဲ့သည်။ မြန်မာ့ထွက်ကုန်များကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအပြင် ရေလမ်းမှလည်း တင်ပို့မှုများစွာရှိနေသည်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်အရ မတ်ပဲကိုတာ တိုးတက်တင်ပို့ခွင့်ရရှိထားသည်။ သို့အတွက်ကြောင့် မြန်မာ့ပဲစိုက်တောင်သူများအနေဖြင့် ဈေးကောင်းလည်း ရရှိမည်ဖြစ်ခြင်းကြောင့် အထိုက်အသင့် အဆင်ပြေမှုများရှိလာမည်ဖြစ်ပါသည်။

သို့သော် မြန်မာ့ထွက်ကုန်များအတွက် ခိုင်မာသည့်ဈေးကွက်ပုံသေရရှိရန်မှာ ခက်ခဲမှုများလည်း ရှိနေပြန်သည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်ပို့ရေးကိုသာ တိုးမြှင့်ရရှိထားသော်လည်း တစ်ဖက်တွင် တရုတ်နိုင်ငံသို့ တင်ပို့နေသည့်ပို့ကုန်များအတွက် ခက်ခဲမှုများရှိလာခဲ့ရသည်။

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်နိုင်ငံနှင့်အဓိက ကုန်သွယ်နေသည့် မူဆယ် နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းလုနီးပါးဖြစ်နေရပြီး ကဏန်း၊ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်း တင်ပို့မှုများ ရပ်တန့်မှုရှိနေခြင်းကြောင့် ကဏန်းဖမ်းသူများနှင့်အဝယ်ဒိုင်များ အခက်အခဲကြုံတွေ့နေရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောဆိုထားသည်။

ဖေဖော်ဝါရီ ၁၁ ရက်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြုလုပ်သည့် သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ယင်းသို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

"မူဆယ်နယ်စပ်ကုန်သွယ်ရေးကို ရောဂါကာကွယ်တဲ့အနေနဲ့ ပိတ်ထားတာကြောင့် အခု ကဏန်းမွေးမြူသူတွေ အခက်အခဲဖြစ်နေပါတယ်။ အထူးသဖြင့် အဲဒီကဏန်းတွေက တရုတ်ပြည်ကို သွားတာများတယ်။ အခုအနေအထားက ကဏန်းဈေးကွက်ပျက်တော့အခက်အခဲလေးတွေရှိတယ်။ ဖမ်းရင်တော့ ဈေးကျမယ်။ ပြည်တွင်းဈေးကွက်ကလည်း ထင်သလောက် မစားဘူးဆိုတော့ ကဏန်းဖမ်းတဲ့သူတွေအတွက်မကိုက်ဘူး။ နယ်စပ်ဂိတ်တွေ ဖွင့်လိုက်ရင်တော့ အဆင်ပြေတယ်" ဟု ဦးဝင်းကြိုင်က ပြောဆိုခဲ့ခြင်းဖြစ်သည်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အတွက် အဓိက နယ်စပ်ကုန်သွယ်ရေး တံခါးပေါက်ပင်ဖြစ်သည်။ အဆိုပါ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်သည့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို ပြီးခဲ့သည့် ဇန်နဝါရီ ၂၂ရက်မှ စတင်ကာ တာဝန်ရှိသူများက ရောဂါကာကွယ်သည့်အနေဖြင့် ယာယီပိတ်ထားခဲ့သောကြောင့် လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကဏန်းမွေးမြူသူများ အခက်အခဲဖြစ်ပေါ်နေရပြီး တရုတ်နှစ်ကူးတွင် ကဏန်းများအားပို၍တင်ပို့ရန် ရည်ရွယ်ပြီး စုဆောင်းထားသူများအနေဖြင့်လည်း ဈေးကွက်ပျက်ကာ ဈေးနှုန်းကျဆင်းမှုနှင့် ကြုံတွေ့နေရကြောင်း ဦးဝင်းကြိုင်က ထပ်မံပြောဆိုခဲ့သည်။



ယခု ဖြစ်ပွားလျက်ရှိနေသည့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မည်ကို ကမ္ဘာ့ပြည်သူများက စိုးရိမ်နေကြသလို မြန်မာတောင်သူများနှင့် ရေထွက်ကုန်လုပ်သားများ၏ ရွှေရောင်မျှော်လင့်ချက်များကိုလည်း ကိုရိုနာဗိုင်ရပ်စ်က ရိုက်ချိုးပစ်နိုင်ခဲ့သည်။

အဆိုပါ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့မည့် ပို့ကုန်များဖြစ်သည့် ကဏန်း၊ ငါး၊ ပုစွန်၊ ဆန်၊ ပြောင်းနှင့်သကြား စသည့် မြန်မာ့ပို့ကုန်များမှာ ၁၀၀ ရာခိုင်နှုန်းနီးပါး ရပ်ဆိုင်းသွားပြီဖြစ်ကြောင်း သိရှိရပြီး ဖရဲနှင့် သခွားမွှေးတို့မှာမူ အနည်းငယ်သာ တင်ပို့မှုရှိနေကြောင်း မူဆယ်ကုန်စည်ဒိုင်မှထွက်ပေါ်လာသည့်သတင်းများအရ သိရသည်။

"အခုက ငါး၊ ကဏန်းနဲ့ ပုစွန်တို့က အောက်ကလည်း တက်မလာတော့ဘူး။ ဒီမှာရှိတဲ့ ဟာတွေက တချို့ကို လွှင့်ပစ်တဲ့ဟာ လွှင့်ပစ်လိုက်ရပြီ။ လက်ရှိအခြေအနေက အရောင်းအဝယ် လုံးဝရပ်သွားပြီ။ အလုပ်သမားတွေလည်း မရှိတော့ဘူး။ တချို့ဆို အလုပ်မရှိလို့ ပြန်လာကြပြီ။ နောက်တစ်ခုက ဝူဟန်နဲ့ပတ်သက်လို့ ရောဂါဖြစ်လာမှာကြောက်လို့ပြန်ကြတာများတယ်။ရွှေလီမှာဆိုမြန်မာအလုပ်သမားတွေအတော်နည်းသွားပြီ။ မူဆယ်မှာကတော့ ပုံမှန်တော့သွားလာကြပါတယ်"ဟု မူဆယ်ကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးမင်းသိန်းက ပြောဆိုသည်။

လက်ရှိအချိန်တွင် မူဆယ်နယ်စပ်သို့ ကုန်တင်ကားများ ဝင်ရောက်မှုမှာ ယခင်ထက် နည်းပါးသွားပြီး တစ်ရက်လျှင် ကားအစီးရေ ၁၄ စီးမှ အစီး ၂၀ ခန့်အထိသာ ဝင်ရောက်မှုရှိနေကြောင်း သိရသည်။ ကုန်သွယ်မှုအခြေနေသည် ယခင်နှစ်ကာလတူထက် ၉၅ ရာခိုင်နှုန်းခန့် ဆုံးရှုံး၍ငါးရာခိုင်နှုန်းခန့်သာ ကျန်တော့ကြောင်းသိရသည်။

၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၂ သန်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၂ သန်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၂ သန်းနှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉၉ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ တစ်နှစ်ထက်တစ်နှစ် ပြည်ပပို့ကုန်ဝင်ငွေ တိုးတက်ရရှိခဲ့ရာ ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှာ အမြင့်ဆုံး စံချိန်သို့ ရောက်ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၇၂၀ ကျော်အထိပင် ရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။ ထိုကဲ့သို့ မြန်မာ့ရေထွက်ကုန်များကို တင်ပို့နိုင်မှုတွင် တရုတ်နိုင်ငံသို့ ပမာဏ အများဆုံးတင်ပို့နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ မြန်မာ့ထွက်ကုန်များ၏ အဓိကထွက်ပေါက်မှာ တရုတ်နိုင်ငံဖြစ်နေသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှာ ရေထွက်ကုန်ပစ္စည်း အများအပြား တင်ပို့လျက်ရှိရာ မြန်မာနိုင်ငံကလည်း ယင်းနိုင်ငံများနည်းတူ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိနေသည်။ ငါးလုပ်ငန်းရှင်များ ငွေကြေးအရင်းအနှီးရရှိနိုင်ရန်အတွက် အစိုးရအနေဖြင့်လည်း လုပ်ဆောင်ပေးလျက်ရှိကြောင်းသိရပြီး လုပ်ငန်းရှင်များဘက်ကလည်းမိမိလိုအပ်ချက်များကို ဖြည့်ဆည်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ကဏန်းအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ယင်းနောက် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်ကိုလည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များ တင်ပို့မှုတွင် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ခြောက်ဆမှ ရှစ်ဆခန့်အထိ နည်းပါးနေသေးကြောင်း သိရပါသည်။ အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး မြန်မာ့ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းနေချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်နိုင်ငံသို့ တင်ပို့မှုလမ်းကြောင်းက လုံးဝရပ်ဆိုင်းလုနီးပါးဖြစ်နေရသည်။

ထိုကဲ့သို့ အခြေအနေများကြောင့် ကဏန်းအပါအဝင် မြန်မာ့ရေထွက်ကုန်ပစ္စည်းများမှာများစွာ ထိခိုက်နစ်နာမှုများ ရှိလာခဲ့ရသည်။ ပြည်တွင်းဖြုန်းအားကလည်း နည်းနေခြင်းကြောင့် နောက်ဆုံးတွင် ဥရောပနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုသို့ပါ ဈေးကွက်ချဲ့ထွင် ပိုမိုတင်ပို့နိုင်ရေးအတွက် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံက နယ်စပ်ကုန်သွယ်မှုကိုအကန့်အသတ်မရှိရပ်နားထားခြင်းကြောင့် လတ်တလောကာလတွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး ကြုံတွေ့နေရသည့် အခြေအနေများကို ကျော်လွှားနိုင်ရေးအတွက် စဉ်းစားအဖြေရှာကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၁၃၀၀၀၀ နီးပါးဝင်

ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၉၄၉၅၅၈ တန်ဖိုးရှိ ဓာတ်ဆီ ၄၀၃၈၉ ဒသမ ၀၈ တန်နှင့် အမေရိကန်ဒေါ်လာ ၄၉၈၀၆၅၅၄ တန်ဖိုးရှိ ဒီဇယ် ၈၄၅၉၆ ဒသမ ၁၈ တန်၊ စုစုပေါင်း ၁၂၄၉၈၅ ဒသမ ၂၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ်၆၅၈၈၀ ဒသမ ၀၈ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၈၇၁၆ ဒသမ ၁၀တန်ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က ဓာတ်ဆီ၅၃၀၂၂ ဒသမ ၃၇ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၂၆၃၃ ဒသမ ၂၉ တန်တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ယခုတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့သည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၅၉၇၆၈ တန်ဖိုးရှိ ဒီဇယ် ၁၂၈၆ ဒသမ ၇၇ တန်နှင့်အမေရိကန်ဒေါ်လာ ၂၇၆၂၇၆ တန်ဖိုးရှိဓာတ်ဆီ ၅၇၁ ဒသမ ၀၈ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၀၆၆၂၅ တန်ဖိုးရှိဒီဇယ် ၁၅၃၄ ဒသမ ၇၉ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

## တည်ငြင်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိတည်ငြင်းကုန်းလက်ကားဈေးကြီး၌ ဖေဖော်ဝါရီ၃ရက်မှ ၉ ရက်အတွင်း ညောင်တုန်း၊ မော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊မော်လမြိုင်၊ မန္တလေး၊အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ်(ပိဿာ)ကျပ် ၂၇၀ မှ ၈၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ်၅၀၀ မှ ၇၅၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်) ကျပ် ၃၀၀ မှ ၅၀၀ အတွင်း၊ အာလူး (ပိဿာ) ကျပ် ၆၀၀ မှ ၁၀၀၀ အတွင်း၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၂၀၀မှ ၂၅၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၈၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၆၀၀ မှ ၁၂၀၀အတွင်း၊ မုန်ညင်း (ထုပ်)ကျပ် ၁၀၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၁၆၀၀ မှ ၂၂၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) (ပိဿာ)ကျပ် ၃၀၀၀ မှ ၄၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၄၀၀၀၊ချင်း (ပိဿာ)ကျပ် ၂၅၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၀၀၊ ရုံပတီသီး(တောင့်) ကျပ် ၁၀ မှ ၁၅ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၂၀၀ မှ ၃၀၀ အတွင်း၊ ချဉ်ပေါင်ရွက် (စီး)ကျပ် ၇၀ မှ ၈၀ အတွင်း၊ခရမ်းသီး (ရှည်) (လုံး) ကျပ် ၇၀ မှ ၁၂၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၅၀ မှ ၁၅၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၁၀၀မှ ၃၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၆၀၀ မှ ၈၀၀အတွင်း၊ ဖရဲသီး(လုံး)ကျပ် ၁၀၀၀မှ ၄၀၀၀ အတွင်း၊ ဖရဲသီး (လုံး) (ကြီး/လတ်/သေး)ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည်။

ယခုရက်သတ္တပတ်အတွင်း ကြက်သွန်နီ (ဆိပ်ဖြူ)၊ ကြက်သွန်ဖြူ(ရှမ်း)၊ ကြက်သွန်ဖြူ(ကြူကုတ်)၊ ချဉ်ပေါင်ရွက်နှင့်ခရမ်းသီး(ရှည်)တို့မှာ ဈေးအနည်းငယ် တက်နေကြောင်းနှင့် ခရမ်းချဉ်သီး(ထိုင်ဝမ်)နှင့် ဂေါ်ဖီထုပ်တို့မှာ ဈေးအနည်းငယ် ကျနေကြောင်း သိရှိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## Energy NYMEX 14-2-2020

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.46 | 0.04 | 0.08 |
| Brent Crude Futr (USD/bbl) | 56.35 | 0.01 | 0.02 |
| Gasoline Rbob Fut (Cent/gal) | 157.86 | -0.16 | -0.10 |
| Natural Gas Futr (USD/MMBtu) | 1.81 | -0.02 | -0.93 |
| Heating Oil Futr (Cent/gal) | 167.62 | -0.43 | -0.26 |

## အကျဘက်တွင်သာ ဆက်ရှိနေဦးမည့် ပြည်တွင်းငွေလဲနှုန်း

အကျဘက်သို့ ဦးတည်နေသည့် ပြည်တွင်း ငွေလဲနှုန်းဈေးကွက်သည် ပြန်တက်မည့်အရိပ်အယောင် မမြင်သေးဘဲ တအိအိနှင့် ကျဆင်းနေဦးမည်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောဆိုသည်။ လက်ရှိတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဖေဖော်ဝါရီ ၁၃ ရက်အတွက် ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၄၅၀ သတ်မှတ်ထားပြီး ဈေးကွက်အနေအထားအရ အနည်းငယ်ကျဆင်းမှုသာရှိခဲ့ကြောင်း သိရသည်။

'ပြည်တွင်းငွေလဲနှုန်းက ပြန်တက်မယ့်ပုံမမြင်သေးဘူး။ ဘာလို့လဲဆိုတော့ ဈေးကွက်အနေအထားက ပြည်ပရဲ့ငွေကြေးလည်ပတ်မှုကလည်း မရှိသေးဘူး။ ပြီးတော့ ကျတယ်ဆိုတာကလည်း နာမည်အရသာကျနေတာ ဈေးက အကွာကြီးမဟုတ်ဘူး။ ကျလာချိန်ကတည်းက အခုချိန်ထိ ၁၄၀၀ ကျော်မှာပဲ ရှိသေးတယ်။ ဈေးငြိမ်တယ်လို့တောင် ပြောလို့ရတယ်။ ဘာပဲဖြစ်ဖြစ် ဒီအနေအထားက ကုန်သည်အကြိုက်ပဲ' ဟု ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဖေဖော်ဝါရီ ၁၂ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၄၅၁ ကျပ်၊ ဝယ်ဈေး ၁၄၄၇ ကျပ်မှ ဖေဖော်ဝါရီ ၁၃ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၄၄၈ ကျပ်၊ ဝယ်ဈေး ၁၄၄၄ ကျပ်သို့ ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး၁၄၄၆ ကျပ်၊ ဝယ်ဈေး ၁၄၄၂ ကျပ်ရှိ ကာ ယခင်ရက်သတ္တပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ကြောင်း သိရသည်။

**ချောစု**

## အနည်းငယ်လှုပ်ခတ်လာသည့် ရွှေဈေးကွက်

ဖေဖော်ဝါရီလ ပထမပတ်တွင် အနည်းငယ်ကျဆင်းခဲ့သည့် ရွှေဈေးနှုန်းမှာ ယခုအခါ အနည်းငယ်လှုပ်ခတ်လာပြီဖြစ်သည်။ဈေးအနည်းငယ် လှုပ်ခတ်သည်ဆိုရာတွင် ပြီးခဲ့သည့်အပတ်နှင့် ယှဉ်ပါက အနည်းငယ်မြင့်လာသယောင် ရှိသော်လည်း ယခုတစ်ပတ်အတွင်း ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

'ရွှေဈေးကတော့ ဒီရက်ပိုင်းထဲပြန်ကျသွားတယ်။ ပြီးခဲ့တဲ့တစ်ပတ်ထက်တော့ မဆိုသလောက်လေး တက်လာတယ်။ အရောင်းအဝယ်ကလည်း ပုံမှန်လိုပဲဖြစ်နေတယ်။ ဈေးအတက်အကျ ရှိနေပေမယ့် ၁၂ သိန်းအောက်တော့ မဆင်းသေးဘူး။ ထပ်ကျမယ့် အလားအလာရှိသေးတယ်လို့လည်း သုံးသပ်ကြတယ်။ ပြီးခဲ့တဲ့နှစ်ကုန်ခါနီးလို ၁၁ သိန်းကျော်နဲ့ကျမလား၊ ၁၂ သိန်းပတ်ချာလည်မှာ အတက်အကျဖြစ်မလားကတော့ စောင့်ကြည့်ရမယ်။ အခုက အဝယ်သမားတွေကလည်း ဈေးအတက်အကျကိုကြည့်နေလို့ စုမယ့်သူကလည်း ချိန်နေတဲ့အချိန်ဖြစ်နေတယ်။ အထည်အသေးလေးတွေကတော့ အဝယ်ရှိပါတယ်'ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၆၀၀၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင်မူ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၀၅၀၀သို့ မြင့်တက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင်မူ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၇၅၀၀ သို့ ကျဆင်းခဲ့ပြီး ပြီးခဲ့သည့် ရက်သတ္တပတ်နှင့်နှိုင်းယှဉ်ကြည့်ပါက ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်မူ ဖေဖော်ဝါရီ ၁၂ ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၆၆ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၅၇၅ ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၇၆ ဈေးရှိခဲ့ကြောင်းသိရသည်။ **ချောစု**

## စတော့အိတ်ချိန်းစာရင်းဝင်ခြင်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ခြင်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို လာမည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကို ကုမ္ပဏီများ Fund မြှင့်တင်နိုင်စေရန်၊ စတော့အိတ်ချိန်းတွင် စာရင်းဝင်ခြင်းလုပ်ငန်းစဉ်များ အဆင်ပြေစေရန်၊ IPO လုပ်ငန်းစဉ်များ အောင်မြင်စေရန် ရည်ရွယ်၍ လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် IPOဖြင့် စတော့အိပ်ချိန်းတွင် စာရင်းဝင်လာသော TMH Telecom Public Co.,Ltd. မှ Compliance Officer ဒေါ်ဖြူဇင်ဦး၊ AYA Trust Securities Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ် Jasmine သဇင်အောင်နှင့် ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက Road to Success IPO နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း ၀၁-၃၇၁၂၇၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ချောစု**

## Currency Exchange Rate

February 14, 2020
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.48 |
| BDT | Bangladesh Taka | 84.96 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.98 |
| EUR | Euro | 0.92 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 71.34 |
| I DR | Indonesia Rupiahs | 13706.01 |
| JPY | Japan Yen | 109.76 |
| MYR | Malaysia | 4.14 |
| PKR | Pakistan Rupees | 154.15 |
| PHP | Philippines Pesos | 50.54 |
| RUB | Russia Rubles | 63.48 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1182.29 |
| LKR | Sri Lanka Rupe | 181.40 |
| THB | Thailand Baht | 31.17 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 23227.22 |

*Source:xe.com*

## World Gold Price

February- 2020 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 10 | 1574 | 1573 | 1573 |
| 11 | 1571 | 1570 | 1570 |
| 12 | 1576 | 1575 | 1574 |
| 13 | 1579 | 1577 | 1578 |
| 14 | 1580 | 1577 | 1579 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 10-2.-2020 | 1219.00 | 1219.00 |
| 11-2-2020 | 1223.00 | 1221.40 |
| 12-2- 2020 | 1217.00 | 1217.00 |
| 13-2- 2020 | 1219.50 | 1219.50 |
| 14-2- 2020 | 1218.50 | 1218.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၂၀ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 10 | 6.99 | 31.29 | 84.96 | 71.36 |
| 11 | 6.97 | 31.18 | 84.97 | 71.24 |
| 12 | 6.98 | 31.13 | 84.95 | 71.38 |
| 13 | 6.98 | 31.18 | 84.95 | 71.47 |
| 14 | 6.98 | 31.17 | 84.96 | 71.34 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 10- February | 17.70 | 2177.99 | 1690.47 | 5684.56 | 971.00 |
| 11-February | 17.77 | 2174.47 | 1690.47 | 5725.99 | 963.00 |
| 12-February | 17.59 | 2146.03 | 1690.47 | 5712.99 | 964.00 |
| 13-February | 17.61 | 2157.50 | 1690.47 | 5731.50 | 965.00 |
| 14-February | 17.66 | 2166.53 | 1723.53 | 5745.61 | 970.00 |

ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေအဝင်ပို

ဖေဖော်ဝါရီ ၂ ရက် မှ ၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၈၄၂၈၅ တန်ဖိုးရှိ ဘိလပ်မြေ ၂၆၂၈၁ ဒသမ ၄၀၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ ၁၂၅ တန်၊ မလေးရှားနိုင်ငံမှ ၅၁ ဒသမ ၈၄တန်နှင့်အင်ဒိုနီးရှားနိုင်ငံမှ ၂၆၁၀၄ ဒသမ ၅၆၄ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေ၇၅ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၆၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက် မှ ၇ ရက်အတွင်း နယ်စပ်လမ်းမှဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၇၁၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၃၈၄၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၁၃၁၂၀ ကျော် အဝင်လျော့ခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် ရေကြောင်းလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့သည်။



# မော်လမြိုင်ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

မော်လမြိုင်ဘိလပ်မြေဈေးကွက်၌ အရောင်းပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ်မှာဆင်မြန်မာက ကျပ် ၃၀၀၊ ကြံ့နှစ်ကောင်(နီ)ကကျပ် ၁၅၀ ဈေးမြင့်ပြီး ကြံ့(ပြာ)က ကျပ် ၂၀၀ ဈေးမြင့်လာကြောင်း သိရသည်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ဆင်မြန်မာကျပ် ၅၉၅၀၊ ကြံ့တစ်ကောင် (မြန်မာ) ကျပ် ၅၇၅၀၊ ကြံ့နှစ်ကောင် (နီ) ကျပ်၅၈၅၀၊ ကြံ့နှစ်ကောင် (ပြာ) ကျပ် ၅၆၅၀၊ မြင်းခေါင်း ကျပ် ၅၆၅၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ်မှာ အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း)ကျပ် ၈၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီကျပ် ၄၆၀၀၊ ကမ္ဘောဇကျပ်၄၅၀၀၊ ကြံ့ကျပ်၅၁၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀၊ နဂါးကျပ် ၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ပွင့်လင်းရာသီကြောင့် အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင်ကျပ် ၅၄၀၀၊ အယ်လ်ဖာကျပ် ၄၈၀၀၊ ခရောင်း(၅၂၅) ကျပ် ၅၂၀၀၊ ခရောင်း (၄၂၅)ကျပ် ၄၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအလုပ်ပါးနေသောကြောင့် အရောင်းအဝယ်ပါးပြီး ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၀၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၀၀၀၊ ကမ္ဘောဇကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၀၀၀၊ အယ်လ်ဖာကျပ် ၅၉၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာတန်ချိန် ၁၅၀၀၀ကျော်ဝင်

ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၈၆၂၀၀ တန်ဖိုးရှိမြေသြဇာ ၁၅၄၇၅ ဒသမ ၂၅၇ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ကနေဒါနိုင်ငံမှတန်ချိန် ၆၀၀၊ တရုတ်နိုင်ငံမှ ၂၈၄၅ ဒသမ ၆၂ တန်၊ အီဂျစ်နိုင်ငံမှ ၃၉၁ ဒသမ ၅၇ တန်၊ ဂျာမနီနိုင်ငံမှ ၉၇၂ တန်၊ အီရန်နိုင်ငံမှ ၉၆၇ ဒသမ ၅၀ တန်၊ အိုင်ယာလန်နိုင်ငံမှ သုညဒသမ ၀၁၇၅ တန်၊ အစ္စရေးနိုင်ငံ မှ ၄၈ တန်၊ ကိုရီးယားနိုင်ငံမှ ၉၀၉ဒသမ ၁၉ တန်၊ မလေးရှားနိုင်ငံမှ ၁၅၅၅တန်၊ ရုရှားနိုင်ငံမှ ၁၀၉၂ တန်၊ ထိုင်း နိုင်ငံမှ ၁၀၅၂ ဒသမ ၃၆တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ၄၅၄၂ တန်နှင့် ဗီယက်နမ်နိုင်ငံမှတန်ချိန် ၅၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ ယူရီးယား (၄၆%)(အီးဂဲလ်)၊ပေါင်းသတ်ဆေး၊ အမိုးနီးယားကလိုရိုဒ်(**Greater Than**)၊ ကွန်ပေါင်း၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ဖလော်ရာ၊ ကွန်ပေါင်း(၁၆း၁၆း၁၆)၊ ယူရီးယား(နေလုံးနီ)နှင့်ကွန်ပေါင်း(အာမို)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၃၄၄၀ ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၀၃၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

# တောင်ကြီးမြေသြဇာဈေးကွက် အရောင်းပါး

ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ ၄၁၇၀ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန် ၅၀၁၀ ကျော်ရှိ ခဲ့ခြင်းကြောင့်ယခုတစ်ပတ်တွင် တန်ချိန် ၈၃၀ ကျော် အဝင်လျော့ခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့်မော်လမြိုင်မှာ အရောင်းပုံမှန်ရှိပြီး မကွေး၊ တောင်ကြီးနှင့်မန္တလေးမှာ အရောင်းပါးကြောင်းသိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခု တစ်ပတ် ပုလဲ-ပန်းဖူး(တရုတ်)ကကျပ်၅၀၀ဈေးကျပြီးကျန်မြေသြဇာများက ယခင်ဈေးအတိုင်းအရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မေဖုန်း-ပုလဲ(အလုံးလတ်) ကျပ် ၂၆၇၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၂၆၂၀၀၊ တီစူပါ ၂၀%(တရုတ်)ကျပ် ၁၄၅၀၀၊ ပိုးသတ်ဆေးကျပ်၂၂၀၀၊ တီစူပါ ၁၅ပတ်လည်(တရုတ်)ကျပ် ၃၉၇၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ် ၁၇၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၆၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၈၅၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၅၀၀၀၊ မြွားကမ္ဘာ ကျပ် ၁၇၅၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၂၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**မော်လမြိုင်ဈေးကွက်၌** ပုံမှန်အရောင်းရှိကြောင်းသိရသည်။ ယခုတစ်ပတ် ပုလဲ-မြန်မာ(အမ်ပီအီး)အစားနဂါး(တရုတ်)ဝင်လာပြီး တီစူပါ (၄၆%)(သံကွင်း-တရုတ်)က ကျပ် ၂၅၀၀၊ ပုလဲ-အကြီးက ကျပ် ၁၀၀၀ ဈေး ကျကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ပုလဲ-အကြီး(ထိုင်း)မြင်းပျံ ကျပ် ၂၉၀၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး)ကျပ် ၂၈၅၀၀၊ ကွန်ပေါင်း(အစိမ်း) (၁၅း၁၅း၁၅) (ထိုင်း) ကျပ် ၄၄၀၀၀၊ မြန်မာ့သြဘာ(ရွှေကောမတ်)ကျပ် ၃၉၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်)ကျပ် ၂၈၀၀၀၊ ပိုတက်(အာမို) ကျပ်၃၂၀၀၀၊ တီစူပါ (၁၂း၁၃)(မြွားကမ္ဘာ) ကျပ် ၁၃၅၀၀၊ ကွန်ပေါင်း (၄၆%) (စံပြ)ကျပ် ၄၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး)နှင့်(ရွှေတောင်)က ကျပ် ၂၀၀ ဈေးမြင့်ပြီး ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ်၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ်၁၇၈၀၀၊အာမို၁၅း၁၅း၁၅ ကျပ် ၃၉၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၀၀၀၊အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)ကျပ်၂၆၇၀၀၊အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၂၂၅၀၀၊ တီစူပါက ကျပ် ၂၅၅၀၀၊ ဇာမနီကျပ် ၂၁၅၀၀၊ တောင်သူမ ကျပ် ၁၉၀၀၀၊ တက်တိုး ကျပ် ၂၃၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၃၆၄၀ တန်ဖိုးရှိ နို့ဆီ ၄၃ ဒသမ ၇၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မာရီဂိုးနို့ဆီတစ်မျိုးတည်းသာတင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၈၉၀ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၈၅၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၂၅၆၉၀၀ တန်ဖိုးရှိ နို့မှုန့် ၁၁၉ ဒသမ ၆၀ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ်ဘယ်လ်ဂျီယမ်နိုင်ငံမှ ၄၄ တန်နှင့် နယူးဇီလန်နိုင်ငံ မှ ၇၅ ဒသမ ၆၀ တန်တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၁၈တန်ကျော် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၁၀၀ ကျော်ပိုမို တင်သွင်းခဲ့ကြောင်းသိရသည်။

ထို့ကြောင့် ယခုတစ်ပတ် နို့ဆီအဝင်လျော့ခဲ့ပြီး နို့မှုန့်အဝင်ပိုခဲ့သည်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၂ မှ ၇/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၁ မှ ၃၁/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | - | - | - |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | - | - | - |
| ၅။ | တာချီလိတ် | ၄၉၆၅·၀၀ | ၉၉၀၀·၀၀ | (-) ၄၉၃၅·၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | ၂၉၅၀·၀၀ | ၈၂၄၀·၀၀ | (-) ၅၂၉၀·၀၀ |
| ၈။ | မြိတ် | ၂၈၀၀·၀၀ | ၅၇၀၀·၀၀ | (-) ၂၉၀၀·၀၀ |
| ၉။ | တမူး | - | - | - |
| | စုစုပေါင်း | ၁၀၇၁၅·၀၀ | ၂၃၈၄၀·၀၀ | (-) ၁၃၁၂၅·၀၀ |

အေးအေးသန့်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁/၂ မှ ၇/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၁ မှ ၃၁/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၆၇·၅၀ | ၄၀၀၂·၅၀ | (-) ၂၁၃၅·၀၀ |
| ၂။ | လွယ်ဂျယ် | ၁၀၉၅·၇၀ | - | (+) ၁၀၉၅·၇၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၈၉·၅၀ | ၁၀၁၂·၂၀ | (+) ၁၇၇·၃၀ |
| ၄။ | ကန်ပိုက်တီ | - | - | - |
| ၅။ | မြဝတီ | - | - | - |
| ၆။ | ကော့သောင်း | ၂၂·၇၉ | - | (+) ၂၂·၇၉ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | - | - | - |
| ၉။ | တမူး | - | - | - |
| | စုစုပေါင်း | ၄၁၇၅·၄၉ | ၅၀၁၄·၇၀ | (-) ၈၃၉·၂၁ |

ခင်မိုးသူ

# ဒုတိယဝန်ကြီး ဦးအောင်ထူး ကိုရိုနာပိုင်းရပ်စ် အသိပညာပေးဟောပြောပွဲသို့ တက်ရောက် ဗန်ကောက်အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် ၂၀၁၉ ခုနှစ် Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် တရုတ်နိုင်ငံမှ Coronavirus ပျံ့နှံ့လာမှုကြောင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်နေသော မိမိတို့နိုင်ငံအပါအဝင် ကုန်သွယ်ဘက်နိုင်ငံ အသီးသီးတွင်လည်း ကုန်သွယ်မှုတွင်ထိခိုက်မှုများရှိနေပြီး ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်လျက်ရှိကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ကျန်းမာရေးအထောက်အကူဖြစ်သည့် နှာခေါင်းစည်းများ၊ အကာအကွယ်ဝတ်စုံများ၊ လက်ဆေးဆပ်ပြာရည်များ ဖြန့်ဝေပေးထားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားသည့် အချက်များနှင့် စည်းကမ်းချက်များကို လိုက်နာကြရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်းနှင့် ရောဂါပိုး မကူးစက်မပြန့်ပွားအောင် အလေးထားဆောင်ရွက်ရန် လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ၂၀၁၉ Novel Coronavirus ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှု အခြေအနေ၊ ကာကွယ်လိုက်နာရန် အချက်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

မွန်းလွဲ ၂ နာရီတွင် ဒုတိယဝန်ကြီးသည် ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်နိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Ms. Rashan Yesbulatova အား ဝန်ကြီးရုံး ဧည့်ခန်းမ(၂)၌ လက်ခံတွေ့ဆုံ ခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာဇက်စတန်နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်နိုင်မည့် အလားအလာများ၊ သရက်သီးနှင့် အခြားသစ်သီးဝလံများ အပါအဝင် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းများအား ကာဇက်စတန်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်တင်ပို့ရောင်းချနိုင်မည့် ထုတ်ကုန်များ ဖော်ထုတ်သွားနိုင်ရေးအတွက် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပြီး စီးပွားရေးဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ Business Matching များ ပြုလုပ်သွားနိုင်ရေးနှင့် ကုန်စည်ပြပွဲများ အပြန်အလှန်ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၃) မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ . . . မှအဆက်

တိုင်ကြားမှုများအပေါ် ဖြေရှင်းပေးမှုများ၊ အသိပညာပေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်ပြီး မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများကိုလည်း ညှိနှိုင်းချမှတ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မရှင်ပုံမှန်အစည်းအဝေးကိုကျင်းပရာ စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လက်ခံရရှိထားသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ယှဉ်ပြိုင်မှုကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးက ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များမှ ဖြည့်စွက်ဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## စာမျက်နှာ (၃) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့၏ . . . မှအဆက်

လျှော့ပတ်ရန်ပုံငွေမှ မည်မျှသုံးစွဲ၍ မည်မျှပိုလျှံကြောင်းကို ဆွေးနွေးကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စပါးဝယ်ယူပေးရန်လိုအပ်သည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်ဝယ်ယူပေးနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များ အနေဖြင့် နွေစပါးဝယ်ယူရေး စီမံချက်နှင့်ပတ်သက်၍ လည်းကောင်း၊ သိုလှောင်ရုံ ငှားရမ်းခြင်းနှင့် ဆန်အာမခံထားရှိခြင်းနှင့်ပတ်သက်၍ တင်ဒါစနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ဘဏ္ဍာငွေ မဆုံးရှုံးစေရေးအတွက် ဝယ်ယူရေးလုပ်ငန်းများကိုလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်နှင့် တိုင်းဒေသကြီး/ ပြည်နယ် စပါးဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များက လက်ရှိစပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များနှင့် ဝယ်ယူရေး အစီအစဉ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ အသင်း အဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးမည့်အစီအမံများနှင့်ပတ်သက်၍လည်းကောင်း ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးမှ နွေစပါးများ ထွက်ပေါ်ချိန်တွင် ဒေသပေါက်ဈေးသည် အခြေခံစပါးဈေးနှုန်း တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းနှုန်းအောက်ရောက်ရှိနေပါက ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**MOC(IR)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၄-၂-၂၀၂၀)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၀၀၀ | ၆၈၀၀ | ▽ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| ရန်ကုန် | ၈၅၀၀ | ၈၅၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| မန္တလေး | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |
| ပဲခူး | ၆၈၀၀ | ၆၈၀၀ | □ | ၆၈၀၀ | ၆၈၀၀ | □ | ၂၁၀၀ | ၂၀၀၀ | ▽ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၁၃၀ | ၁၉၈၀ | ▽ |
| မုံရွာ | ၆၅၀၀ | ၆၅၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၄၀၀ | ၂၄၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၂၂၀၀ | ၂၃၀၀ | △ |




## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၄-၂-၂၀၂၀ US$/Ton

| အမျိုးအစား | ဇန်နဝါရီပဉ္စမပတ် | ဖေဖော်ဝါရီပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၁.၀၀ | ၆၇၉.၀၀ | △ |
| RBD P.Olein | ၆၈၃.၀၀ | ၆၉၃.၀၀ | △ |
| RBD P.Stearin | - | ၇၀၁.၀၀ | - |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၄-၂-၂၀၂၀) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၁၀.၉၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၃၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၅၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၉၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၉၉.၅၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၁.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇ .၁၁ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၈၉၄.၆၆ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၄-၂-၂၀၂၀ နေ့ (CIF ဈေး Cloud Point 8 ˚C Max 725 ဒေါ်လာနှင့် USD ဈေး ၁၄၅၁ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၄-၂-၂၀၂၀ နေ့ ဝယ်ယူပြီးနောက်၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၄၅၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု အခြေအနေ

ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ် လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၇၆၉၅၀ တန်ဖိုးရှိ ငရုတ်သီးခြောက် ၂၈ ဒသမ ၄၄ တန်၊ အမေရိကန်ဒေါ်လာ ၄၂၀၀ တန်ဖိုးရှိ အဝါရောင်ပြောင်းဖူး ၂၉ ဒသမ ၉၄ တန် တင်ပို့နိုင်ခဲ့ပြီး ကုန်ပစ္စည်းတင်ပို့မှုပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၈၁၁၅၀ တင်ပို့နိုင်ခဲ့ကာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ကုန်ပစ္စည်းတင်ပို့မှု ပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၄၉၀၁ ဒသမ ၅ တင်ပို့မှုလျော့နည်းသွားသည်။

ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှတစ်ဆင့် ပြန်လည်တင်သွင်းမှုများမှာ အမေရိကန်ဒေါ်လာ ၁၁၂၂၀ တန်ဖိုးရှိဟင်းချိုမှုန့် ၁၈ ဒသမ ၀၁ တန် ၊ အမေရိကန်ဒေါ်လာ ၉၃၀၀ တန်ဖိုးရှိ ဘာဒီကော်ဖီမစ် သုည ဒသမ ၄၆ တန် ၊ အမေရိကန်ဒေါ်လာ ၁၀၀၀တန်ဖိုးရှိ စိုက်ပျိုးရေးလုပ်ငန်းသုံး ကူဗိုတာအရေအတွက် တစ်ခုတို့ဖြစ်ပြီး ထိုင်းနိုင်ငံမှ စုစုပေါင်းတင်သွင်းမှု ပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၅၂၀ တင်သွင်းခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်မည်ဆိုပါက တင်သွင်းမှု ပမာဏတန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၉၃၀ တင်သွင်းမှုပိုမိုလာကြောင်းမယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရသည်။

ဖေဖော်ဝါရီ ၆ ရက်မှ ၁၃ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက်ဧည့်မထဆန်အိတ် တင်ပို့မှုများမှာ စုစုပေါင်းအိတ် ၂၈၀၀ တန်ချိန်အားဖြင့် ၁၄၀ ဒသမ ၆ တန်ခန့်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တင်ပို့မှုတန်ချိန်အားဖြင့် ၂၈ တန်ခန့် လျော့နည်းသွားသည်။ ဆန်တင်သွင်းမှုအနေဖြင့် ရန်ကုန်မြို့မှ လွိုင်ကော်မြို့မှ အိတ် ၇၂၀၊ မန္တလေးမြို့မှ အိတ်၃၆၀၊ ရွှေဘိုမြို့မှ အိတ် ၁၀၂၀ စုစုပေါင်း ဆန်တင်သွင်းမှုအနေဖြင့်၂၁၀၀ အိတ်တန်ချိန်အားဖြင့် ၁၀၅ ဒသမ ၄၄ တန်တင်သွင်းခဲ့ကြောင်း ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၉၀ ဒသမ ၈၉ တန်လျော့နည်းသွားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ သိရှိရသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့် အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၃၈၈၁၉ အိတ် တန်ချိန်အားဖြင့် ၁၉၀၁ ဒသမ ၆ တန် တင်သွင်းခဲ့ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်မည်ဆိုပါက ပြောင်းတင်ပို့မှုအနေဖြင့် ၁၅၄ ဒသမ ၆ တန်ခန့်တင်သွင်းမှု လျော့နည်းသွားကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းများအရ လေ့လာသိရှိရသည်။

ကယားပြည်နယ်အတွင်းဖြစ်ပေါ်လျက်ရှိသော စပါးဈေးနှုန်းများမှာ ဧည့်မထ(မိုး) စပါးတင် ၁၀၀ လျှင် ကျပ် ၇၄၁၅၀၀ ဈေးပေါက်ကြောင်း အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆန်များမှာ ပေါ်ဆန်း၊ ဧည့်မထ၊ ငစိန်တို့ဖြစ်ပြီး ဆန်အိတ်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၂၀၀၀၊ ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ ဈေးပေါက်ပြီး တစ်ပြည်ဈေးနှုန်းများမှာ ပေါ်ဆန်းဆန်တစ်ပြည်လျှင် ကျပ် ၂၇၀၀၊ ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၆၀၀ ၊ ငစိန်ဆန် တစ်ပြည်လျှင် ကျပ် ၁၁၀၀ ၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၃၈၀ နှုန်းဖြင့် ဈေးပေါက်လျက်ရှိကြောင်း ကုန်သည်/ပွဲစားများထံမှသိရှိရသည်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

# တမူးနယ်စပ်မှ အိန္ဒိယသို့ တစ်ပတ်အတွင်း တင်ပို့နိုင်မှုအခြေအနေ

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁ရက် မှ ၇ ရက်အထိ တမူးနယ်စပ်မှ အိန္ဒိယသို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းအမျိုးအစားများမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် အခြားပစ္စည်းများတင်ပို့ကြောင်းသိရသည်။

လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ စားတော်ပဲ၊ ကုလားပဲ၊ ပြောင်းဖူးစေ့၊ ကွမ်းသီး၊ ငရုတ်ကောင်းနှင့် ကြက်သွန်ဖြူတို့ဖြစ်ပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၆၂၅ရေထွက်ပစ္စည်းများဖြစ်သော် ငါးမျိုးစုံ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၀၇၂၊ စက်မှုကုန်ကြမ်းပစ္စည်းမှာ စီးကရက်၊ သကြားဖြူ၊ သွပ်ပြားလိပ်နှင့် ဘိလပ်မြေတို့ဖြစ်ပြီးတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၃၆၅နှင့် နန့်ဖာလုံဈေးမှ အခြားပစ္စည်းများတန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း သုည ဒသမ ၃၀၃တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းတင်ပို့ခဲ့သည့် ပစ္စည်းများတန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁ ဒသမ ၃၆၅ တင်ပို့ နိုင်ခဲ့သည်။

ယခင်တစ်ပတ်အတွင်း တင်ပို့မှုနိုင်ခဲ့သော ပို့ကုန်စုစုပေါင်းမှာ အမေရိကန် ဒေါ်လာသန်းပေါင်း ၁ ဒသမ ၃၆၆ ဖြစ်ပြီး ယခုတစ်ပတ်အတွင်းမှာ တင်ပို့မှုတန်ဖိုးမှာ အနည်းငယ်သာလျော့နည်းကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ငွေလဲလှယ်မှုနှုန်းမှာ တစ်ရူပီးလျှင် မြန်မာငွေကျပ် (၁၉/၂၀)ခန့်ရှိ ကြောင်းသိရသည်။

**ကြည်ကြည်နွယ်**
**(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**



# မုံရွာကြက်သွန်နီဈေးနှုန်းနှင့်ဈေးကွက်

ယခုတစ်ပတ် မုံရွာမြို့၏ ကြက်သွန်နီဈေးကွက်အခြေအနေမှာ အသွက်ကြီးမဟုတ်ဘဲ ပုံမှန်သာအရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ ပြည်ပတင်ပို့မှုအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုရှိကြောင်းသိရပြီး ပြည်တွင်းရောင်းဝယ်မှုအခြေအနေမှာ မုံရွာပွဲရုံများမှရန်ကုန်၊ မန္တလေး၊ ခန္တီး၊ ဟုမ္မလင်းမြို့များသို့ ပုံမှန်တင်ပို့မှုရှိကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း ပွဲရုံများသို့ ကြက်သွန်နီများဝင်ရောက်မှုမှာ နေ့စဉ် ပိဿာသုံးသောင်းကျော်ဝင်ရောက်မှုရှိပြီး ဈေးအနည်းငယ် မြင့်တက်လာသည်။ ကြက်သွန်နီပေါက်ဈေးနှုန်းမှာ လက်ကားဈေးတစ်ပိဿာ (သေး၊ လတ်၊ ကြီး) ကျပ် ၁၂၀၀၊ ၁၃၀၀၊ ၁၅၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (သေး၊ လတ်၊ ကြီး) ကျပ် ၁၃၀၀၊ ၁၅၀၀၊ ၁၈၀၀ နှုန်းပေါက်လျက်ရှိကြောင်းသိရသည်။

မုံရွာကြက်သွန်ဖြူဈေးကွက်မှာ နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူများ ပိဿာ ၅၀၀၀ ကျော်အဝင်ရှိပြီး ယခုတစ်ပတ်ကြက်သွန်ဖြူတစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀ ၊ (ရှမ်း) ကျပ်၃၈၀၀ နှုန်း၊ လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ်၄၂၀၀၊ (ရှမ်း) ကျပ်၄၀၀၀ နှုန်းဖြင့် ဒေသတွင်းသုံးဝယ်လက်များရှိ၍ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**ကြည်ကြည်နွယ်**
**(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# မုံရွာမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲကြီးကို မုံရွာမြို့ မြို့တော်ခန်းမ၌ ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ ၂၄ရက်အထိကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များကအဓိကကျသော စီမံကိန်းများနှင့်ထုတ်ကုန်များပါဝင်သည့် ပြခန်းပေါင်း ၁၀၀ ခန့်ပါဝင်ပြသမည်ဖြစ်ပြီး ပြပွဲရက်များ၌ စီးပွားရေး စကားဝိုင်းများပါဝင်မည်ဖြစ်သည်။ စီးပွားရေးစကားဝိုင်းတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ခေါင်းစဉ်ဖြင့်ဆွေးနွေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးငန်းရှင်များနှင့် နိုင်ငံခြားသားစီးပွားရေး လုပ်ငန်းရှင်များ၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံချိတ်ဆက်ခြင်းနှင့် ကွင်းဆင်းလေ့လာရေးအစီအစဉ်တို့ ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်ပေးမည့် အစီအစဉ်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ အခြားကဏ္ဍများ စသည့်ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့နောက် ကွင်းဆင်းလေ့လာရေးအစီအစဉ်တွင် ဘုတလင်မြို့နယ်ရှိ ခရီးသွားလုပ်ငန်းနေရာတစ်ခုဖြစ်သော Ever Green Grass Plantation Field by Great Wall Co. Ltd၊ Chindwin Riverside Business Development Project၊စစ်ကိုင်းမြို့ရှိစက်မှုဇုန်၊ငွေထည်ကြေးထည်လုပ်ငန်း စသည့်နေရာများသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်းသိရသည်။

**ကြည်ကြည်နွယ်(ဇေယျာကုန်သွယ်မှုဗဟိုဌာန)**

# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ဖေဖော်ဝါရီ ၈ရက်မှ၁၄ရက်အထိဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာခရမ်းနှင့်တောင်ငူမှဖရဲ(၂၁၁) အကြီးတစ်လုံးကျပ်၁၅၀၀၊ အလတ်ကျပ် ၁၀၀၀၊ အသေး ကျပ်၈၀၀၊ ဖရဲ(၈၅၅) အကြီးတစ်လုံးကျပ် ၃၀၀၀၊ အလတ်ကျပ် ၂၀၀၀၊ အသေး ကျပ် ၁၀၀၀ နှင့်မန္တလေးမှ ဝွေးသီး အကြီးတစ်လုံး ကျပ်၄၀၊ အလတ်ကျပ်၃၀ ၊အသေးကျပ် ၂၀ တို့ရှိကြောင်း သိရသည်။

တိုက်ကြီးမှကျွဲကော (အဖြူ) အလုံးကြီးတစ်လုံး ကျပ် ၁၅၀၀၊ အလုံးလတ်ကျပ် ၁၀၀၀၊ အလုံးသေး ကျပ် ၈၀၀ ဈေး၊ ပြင်ဦးလွင်မှစတော်ဘယ်ရီငါးပိဿာ၅၀ကျပ်သား တစ်ခြင်း အလုံးကြီးကျပ် ၁၈၀၀၀၊အလုံးသေးကျပ် ၁၅၀၀၀၊ပြည်မှ ဆီးသီး(အချဉ်သီး) ၁၃ပြည်တစ်ခြင်း ကျပ် ၆၀၀၀၊ဆီးသီး (အစေ့လွတ်) ရှစ်ပြည်တစ်ခြင်း အလုံးကြီး ကျပ်၆၅၀၀၊အလတ်ကျပ် ၆၀၀၀၊ အသေးကျပ် ၅၅၀၀ ဘုရားကြီး၊ဒိုက်ဦးမှစိမ်းစားဥ အလုံးကြီး တစ်တွဲကျပ်၅၀၀၊ အလတ်ကျပ် ၄၀၀နှင့်တွံ့တေးမှ သခွားမွှေး (သခမသီး) အလုံးကြီး ၁၅လုံးပါတစ်ခြင်း ကျပ် ၁၀၀၀၀၊ အလတ် (၃၀)လုံးပါတစ်ခြင်း ကျပ်၁၀၀၀၀၊ အသေး (၄၅)လုံးပါတစ်ခြင်းကျပ် ၉၀၀၀ ဈေးတို့အသီးသီးရှိကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP)မှ သိရသည်။

**West DOCA(ygn)**

# ဈေးလည်းမြင့် တင်ပို့မှုလည်းပိုသော မတ်ပဲ

ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၂၄၀၇၉ဒသမ ၆၉၃၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၃၁၇၄၇၆ ဒသမ ၂၁ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သောနိုင်ငံများမှာ ၁၆ နိုင်ငံရှိပြီး ဗီယက်နမ်၊ အိန္ဒိယ၊ နီပေါ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ စင်ကာပူ၊ ဩစတြေး လျနယူးဇီလန်၊ ကာတာ၊ ထိုင်း၊သီရိလင်္ကာ၊ ကနေဒါ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယဖြစ်၍ တန်ချိန် ၂၁၈၁၈ ဒသမ ၇ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၇၄၅၀၀၄၂ ဒသမ ၂၉ ဖြစ်ပြီး အနည်းဆုံးတင်ပို့ခဲ့သော နိုင်ငံမှာ ဩစတြေးလျဖြစ်၍ တန်ချိန် ၁၂ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၁၄၃ ဒသမ ၇၅ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ် တင်ပို့မှုမှာ ၇၅၇၂ ဒသမ ၄၅၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၈၆၂၇၉၀ ဒသမ ၇၇ ဖြစ်သောကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၆၅၀၇ ဒသမ ၂၄၃ ၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၁၃၄၅၄၆၈၅ ဒသမ ၄၄ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တန်ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၇၇၄ ဖြစ်ပြီး ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၈၀၂ ကျော်ရရှိသောကြောင့် ယခုတစ်ပတ်ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၂၈ခန့် ပိုမိုခဲ့ကြောင်းသိရသည်။

**စန်းစန်းမော်(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**



# မကွေးကုန်စည်ဒိုင်၌ နှမ်းဈေးနှုန်းများ ထပ်မံကျဆင်း

မကွေးတိုင်းဒေသကြီးအတွင်း ယခုတစ်ပတ်တွင် နှမ်းမျိုးစုံ ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးနှမ်းများ အရည်အသွေးနှင့်ဝယ်လိုအားကြောင့် နှမ်းဈေးကျသွားသည်။ ယခုတစ်ပတ် ဖေဖော်ဝါရီ ၁၁ရက်တွင် မကွေးကုန်စည်ဒိုင်တွင် နှမ်းနက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၁၉၀၀၀၀၊ ဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၁၄၅၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၃၃၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စကျပ် ၁၂၈၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ် ၁၂၅၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၁၂၂၀၀၀၊ နှမ်းနီ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၁၃၀၀၀၊ နှမ်းညိုကြား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၁၃၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခင်တစ်ပတ် ဖေဖော်ဝါရီ ၄ ရက်နှင့်နှိုင်းယှဉ်ပါက နှမ်းများ အရည်အသွေးနှင့် ဝယ်လိုအားကြောင့် နှမ်းဈေးများ ကျဆင်းသွားရာ နှမ်းနက်(စမုံ) ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စ ကျပ် ၁၀၀၀၀၊ ဂွနက်/ရိုးရိုး ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အလတ်စကျပ် ၃၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းဝင်တစ်အိတ်လျှင် ထိပ်စကျပ် ၂၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာသုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ် ၂၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ထိပ်စ ကျပ်၅၀၀၀၊ နှမ်းဖြူ ရေသွင်း ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် အောက်စ ကျပ်၃၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၊ နှမ်းညိုကြား ၄၅ ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀ စီဈေးကျကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရှိရသည်။

**လှမိုးခိုင်**
**(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# မကွေးကုန်စည်ဒိုင်၌ ကုလားပဲဈေးပြန်ကျ

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံတို့အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မကွေးကုန်စည်ဒိုင်၌ ဖေဖော်ဝါရီ ၁၁ရက်တွင် ကုလားပဲဝယ်လိုအားကြောင့် ဈေးကျကာ ကုလားပဲ(929) ၁၉ ပိဿာ တစ်တင်းလျှင် ကျပ် ၂၆၀၀၀၊ ကုလားပဲ (HL) ၁၉ ပိဿာတစ်တင်းလျှင် ကျပ် ၂၆၅၀၀ နှုန်းဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခင်တစ်ပတ် ဖေဖော်ဝါရီ ၄ ရက်တွင် ကုလားပဲ(929)၁၉ ပိဿာ တစ်တင်းလျှင်ကျပ် ၂၇၈၀၀၊ ကုလားပဲ (HL) ၁၉ပိဿာတစ်တင်းလျှင် ကျပ် ၂၇၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

**လှမိုးခိုင်(ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# ကချင်ပြည်နယ်၏ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နှင့်ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့သော်လည်း တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုများကြောင့် ပြည်နယ်တစ်ခုနှင့်တစ်ခု ဖြတ်သန်းသွားလာခွင့်မပြုသဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့်ယခင်ကထက်လျော့နည်းသွားခဲ့ပြီးကုန်သွယ်မှုလုံးဝရပ်ဆိုင်းသွားခြင်းမရှိဘဲအချို့ကုန်ပစ္စည်းများကုန်သွယ်မှုအနည်းငယ်ရှိကြောင်းသိရှိရသည်။

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၇ရက်အတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ စေ့ထုတ်ပြောင်း၊ ဧည့်မထဆန်၊ ကြံ၊ဖရဲသီး၊ ငရုတ်သီးနှင့် ဆန်ကွဲများတင်ပို့ခဲ့သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည်၉၄၈၉၅၅ ဒသမ၆၄ကန်ဒေါ်လာဖြစ်ပြီးကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ ငွေပမာဏမှာ၅၁၅၀ ဒေါ်လာဖြစ်၍တင်ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာအမေရိကန်ဒေါ်လာ၉၅၄၁၀၅ဒသမ၆၄ ဒေါ်လာတင်ပို့မှုရှိခဲ့သည်။

သွင်းကုန်ပစ္စည်းများမှာ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊လေးဘီးထွန်စက်နှင့်ပလတ်စတစ်တိပ်တို့ဖြစ်သည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှမြန်မာနိုင်ငံသို့တင်သွင်းကုန်၏ ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈၀၆၅၁ ဒသမ၀၄ဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှမြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာအမေရိကန်ဒေါ်လာ၁၉၀၀ဖြစ်၍ တင်သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၂၅၅၁ ဒသမ ၀၄တင်သွင်းမှုရှိခဲ့သည်။

ဖေဖော်ဝါရီ ၇ ရက်အထိ တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၉၈ ယွမ်၊ ဆန်ပျော့တစ်အိတ်လျှင် ၁၀၆ ယွမ်ဈေးနှင့်စေ့ထုတ်ပြောင်းတစ်အိတ်လျှင် ၆၆ ယွမ်ဖြစ်ပြီး မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာမြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုညဒသမ ၄၉၃ ယွမ်ဖြစ်ပြီး တစ်ယွမ်လျှင်မြန်မာကျပ်ငွေ ၂၀၂ ကျပ်ရှိကြောင်းသိရှိရသည်။

**ဌေးလှိုင်(မနော‌မြေကုန်သွယ်မှုဗဟိုဌာန)**

# ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်နေသည့် အောင်ပန်းအာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် အောင်ပန်းမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာဈေးနှုန်းများမှာ အာလူးအောင်ပန်းဆွဲ ကျပ် ၂၀၀၊ အာလူး A1 ကျပ် ၄၀၀၊ အာလူး ဥ ကျပ် ၅၅၀၊ အာလူး S1 ကျပ် ၇၅၀၊ အာလူး S2 ကျပ် ၇၀၀၊ ဈေးနှုန်းအသီးသီးဖြစ်သည်။ အောင်ပန်းအာလူးဈေးများမှာ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်လျက် အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဖေဖော်ဝါရီ ၁၄ ရက်တွင် အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကားအစီးအရေအတွက် ၁၄ စီးခန့်နှင့် တစ်နေ့လျှင် ပျမ်းမျှပိဿာချိန် ၈၄၀၀၀ ပိဿာဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရှိရသည်။

**ရွှေဝါထွန်း(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၃ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ချီလီနိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၁ ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ပါကစ္စတန်၊ ရုရှား၊ ယူကရိန်း၊ ပီရူး၊ တူရကီ၊ ကင်ညာ၊ ဂျော်ဒန်၊ ဇင်ဘာဘွေ၊ ဆူဒန်နှင့် အီရန် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၉ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ နီပေါ၊ တရုတ်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ဂျပန်၊ ကနေဒါ၊ နော်ဝေ၊ ဂျာမနီ၊ ပိုလန်၊ ဂရိ၊ ပြင်သစ်၊ တောင်အာဖရိက၊ အီတလီနှင့် ဒိန်းမတ်စသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၄ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၄ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Tanzania နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၃ ဒသမ ၅၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ တူရကီ၊ အိုမန်၊ ဟန်ဂေရီ၊ ဂျော်ဒန်၊ ကာတာ၊ ကင်ညာ၊ ပီရူး၊ ဇင်ဘာဘွေနှင့် ဆူဒန် စသည့်နိုင်ငံ များအပါအဝင် ၄၃ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ရုရှား၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ နီပေါ၊ ဂျပန်၊ အိန္ဒိယ၊ ယူကရိန်း၊ ပိုလန်၊ ဘရာဇီး၊ စပိန်၊ ပြင်သစ်နှင့် အီတလီ စသည့် နိုင်ငံပေါင်း ၅၉ နိုင်ငံရှိပြီး ယခင် တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် လာအိုနိုင်ငံတွင် ၃ ဒသမ ၁၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၃ ဒသမ ၃၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၆ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၆ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၆၁ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၄ | ၀.၈၈ |

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း



ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၅ ဖြင့် လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၈ ဖြင့် လည်းကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၅၁ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၉ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၁ ဖြင့် လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၃ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၃ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့အရေးယူမှုနှင့် ရင်ဆိုင်နေရသည့် အီရန်နိုင်ငံတွင် ငွေပေးချေရေး အခက်အခဲနှင့် ကြုံတွေ့နေရခြင်းကြောင့် အိန္ဒိယကုန်သည်များအနေဖြင့် အီရန်သို့ ဘာစမာတီဆန်တင်ပို့ရန် အခက်အခဲ ဖြစ်နေခြင်းက အိန္ဒိယနိုင်ငံ၏ စုစုပေါင်းဆန်တင်ပို့မှုပမာဏကို သိသာစွာ ကျဆင်းစေခဲ့ကြောင်း ကုန်သည်များနှင့် အစိုးရသတင်းရင်းမြစ်များထံမှ သိရှိရသည်။ ဆန်သည် အိန္ဒိယနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိမှုအများဆုံးလယ်ယာကုန်စည်ဖြစ်ပြီး ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၅ ဘီလျံခန့် ရရှိခဲ့ သည်ကို တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း ဘဏ္ဍာနှစ်၏ ပထမရှစ်လတာကာလတွင် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့နိုင်မှုသည် နှစ်အလိုက် လေးပုံတစ်ပုံကျော် ကျဆင်းခဲ့ကာ တန်ချိန် ၅ ဒသမ ၅ သန်းသာ ရှိခဲ့ကြောင်း၊ ယခင်နှစ်အလားတူကာလတွင် တန်ချိန် ၇ ဒသမ ၅ သန်း ရှိခဲ့ကြောင်း သိရှိရသည်။ ပို့ကုန်တန်ဖိုးအားဖြင့် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရှိခဲ့ရာမှ ၁၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံသို့ လျော့နည်းလာခဲ့ကြောင်း သိရှိရသည်။

အီရန်သည် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုခံရပြီးနောက် တင်သွင်းထားသည့် ကုန်စည်များအတွက် ငွေပေးချေရေး အခက်အခဲဖြစ်ပေါ်နေသဖြင့် အီရန်ဝယ်လက်များမှာ အိန္ဒိယထံ ဆန်ကြွေးရှူပီးဘီလီယံ ၂၀ (ဒေါ်လာ ၂၈၁ ဒသမ ၄၁ သန်း)အထိ စံချိန်တင်ရှိနေပြီး ၎င်းအခြေအနေတွင် ဆန်တင်ပို့မှု သိသာစွာမြင့်တက်လာဖွယ်မရှိကြောင်း သိရှိရသည်။ ကုန်သည်များမှာ ငွေပေးချေမှုကြန့်ကြာမည်ကိုစိုးရိမ်ကာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အီရန်နှင့် ဆန်စာချုပ်သစ် ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိကြောင်း သိရှိရသည်။ ဆန်ကြွေးကျန်များကို အီရန်ဘက်က ရှင်းလင်းလာအောင် အိန္ဒိယအစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းထားကြောင်း အိန္ဒိယ ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Nathi Ram Gupta က ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယကတင်ပို့ခဲ့သော ဘာစမာတီဆန်တန်ချိန် ၄ ဒသမ ၄ သန်းအနက် အီရန်၏ဝယ်ယူမှုမှာ တန်ချိန် ၁ ဒသမ ၄ သန်း ပါဝင်ခဲ့ပြီး ယခုနှစ်တွင် အီရန်နိုင်ငံသို့ဆန်တင်ပို့မှု လျော့ကျသွားနိုင်ကြောင်း သိရှိရသည်။ အီရန်သို့ ပို့ကုန်လျော့ကျမှုအပြင် ဥရောပသမဂ္ဂ(အီးယူဈေးကွက်)သို့ လည်း ဘာစမာတီမဟုတ်သော ဆန်တင်ပို့မှုမှာကျဆင်းခဲ့ကြောင်း၊ အီးယူ၏အဝယ်လျော့ချမှုမှာ အိန္ဒိယဆန်တွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှု မြင့်မားနေသည့်အချက်ကြောင့်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းတာဝန်ရှိသူများက ပြောကြားကြသည်။ သို့ရာတွင် ဆန်တင်ပို့မှု ဒုတိယအများဆုံး ထိုင်းနိုင်ငံ၏ ဆန်ဈေးမှာ မြင့်မားနေခြင်းကြောင့် အချို့ဝယ်လက်များမှ အိန္ဒိယဆန်ကို ပြောင်းလဲဝယ်ယူလာသဖြင့် ပို့ကုန်ပမာဏ ကျဆင်းသည့်တိုင် အိန္ဒိယဆန်ဈေးမှာ သုံးလနီးပါးအတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။

ဆန်ဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှဇန်နဝါရီလထိ (ယာယီ) စာရင်းများအရ ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုမှ စုစုပေါင်း တန်ချိန် ၁၁၄၄၃၁၁ ဒသမ ၀၄၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၈ ဒသမ ၆၉၁ သန်း ရရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုင်ငံပေါင်း ၇၂ နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၉၈၄၀၉၈ ဒသမ ၂၉၃ တန် တင်ပို့နိုင်ခဲ့ရာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၆ ဒသမ ၅၃၁ သန်းရရှိခဲ့ကြောင်း သိရှိရသည်။

ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်မှုပမာဏ ၁၆၀၂၁၂ ဒသမ ၇၅၀ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၁၆၀ သန်းခန့် ရရှိခဲ့ကြောင်း သိရှိရသည်။ ဆန်နှင့် ဆန်ကွဲတင်ပို့မှု စုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှဖြစ်ပြီး ၁၃ ရာခိုင်နှုန်းမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဆန်ကို တရုတ်၊ Madagascar၊ Guinea၊ ဖိလစ်ပိုင်၊ မလေးရှား၊ မိုဇမ်းဘစ်၊ ကင်မရွန်း၊ COTE D'IVOIRE၊ Burkina FASO၊ ကင်ညာ၊ ပိုလန်နှင့် တိုဂိုနိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၂၀၈ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ မှတ်ဆန် တစ်အိတ်လျှင် ကျပ် ၂၀၁၇၆ မှ ၂၁၂၁၆ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၇ သို့**

Vol: 20, No.7 Monday February 17 2020

# ဈေးကွက်အတွင်းရှိ အချိုမှုန့်များအား အလေးချိန်ဖော်ပြချက် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ် တာဝန်ခံသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်မွေးကူဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်ဆက်ဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့မ စည်ပင်သာယာဈေး စားသုံးသူရေးရာအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့ဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် ရေဦးမြို့မစည်ပင်သာယာဈေးအတွင်း ရောင်းချနေသည့် လက်ကားကုန်စုံဆိုင်လေးဆိုင်သို့ ကွင်းဆင်းကာ ဟင်းခတ် အချိုမှုန့်များအား အလေးချိန်ဖော်ပြချက် ကိုက်ညီမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့် စစ်ဆေးခဲ့သည်။

စားသုံးသူများမှာ အလေးချိန်လျော့နည်းပြီး ဈေးလျော့နည်းသည့် အထုပ်များကို ပိုမိုအသုံးများကြောင်း၊ မိမိတို့မှာ စားသုံးသူ အကြိုက်လိုက်၍ ဝယ်ယူရောင်းချရကြောင်း၊ စားသုံးသူများကိုလည်း အမှန်အတိုင်း ပြောဆိုရောင်းချကြောင်း၊ မန္တလေးမြို့နှင့် မုံရွာမြို့များမှ ဝယ်ယူရောင်းချကြောင်း ဆိုင်ပိုင်ရှင်များက ပြောပြသည်။

စားသုံးသူရေးရာဦးစီးဌာန မြို့နယ် တာဝန်ခံမှ ဆိုင်ပိုင်ရှင်များအား စားသုံးသူများအပေါ် လိမ်လည်ရောင်းချခြင်း မပြုလုပ်ကြရန်နှင့် အမှန်အတိုင်း ပြောဆိုရောင်းချကြရန် သတိပေးပြီး နောက်စားသုံးသူကာကွယ်ရေး ဥပဒေ အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များ ဖော်ပြထားသည့် စာစောင်များအား ဆိုင်ရှင်များထံသို့ ဖြန့်ဝေပညာပေးခဲ့ကြောင်း သိရှိရသည်။

**အောင်ညွန့်(ရေဦး)**



# မွန်ပြည်နယ်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဆောင်ရွက်

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)နှင့် မြန်မာ နိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ (၂/၂၀၁၉) ညွှန်ကြားချက်တို့နှင့်အညီ ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်နိုင်ရန် ပြည်နယ်ဦးစီးမှူးဦးဆောင်၍ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် စီးပွားရေးလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အသိပညာပေးခြင်းကို (၁၁) ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက်အထိ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ရေသန့်လုပ်ငန်းရှင် ၂၀၊ ယိုစုံလုပ်ငန်းနှစ်ခု၊ ငရုပ်ဆီ၊ ပဲငံပြာရည်၊ ရှာလကာရည်လုပ်ငန်း ခြောက်ခု၊ မဆလာလုပ်ငန်းတစ်ခု၊ မုန့်လုပ်ငန်း ခြောက်ခု၊ ကွမ်းစားဆေးအာမွှေးဆီလုပ်ငန်းတစ်ခု၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပိကြော် နှစ်ခု၊ စားအုန်းဆီလုပ်ငန်းတစ်ခု စုစုပေါင်း စီးပွားရေးလုပ်ငန်း ၃၉ ခုတို့အား ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်ပတ်သက်သည့် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)၏ အတည်ပြုချက်ရယူ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မင်းနောင်(မွန်)**

# ဆားတောင်မြို့နယ် အထကနှင့် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးပြီး စားသုံးသူရေးရာအဖွဲ့ငယ်များ ဖွဲ့စည်း

စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်၊ စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်း၊ အကြီးတန်းစာရေး ဦးလင်းထက်နိုင် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီတွင် ဆားတောင်မြို့နယ် အထကကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆားတောင် အထကကျောင်း စားသုံးသူကာကွယ်ရေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကျော်က ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏တာဝန်များ၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ အခန်း (၁၈) ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့် နှစ် မတ် ၁၆ ရက်မှစတင်၍ ကုန်အညွှန်းအမှတ်အသားတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့် တွဲလျက်ဖြစ်စေ ဖော်ပြချက်ရှိမှသာလျှင် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချရ မည်ဖြစ်ကြောင်း စသည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

စစ်ကိုင်းမြို့နယ်တာဝန်ခံ ဦးခင်မောင်ဝင်းက ဟောပြောဆွေးနွေးရာတွင် ကျန်းမာရေး ဝန်ဆောင်မှု၊ ပညာရေး ဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှု စသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လည်းကောင်း၊ အစားအသောက်နှင့် ပတ်သက်၍လည်းကောင်း၊ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံး ဖွင့်လှစ်ထားရှိရာသို့ လာရောက်တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

စားသုံးသူကာကွယ်ရေး ဟောပြောပွဲ အခမ်းအနားပြီးဆုံးပြီးနောက် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ကျော်နှင့် ဝန်ထမ်းများသည် ကျောင်းစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျောင်းမုန့်ဈေး တန်းအား စစ်ဆေးပညာပေး ဆောင်ရွက်ခြင်း၊ စားသုံးသူများ နစ်နာမှုရှိပါက တိုင်ကြားနိုင်ရန် ကျောင်းစားသုံးသူတိုင်ကြားမှု လက်ခံစာတိုက်ပုံး တစ်ပုံးထားရှိဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ယဉ်အောင် (DOCA၊ စစ်ကိုင်း)**

# တန့်ဆည်မြို့နယ်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ စစ်ဆေး



တန့်ဆည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် စားသုံးသူပြည်သူများ ကုန်စည်များအား ဘေးကင်းလုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရေး ရည်ရွယ်၍ ဖေဖော်ဝါရီ ၄ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းပါဝင်သော အဖွဲ့ဝင်ကိုးဦးသည် တန့်ဆည်မြို့နယ်အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင် ခြောက်ဆိုင်သို့ ဈေးကွက်စောင့်ကြည့် စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စံမညီဆေးဝါး ခုနစ်မျိုးအား ရောင်းချခြင်းရှိ/မရှိ ဈေးကွက် စောင့်ကြည့်စစ်ဆေးရာ ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ဆေးဆိုင်များအား စံမညီဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်း မပြုရန် ပညာပေးတားမြစ်ခဲ့ကြောင်း သိရသည်။

**ခင်ထား (တန့်ဆည်)**

# ယင်းမာပင်မြို့နယ်ရှိ မုန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒု-ခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ ယင်းမာပင်မြို့နယ်တာဝန်ခံ ဒေါ်သီတာခိုင်နှင့် ဆားလင်းကြီးမြို့နယ်တာဝန်ခံ ဒေါ်မိုးမိုးမြင့်တို့သည် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိစေရန် ယင်းမာပင်မြို့ (ခ)ရပ်ကွက်ရှိ မုန့်လုပ်ငန်းရှင်များနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

မုန့်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များအား ဒု-ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံများက စားသုံးသူများဘေးအန္တရာယ် ကင်းရှင်းစွာစားသောက်နိုင်ရန်အတွက် ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားများ ဖော်ပြရာ၌ မြန်မာဘာသာဖြင့် ထည့်သွင်းဖော်ပြစေရေးနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ်(၂/၂၀၁၉)အား ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော စီးပွားရေးလုပ်ငန်းရှင်များ အသေးစိတ်ညွှန်ကြားမှုအားသိရှိလိုက်နာစေရေး၊ ၂၀၂၀ မတ် ၁၆ရက်နောက်ပိုင်းတွင် လိုက်နာမှုမရှိဘဲထုတ်လုပ်ဖြန့်ဖြူးခဲ့ပါက စားသုံးသူကာကွယ်ရေး ဥပဒေပုဒ်မ (၇၃) အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**သီတာခိုင် (ယင်းမာပင်)**

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၂၂ | ၂၅.၁.၂၀၂၀ | ၁၂၂၂၀၀၀ | ၁၅၇၂ |
| ၂၃ | ၂၆.၁.၂၀၂၀ | ၁၂၂၂၀၀၀ | ၁၅၇၂ |
| ၂၄ | ၂၇.၁.၂၀၂၀ | ၁၂၂၅၀၀၀ | ၁၅၈၄ |
| ၂၅ | ၂၈.၁.၂၀၂၀ | ၁၂၂၃၅၀၀ | ၁၅၈၀ |
| ၂၆ | ၂၉.၁.၂၀၂၀ | ၁၂၂၁၅၀၀ | ၁၅၇၂ |
| ၂၇ | ၃၀.၁.၂၀၂၀ | ၁၂၂၅၅၀၀ | ၁၅၈၀ |
| ၂၈ | ၃၁.၁.၂၀၂၀ | ၁၂၂၅၀၀၀ | ၁၅၈၁ |
| ၂၉ | ၂.၂.၂၀၂၀ | ၁၂၂၆၀၀၀ | ၁၅၈၉ |
| ၃၀ | ၃.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၇၉ |
| ၃၁ | ၄.၂.၂၀၂၀ | ၁၂၁၄၀၀၀ | ၁၅၇၁ |
| ၃၂ | ၅.၂.၂၀၂၀ | ၁၂၁၃၅၀၀ | ၁၅၅၃ |
| ၃၃ | ၆.၂.၂၀၂၀ | ၁၂၁၆၅၀၀ | ၁၅၆၄ |
| ၃၄ | ၇.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၆၇ |
| ၃၅ | ၉.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၇၁ |
| ၃၆ | ၁၀.၂.၂၀၂၀ | ၁၂၂၂၀၀၀ | ၁၅၇၅ |
| ၃၇ | ၁၁.၂.၂၀၂၀ | ၁၂၁၈၀၀၀ | ၁၅၆၀ |
| ၃၈ | ၁၂.၂.၂၀၂၀ | ၁၂၁၆၀၀၀ | ၁၅၆၆ |
| ၃၉ | ၁၃.၂.၂၀၂၀ | ၁၂၂၀၅၀၀ | ၁၅၇၅ |

Source: estimate of wono's excnange rate ano go\o price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.30 % ၊ Annual Rate of Inflation 8.81 % ၊ Year on Year Inflation 9.45 % ရှိသည်ကို လေ့လာသိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်သည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၇-၁-၂၀ | ၁၀-၂-၂၀ | ၁၁-၂-၂၀ | ၁၃-၂-၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၄၅၁.၆ | ၁၄၅၀.၇ | ၁၄၅၁.၅ | ၁၄၅၀.၆ | -၀.၀၇ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၂၄၀ | ၃၀.၂၈၀ | ၃၀.၂၄၅ | ၃၀.၁၃၀ | -၀.၃၅ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၈၉ | ၁.၃၈၈ | ၁.၃၈၈ | ၁.၃၈၈ | -၀.၀၇ | ⬇ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၇ | ၄.၁၄၇ | ၄.၁၃၇ | ၄.၁၄၁ | ၀.၁၀ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၃၆၇၅ | ၁၃၆၉၅ | ၁၃၆၇၃ | ၁၃၆၈၀ | ၀.၀၃ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၈၇ | ၆.၉၈၂ | ၆.၉၇၅ | ၆.၉၈၁ | -၀.၀၉ | ⬇ |
| ၇ | Indian Rupee | INR | ၇၁.၃၃၂ | ၇၁.၃၉၆ | ၇၁.၂၇၄ | ၇၁.၄၃၇ | ၀.၁၅ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၉.၉၂၈ | ၁၀၉.၈၀၂ | ၁၀၉.၈၇၁ | ၁၀၉.၇၆၁ | -၀.၁၅ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၉၃ | ၁.၄၉၃ | ၁.၄၉၀ | ၁.၄၈၅ | -၀.၅၄ | ⬇ |
| ၁၀ | Euro | EUR | ၀.၉၁၂ | ၀.၉၁၃ | ၀.၉၁၇ | ၀.၉၁၉ | ၀.၇၇ | ⬆ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၄ | ၀.၇၇၆ | ၀.၇၇၅ | ၀.၇၇၁ | -၀.၃၉ | ⬇ |

Source- Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၅၁ ဒသမ ၆၀ ကျပ်ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၃ ရက်တွင် ၁၄၅၀ ဒသမ ၆၀ ကျပ် ဖြစ်ပေါ်ခဲ့ သည်ကိုတွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၀၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ကိုလေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ် ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဖေဖော်ဝါရီ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၅၅ ကျပ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၅၃ ကျပ်၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၅၄ ကျပ်နှင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၅၃ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၃ ရက် အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၇.၂.၂၀၂၀ | ၁၀.၂.၂၀၂၀ | ၁၁.၂.၂၀၂၀ | ၁၃.၂.၂၀၂၀ |
| ၁ | ရက်(၉၀) | 90 (Raw) | ၂၂၀၀၀ | ၂၂၃၀၀ | ၂၂၃၀၀ | ၂၂၃၀၀ |
| ၂ | သီးထပ် | 90 (Raw) | ၂၁၂၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၃ | ဧည့်မထ | 70(Raw) | ၁၈၇၀၀ | ၁၈၈၀၀ | ၁၈၈၀၀ | ၁၉၂၀၀ |
| ၄ | ဧည့်မထ | 65(Raw) | ၁၈၀၀၀ | ၁၈၃၀၀ | ၁၈၃၀၀ | ၁၈၅၀၀ |
| ၅ | ကရင်မ | 90(Raw) | ၂၀၀၀၀ | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀၇၀၀ |
| ၆ | ကရင်မ | 80(Raw) | ၁၉၃၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၂၀၀၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၅၀၀၊ မုံရွာမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၉၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး ပုသိမ်၊ ပြည်နှင့် မန္တလေးမြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၉၀၀၊ မော်လမြိုင်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၈၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရ သည်။

Trading Economics Website ၏ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၃၁ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း နိုင်ငံတကာဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၃၈-၅၄၇ ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ပါကစ္စတန်၊ တရုတ်၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံများတွင် သကြားဈေးနှုန်းများ အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၃၄၄ ဒေါ်လာဖြစ်ကြောင်းလေ့လာသိရှိရသည်။

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၃၅၆ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၈၅၀ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန် ဒေါ်လာ ၄၉၄ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၃ ဝန်းကျင်ရှိပြီးထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၉ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး နေပြည်တော်၊ မန္တလေး၊ မုံရွာ၊ ကလေး၊ ပြည်၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ နှင့် မကွေး၊ ဘားအံနှင့် ပျဉ်းမနားမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ဒုတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ၂ ဒသမ ၈၅ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။



## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများကို လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ၄၇၂၅ ကျပ်၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ လားရှိုးမြို့တွင် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၄၃၀၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၇၀၀၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၄၀ နှင့် ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၄၄၉၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၅၀၀၊ ဒီဇယ် တစ်ဂါလန်လျှင်ကျပ် ၃၉၀၀ နှင့် ပဲခူးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၄၈၀၊ ဒီဇယ် တစ်ဂါလန် လျှင် ၃၈၅၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ကျပ် ၈၆၀၊ ပရီမီယမ်ဒီဇယ် တစ်လီတာလျှင်ကျပ် ၈၇၀၊ အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၇၇၀၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၈၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# မကွေးတိုင်းဒေသကြီး၌ ရှစ်ခုမြောက် ကုန်စည်ဒိုင် ဖွင့်လှစ်

မကွေးတိုင်းဒေသကြီးအတွင်း ၁၉၉၀ ပြည့်နှစ်မှစတင်၍ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း မကွေးကုန်စည်ဒိုင်အား ဦးစွာဖွင့်လှစ်၍ ကုန်စည်ဒိုင်၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်တွင် ဖွင့်လှစ်ခဲ့သော တောင်တွင်းကြီးမြို့ တောင်တွင်းကြီး ကုန်စည်ဒိုင်အား ရှစ်ခုမြောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။



အဆိုပါ တောင်တွင်းကြီး ကုန်စည်ဒိုင်ဖွင့်ပွဲကို တောင်တွင်းကြီးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းအဆင့် ဌာနဆိုင်ရာများဖြစ်သော မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မိတ်ဖက်ဌာနများ၊ မကွေး၊ အောင်လံ ကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ တောင်တွင်းကြီးမြို့နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အသင်းဝင် စုစုပေါင်း ၁၂၀ တို့ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က လတ်တလော တက်ရောက်လာခဲ့သည့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေး တက်ရောက်ခဲ့မှု အခြေအနေများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အခြေအနေများ၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာရေးခရီး စဉ် သွားရောက်ခဲ့သည့် ဒေသများမှ ဆောင်ရွက်နေမှုများအား မိမိတို့ဒေသတွင် ဆောင်ရွက်သင့်ပါက အတုယူ ဆောင်ရွက်သင့်သည့် အချက်များနှင့် တောင်တွင်းကြီးကုန်စည်ဒိုင်အား ယခုထက် စည်းလုံးညီညွတ်စွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ဝင်းက တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ရာတွင် အမိက မှန်လေးမှန်ရှိသလို ကုန်စည်ဒိုင်များတွင် လိုက်နာရမည့် မှန်လေးမှန်ဖြစ်သည့် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အလေးချိန်မှန်၊ အရောင်းအဝယ်မှန်ဖြစ်ဖို့နှင့် ကုန်စည်ဒိုင် စည်းမျဉ်းစည်းကမ်းများ၊ အသင်းဖွဲ့စည်းမျဉ်းစည်းကမ်း မှတ်တမ်းများ ထားရှိရမည်ဖြစ်ကြောင်းနှင့် အသင်းသားများမှ စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ရေးတို့အား ပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ မိမိတို့နှင့်နီးစပ်သည့် တောင်သူများအား စည်းရုံးချိတ်ဆက်၍ တောင်တွင်းကြီးမြို့တွင် ပေါင်းစည်းလယ်ယာစနစ်များ ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်မည်ဆိုပါက မိမိတို့ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ယခုတောင်တွင်းကြီးကုန်စည်ဒိုင်မှလည်း စဉ်ဆက်မပြတ် တိုးတက်စေရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တောင်တွင်းကြီးကုန်စည်ဒိုင်ရုံးခန်းသစ်အား တက်ရောက်လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဝင်း၊ တောင်တွင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် တောင်တွင်းကြီးကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

**တင်တင်လှ(မကွေး)**






## New Golden Gate (1991)
COMPANY LIMITED
Export & Import

Right Product
Reasonable Price
Reliable Service




No. 57-59, 4th Street, Lanmadaw Township, Yangon. Myanmar.
Tel : 951 2302138, 951 2314373
E.mail : newgoldengate1991@gmail.com
Website : www.agribizmm.com

ရွှေဘိုမင်းသမီး
# PRINCESS
THANAKHA PERFUME
ရှင် မ တောင် သ နပ် ခါး ရေ မွှေး



# DIAMOND EYE CO., LTD.

## CHIT SHWE
Director

ADD : No.Ga/55(A),Aung Thapyay Street,Bayint Naung Pwe Yone Tan,Mayangone Township, Yangon

Tel : 681021 , 09-73122186, 09 -5128729



နံ့သာဖြူဆီ ရနံ့

## WHITE JASMINE CO., LTD.
စံပယ်ဖြူ ကုမ္ပဏီလီမိတက်



သနပ်ခါး ရနံ့

**Distributor Of Fine Fragrances, Essential Oils, Food Essences, Raw Materials & New Packaging Bottles.**


စံပယ်ဖြူ ကုမ္ပဏီလီမိတက်မှ အောက်ပါလုပ်ငန်းများတွင် အသုံးပြုသောရနံ့၊ အမွှေးဆီ၊ နံ့သာဆီနှင့် ကုန်ကြမ်းများကို ပြင်သစ်၊ စင်္ကာပူ နှင့် အိန္ဒိယ နိုင်ငံများမှတစ်ဦးတည်း ကိုယ်စားလှယ်ယူပြီး လက်လီလက္ကားတင်သွင်း ရောင်းချပေးနေပါသည်။

- အမွှေးတိုင်၊ ခြင်ဆေးတိုင်နှင့် ရေမွှေးလုပ်ငန်း
- ရှူဆေးနှင့် ပရုတ်ဆီလုပ်ငန်း
- ရေမွှေးနှင့် အထွေထွေလုပ်ငန်းသုံး ပုလင်းခွံအမျိုးမျိုး
- အစားအသောက်နှင့်ဆေးဝါးလုပ်ငန်း
- အဖျော်ယမကာ၊ ဂျယ်လီနှင့် မုန့်ဖုတ်လုပ်ငန်း
- သနပ်ခါး၊မိတ်ကပ်၊စနီးနှင့်ခေါင်းလျှော်ရည်လုပ်ငန်း

Sale Center (1)
No. 108 (B), 28th Street, Pabedan Township, Yangon.
Ph: 01-8 380 110, 8 370 259, 8 376 207, 8 370 928

Sale Center (2)
No. 498, Thein Phyu Road, Minglar Taung Nyunt T/S , Yangon.
Ph: 01-8 381 365, 8 375 054, 09 - 953 064 800

# သီးနှံမျိုးစေ့များသိုလှောင်ရာ ဂရုပြုလိုက်နာစရာ



အောင်ဆန်း (စိုက်ပျိုးရေး)

သီးနှံမျိုးစေ့ပေါင်းများစွာကို မျိုးစေ့အဖြစ်အသုံးပြုရန်လည်းကောင်း၊ ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ရန်လည်းကောင်း၊ မဖြစ်မနေသိုလှောင်ကြရသည်။ ဤသို့ သိုလှောင်ရာတွင် မျိုးစေ့အဖြစ်သိုလှောင်ပါက စိုက်ပျိုးမည့်ကာလတွင် မူလအရည်အသွေးမကျဆင်းဘဲ အပင်ပေါက်ရာခိုင်နှုန်းကောင်းနေစေရန် ရည်ရွယ်ပါသည်။ ရောင်းဝယ်ဖောက်ကားမှုအတွက် သိုလှောင်ပါက ရောင်းဝယ်ဖောက်ကားမည့်အချိန်တွင် မူလအရည်အသွေး မကျဆင်းရန်သိုလှောင်စဉ်လျော့နည်းမှု အနည်းဆုံးရရှိစေရန် ရည်ရွယ်ပါသည်။

သီးနှံမျိုးစေ့များကို သိုလှောင်ရာတွင် နည်းလမ်းနှစ်ခုဖြင့် သိုလှောင်ကြပါသည်။ သီးနှံမျိုးစေ့၏ မူလရှိခဲ့သော အရည်အသွေးကောင်းကို မကျဆင်း၊ မပျက်စီးစေနိုင်သော ပတ်ဝန်းကျင် အခြေအနေမျိုးတွင် ထားရှိသိုလှောင်ခြင်း၊ သီးနှံမျိုးစေ့၏ အနီးပတ်ဝန်းကျင် (သို့) သိုလှောင်ရုံထဲတွင် သီးနှံမျိုးစေ့၏ မူလအရည်အသွေးကောင်းကို မကျဆင်း၊ မပျက်စီးစေနိုင်သော အလေးချိန်မလျော့စေနိုင်သော အခြေအနေကောင်းများကို ပြုပြင်ဖန်တီးယူ၍ သိုလှောင်ခြင်းပင် ဖြစ်သည်။

သီးနှံမျိုးစေ့များကို စနစ်တကျသိုလှောင်ခြင်းမရှိပါက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရည်အသွေးရော အလေးချိန်ပါ ဆုံးရှုံးမှုမှာ ၂၅-၅၀ ရာခိုင်နှုန်းထိရှိကြောင်း သုတေသနတွေ့ရှိချက်များကဆိုသည်။ သီးနှံမျိုးစေ့များ အရည်အသွေးကျဆင်းခြင်း၊ ပျက်စီးခြင်း ဖြစ်ရသည့် အကြောင်းရင်းများမှာ ရိတ်သိမ်းချိန် မမှန်ကန်သဖြင့် အရည်အသွေးညံ့သော သီးနှံမျိုးစေ့များကို သိုလှောင်ခြင်း၊ အစိုဓာတ်များသော သီးနှံမျိုးစေ့များကို သိုလှောင်ခြင်း၊ စုပုံထားခြင်း၊ သီးနှံမျိုးစေ့များကို ထုပ်ပိုးခြင်း၊ သယ်ယူသိုလှောင်ခြင်းများ ဆောင်ရွက်ရာတွင် ဂရုတစိုက်မသယ်ယူ၊ မထုပ်ပိုးသဖြင့်ဒဏ်ရာရထားသော သီးနှံ မျိုးစေ့များကို သိုလှောင်ခြင်း၊ ပူအိုက်စွတ်စိုပြီး၊ လေဝင်လေထွက် နည်းသောနေရာ၊ သိုလှောင်ရုံများတွင် သိုလှောင်ခြင်း၊ သီးနှံမျိုးစေ့များသိုလှောင်ရန်အတွက် သင့်လျော်သော ပတ်ဝန်းကျင် အခြေအနေရှိသော နေရာ၊ သိုလှောင်ရုံများတွင် သိုလှောင်ခြင်းတို့ကြောင့် ဖြစ်ပေါ်ရသည်။

သီးနှံများကို ရိတ်သိမ်းရာတွင် ရိတ်သိမ်းချိန်မှန်ကန်မှသာ အစိုဓာတ်ပါဝင်မှုနည်းပြီး အရည်အသွေးကောင်းသည့် သီးနှံမျိုးစေ့များကို ရရှိနိုင်သည်။ သီးနှံတိုင်းတွင် မှန်ကန်စွာ ရိတ်သိမ်းရမည့် သတ်မှတ်ချက်များရှိသည်။ သီးနှံမျိုးစေ့ ပြီးပြည့်စုံစွာ ဖွံ့ဖြိုးမှုရရှိပြီး ကောင်းစွာရင့်မှည့်သည့် အဆင်းရှိရန် လိုအပ်သည်။ ရိတ်သိမ်းချိန်မမှန်ပါက ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု ၄-၄၀ ရာခိုင်နှုန်းရှိသည်ဟု သုတေသနက ဆိုထားသည်။

စပါးသည် အနှံထွက်ပြီး ၂၅-၃၀ ရက်တွင် ပြည့်စုံသော ဖွံ့ဖြိုးရင့်မှည့်မှုကို ရရှိသည်။ ၎င်းအချိန်သည် မောင်းညိုချိန်ဖြစ်သည်။ မောင်းညိုချိန်သည် ရိတ်သိမ်းရန် အချိန်မှန်ဖြစ်သည်။ ၎င်းအချိန် ရိတ်သိမ်းပါက ဆန်ထွက် ၆၅ ရာခိုင်နှုန်း ရရှိပြီး၊ ဆန်ကောင်း ၅၅ ရာခိုင်နှုန်းရရှိသည်ဟု ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနက ဆိုထားသည်။ စပါးရိတ်ချိန်တွင် စပါးစေ့အတွင်း အစိုဓာတ် ၂၀-၂၅ ရာခိုင်နှုန်းခန့်ပါလာသည်။ ၎င်းအစိုဓာတ်ကို ရိတ်သိမ်းပြီး တစ်ရက်အတွင်း အစိုဓာတ် ၁၈ ရာခိုင်နှုန်းထိရောက်အောင် အခြောက်လှန်းရမည်။ နှစ်ရက်အတွင်း အစိုဓာတ် ၁၃-၁၄ ရာခိုင်နှုန်းထိ ရောက်အောင် စနစ်တကျ အခြောက်လှန်းရမည်။ သို့မှသာ သိုလှောင်ရာတွင် အကောင်းဆုံးအစိုဓာတ်အခြေအနေကို ရရှိနိုင်မည်ဖြစ်သည်။ အစိုဓာတ် ၈-၉ ရာခိုင်နှုန်းထိ ချ၍သိုလှောင်နိုင်ပါက လေးနှစ်ထိ စိတ်ချစွာ သိုလှောင်နိုင်သည်ဟု သုတေသနကဆိုထားသည်။ စပါးအစိုဓာတ် ၅၀ ရာခိုင်နှုန်းအထက်ရှိပါက အင်းဆက်ပိုးမွှား၊ ရောဂါလှုပ်ရှားမှုများစေပါသည်။ စိုထိုင်းဆ ၃၅ ရာခိုင်နှုန်း အောက်ကျသွားပါက အင်းဆက်ပိုးမွှားရောဂါ လုပ်ရှားမှု လုံးဝ ရပ်ဆိုင်းသွားစေပါသည်။

မြေပဲသီးနှံသည် ဆီပါဝင်သောသီးနှံဖြစ်သဖြင့် ရိတ်သိမ်းဆွတ်ခူးချိန် မှန်ကန်မှသာ အရည်အသွေးကောင်းဖြင့် သိုလှောင်နိုင်မည်ဖြစ်သည်။ မြေပဲတစ်ပင်လုံး၏ အရွက် ၇၅ ရာခိုင်နှုန်း ခြောက်သွေ့ပြီး အရွက်ကျချိန်၊ မြေပဲတောင့်၏ အတွင်းနံရံ မီးခိုးရောင်ရင့်မှသည် အညိုရောင်ပြောင်းလာချိန်၊ မြေပဲတောင့်အတွင်း အညိုရောင် ငါးကြင်းကွက်များပေါ်လာချိန်သည် ရိတ်သိမ်းချိန်မှန်ဖြစ်သည်။ ၎င်းအချိန်သည် ဆီပါဝင်မှု အများဆုံးနှင့် အရည်အသွေးမြင့်မားချိန်ဖြစ်သည်ဟု သုတေသနက ဆိုသည်။

နှမ်းပင် ပင်စည်နှင့်အရွက်များ အစိမ်းရောင်မှ အနီရောင်သန်းသည့် အဝါရောင်သို့ ပြောင်းသွားသည်။ နှမ်းပင်အရွက်အားလုံး၏ ၇၅ ရာခိုင်နှုန်း အဝါရောင်သန်းလာချိန်၊ နှမ်းသီးများ အညိုရောင်ပြောင်းလာချိန်တွင် ရိတ်သိမ်းပါက အရည်အသွေးနှင့်ဆီပါဝင်မှု အမြင့်မားဆုံးပေးစွမ်းနိုင်သည်။

နေကြာပွင့်၏နောက်ကြောဘက်အဝါရောင်မှ အညိုရောင်ပြောင်းလာချိန်၊ အစေ့တွင်းအစိုဓာတ် ၁၀-၁၂ ရာခိုင်နှုန်းရှိလာချိန်တွင် ရိတ်သိမ်းပါက အရည်အသွေးမြင့်နေကြာမျိုးစေ့ကို သိုလှောင်နိုင်သည်။ နေကြာကို နောက်ကျရိတ်သိမ်းပါက အစေ့အတွင်း ဆီဖွဲ့စည်းမှုအပြောင်းအလဲဖြစ်စေပါသည်။ နေကြာအထွက်နှင့် ဆီပါဝင်မှု အမြင့်ဆုံးအချိန်တွင် ဖက်တီးအက်စစ်ပါဝင်မှုမြင့်မားလာစေသည်။

ပဲပုပ်ပင်သည် အရွက်များ၏ ၈၀ ရာခိုင်နှုန်းခြောက်၍ ကြွေကျချိန်၊ အတောင့်၏အရောင်အညိုဖျော့ရောင် (ကောက်ရိုးခြောက်ရောင်) ပြောင်းလာချိန်၊ အစေ့တွင်းအစိုဓာတ် ၉-၁၀ ရာခိုင်နှုန်းရှိလာချိန်သည် ဇီဝကမ္မအရ ပြည့်စုံသော ရင့်မှည့်မှုရရှိလာသဖြင့် အသင့်တော်ဆုံးရိတ်သိမ်းချိန်ဖြစ်ပါသည်။ အရည်အသွေးကောင်းသော သိုလှောင်ရန်ပဲပုပ်စေ့ကို ရရှိနိုင်သည်။

ပဲတီစိမ်း၊ မတ်ပဲပင်များသည် အရွက်များအားလုံး၏ ၇၅ ရာခိုင်နှုန်း ခြောက်သွေ့ကြွေကျချိန်၊ ပဲတောင့်များ ကောင်းစွာခြောက်သွေ့ချိန်၊ ပဲစေ့အတွင်းအစိုဓာတ် ၉-၁၀ ရာခိုင်နှုန်းရှိလာချိန်၊ ဇီဝကမ္မအရ ပဲစေ့များ ကောင်းစွာ ရင့်မှည့်ချိန်တွင် ရိတ်သိမ်းပါက အရောင်တောက်ပပြီး အရည်အသွေးကောင်းသော ပဲစေ့များကို သိုလှောင်နိုင်သည်။ စောရိတ်ပါက အစိုဓာတ်များ၍ မှိုတက်မည်။ လုံးပိန်လုံးညှပ်ပါဝင်မှုများစေမည်ဖြစ်သည်။

သီးနှံမျိုးစေ့များမှာ ပျက်စီးယိုယွင်းသွားပါက ပြန်လည် ပြုပြင်၍မရရှိနိုင်သည်ကို သိုလှောင်မည့်သူများ ကောင်းစွာသိရှိထားရန် လိုသည်။ တစ်ဖန်အရည်အသွေးညံ့သော သီးနှံမျိုးစေ့များကိုလည်း အားဆေးများဖျန်းပေးခြင်း၊ မည်သို့သော ပြုပြင် ဖန်တီးခြင်းမျိုးနှင့် မျှကုစား၍မရနိုင်သည်ကိုလည်း သတိမူကြရန်လိုအပ်သည်။ မူလကနဦး အစကထဲက သီးနှံမျိုးစေ့ကောင်း သိုလှောင်နိုင်ရန် အထူး ဂရုပြုကြိုးပမ်းခဲ့ကြရမည်သာဖြစ်သည်။

အချို့သော မျိုးစေ့များသည် သဘာဝအလျောက် သက်တမ်းရှည်၍ အချို့သီးနှံမျိုးစေ့များမှာ သက်တမ်းတိုကြသည်။ သက်တမ်းကြာရှည်မှုမတူညီသော သီးနှံမျိုးစေ့များကို သိုလှောင်ရုံတစ်ခုတည်းတွင် ပေါင်းစည်းသိုလှောင်ထားမှုကို ရှောင်သင့်ပါသည်။ မြေပဲနှင့် ပဲပုပ်စေ့တို့ကို စပါး၊ ဂျုံ ပြောင်းစေ့များနှင့်အတူ သိုလှောင်ခြင်း မပြုသင့်ပါ။ သီးနှံမျိုးစေ့၏ အရည်အသွေးကို မျိုးစေ့ရင့်မှည့်ရိတ်သိမ်းချိန်တွင် ဖြစ်ပေါ်နေသော ပတ်ဝန်းကျင် ရာသီဥတုအခြေအနေ၊ မိုးရွာခြင်း၊ ရေခဲခြင်း၊ စိုထိုင်းဆလွန်ကဲခြင်း၊ ပူအိုက်ခြင်းစသည်တို့က ပြောင်းလဲစေနိုင်သည်။ မျိုးစေ့၏ရှည်ကြာမှုသက်တမ်းကိုလည်း တိုသွားစေနိုင်ပါသည်။ သီးနှံမျိုးစေ့ကို အပူပေးအခြောက်ခံခြင်း ၊ နေဖြင့် အခြောက်ခံခြင်းနည်းစနစ်များ မမှန်ကန်ပါက သီးနှံမျိုးစေ့၏ အရည်အသွေးကို ထိခိုက်စေပါသည်။

သို့အတွက် သိုလှောင်မှုသက်တမ်းကိုတိုစေပါသည်။ အမျိုးတူသီးနှံမျိုးစေ့များဖြစ်စေကာမူ မသိုလှောင်မီကတည်းက အရည်အသွေးမတူညီပါက အရည်အသွေးကျဆင်းမှုနှုန်း သိသာစွာကွာခြားနေကြောင်း သုတေသနတွေ့ရှိချက်များက ထောက်ပြနေသည်။

သီးနှံမျိုးစေ့များ စနစ်တကျသိုလှောင်မှုသည် မူလအရည်အသွေးကို တိုးမြှင့်အောင် မစွမ်းဆောင်နိုင်သော်လည်း မကျဆင်းအောင် ထိန်းထားနိုင်ပါသည်။ သီးနှံမျိုးစေ့များကို လယ်ကွင်းမှအစ ရိတ်သိမ်းခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ ကိုင်တွယ်ပြုပြင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် ထိခိုက်ဒဏ်ရာရစေပါက သိုလှောင်မှုကို တိုက်ရိုက် အကျိုးသက်ရောက်မှုရှိနေသည်ကို အထူးသတိပြုရန် လိုပါသည်။

သီးနှံမျိုးစေ့များ သိုလှောင်ရာတွင် သီးနှံမျိုးစေ့အတွင်းရှိ အစိုဓာတ်နှင့်ပတ်ဝန်းကျင်ရှိ အပူချိန်တို့သည် မျိုးစေ့သက်တမ်းကို ပြောင်းလဲစေပါသည်။ အပူချိန်နိမ့်သော်လည်း အစိုဓာတ်များနေပါက မျိုးစေ့ပျက်စီးမှုမြန်စေပါသည်။ တစ်ဖန် အပူချိန်လည်းမြင့်ပြီး မျိုးစေ့၏ အစိုဓာတ်ကလည်းများနေပါက ပျက်စီးမှု ပိုမိုမြန်စေပါသည်။ သီးနှံမျိုးစေ့များသည် အစေ့တွင်းမှအစိုဓာတ်ကို လေထုတွင်းသို့ ထုတ်လွှတ်နိုင်ခြင်း၊ လေထုအတွင်းမှ အစိုဓာတ်ကို စုယူနိုင်ခြင်းသတ္တိရှိကြသည်။ သို့အတွက် ပတ်ဝန်းကျင်ရှိ အစိုဓာတ်ကို ဂရုပြုရမည်။

သီးနှံမျိုးစေ့အတွင်းပါဝင်သော အဆီနှင့် ဆီတို့သည် ရေနှင့်မရောသဖြင့် ဆီ ၅၀ ရာခိုင်နှုန်းပါသော အစေ့၏ အစိုဓာတ်သည် အစေ့၏ထက်ဝက်ခန့်သာရှိပြီး ဆီ ၁၀ ရာခိုင်နှုန်းသာပါသောအစေ့၏ အစိုဓာတ်သည်အစေ့၏ ၉၀ ရာခိုင်နှုန်းထိ ပျံ့နှံ့တည်ရှိနေသည်။ ပတ်ဝန်းကျင်အပူချိန် ပြင်းလာပါက စိုထိုင်းဆနိမ့်ကျလာပြီး သီးနှံမျိုးစေ့၏ အစိုဓာတ်မှာလည်းနိမ့်ကျလာပါသည်။ ကောင်းစွာခြောက်သွေ့သော မျိုးစေ့ကို အပူချိန် ၈၀ ဒီဂရီဖာရင်ဟိုက်တွင် သိုလှောင်နိုင်ပြီး အစိုဓာတ်များသော မျိုးစေ့ကို အပူချိန် ၅၀ ဒီဂရီဖာရင်ဟိုက်သာ သိုလှောင်သင့်သည်။ ပါမောက္ခဟယ်ရီတန်၏ တွေ့ရှိချက်အရ အပူချိန်နှင့် စိုထိုင်းဆနှစ်ခုပေါင်းသည် ၁၀၀ ထက်မကျော်ပါက ကောင်းစွာသိုလှောင်နိုင်သည်ဟု ဆိုပါသည်။ အပူချိန်ကများ၍ စိုထိုင်းဆက နည်းလျှင် သိုလှောင်မှုပိုကောင်းမွန်စေပါသည်။

မြေပဲနှင့်ပဲပုပ် မျိုးစေ့များကို တစ်ရာသီ ရှစ်လ၊ ကိုးလအထိ သိုလှောင်မည်ဆိုပါက အစိုဓာတ် ၁၁-၁၂ ရာခိုင်နှုန်းထက် မများစေဘဲ သိုလှောင်ရုံအပူချိန် ၆၅ ဒီဂရီဖာရင်ဟိုက်ထက် မပိုသင့်ပါ။ မြေပဲတောင့်များကို အအေးခန်းတွင် သိုလှောင်မည်ဆိုပါက အပူချိန် ၆၅ ဒီဂရီဖာရင်ဟိုက်နှင့် စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းဖြင့် သိုလှောင်ပါက အသင့်တော်ဆုံးဖြစ်ပါသည်။

သီးနှံမျိုးစေ့များကို သိုလှောင်မည်ဆိုပါက လုံးပိန်လုံးညှပ်၊ အဖျင်းအမှော်၊ အခြမ်းကွဲ၊ အမှိုက်များကို သေချာစွာ သန့်စင်ရန် လိုအပ်ပါသည်။ သေချာစွာ မသန့်စင်ဘဲသိုလှောင်ပါက သီးနှံမျိုးစေ့ကိုမည်သို့ပင် စိတ်ကြိုက်အခြောက်လှန်ခဲ့စေကာမူ ရောနှောပါလာသော အဖျင်းအမှော်၊ လုံးပိန်လုံးညှပ်၊ အခြမ်းကွဲ၊ အမှိုက်သရိုက်များတွင် ပါဝင်လာသော အစိုဓာတ်က သီးနှံမျိုးစေ့အတွင်းသို့ ကူးပြောင်းခိုအောင်းသွားသဖြင့် ယင်းအစိုဓာတ်ကြောင့် မှိုတက်၍ သီးနှံအရည်အသွေးကျဆင်းသွားစေပါသည်။

သို့ပါ၍ သီးနှံမျိုးစေ့များကို သိုလှောင်ကြရသူများသည် အထက်ပါ ဂရုပြုရမည့်အချက်များကို ဂရုတစိုက်လိုက်နာ၍ စနစ်တကျ သိုလှောင်နိုင်ကြစေရန် တိုက်တွန်းအပ်ပါသည်။ ■

# သဘာဝဓာတ်ငွေ့ပို့လွှတ်ဖြန့်ဖြူးခြင်း စွမ်းရည်စီမံကိန်း

# ကိုရီးယား EDCF ချေးငွေဖြင့် ဆောင်ရွက်မည်

မြန်မာနိုင်ငံသည် ကိုရီးယားသမ္မတနိုင်ငံမှ ဖွံ့ဖြိုးရေးချေးငွေ တစ်ရပ်ချေးယူပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်ရှိသည်။ ကိုရီးယားချေးငွေဖြင့် သဘာဝဓာတ် ငွေ့ပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းသည် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက်ဖြစ်သည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ယခု အခါ ၂၀၂၀ ပြည့်နှစ်အကုန်တွင် တစ်နိုင်ငံလုံး ဓာတ်အားသုံးစွဲမှု ၅၅ ရာခိုင်နှုန်းပြည့်မီရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အဆင့် မြှင့်တင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေချေးယူမည့် အစီအစဉ်သည် နိုင်ငံတော်အတွက် အရေးကြီးသော အစီအစဉ်တစ်ခုဖြစ်သွားသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အသစ်လဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းအတွက် ကိုရီးယားသမ္မတနိုင်ငံမှ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်း ချေးယူမည်ဖြစ်သည်။ EDCF ချေးငွေဆိုသည်မှာ ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့က ဖွံ့ဖြိုးဆဲ နိုင်ငံများအား အသက်သာဆုံးအတိုးနှုန်းဖြင့် ချေးပေး သောချေးငွေအစီအစဉ်ဖြစ်သည်။ အတိုးနှုန်းတစ်နှစ်လျှင် သုည ဒသမ ၀၁ ရာခိုင်နှုန်းသာဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံသည် ယင်း EDCF ချေးငွေအစီအစဉ်ဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့တွင် ကူညီထောက်ပံ့နေခြင်းများလည်းရှိသည်။ ယင်းသို့ EDCF ချေးငွေကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော် သမ္မတက ဖေဖော်ဝါရီ ၅ ရက်က ပြုလုပ်သော ပြည်ထောင်စု လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သည်။ နိုင်ငံတော်သမ္မတ တင်သွင်းသော ချေးငွေနှင့်ပတ်သက်သည့် အစီအစဉ်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်တွင် ရှင်းလင်း တင်ပြကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ရှင်းလင်းတင်ပြရာတွင် ကိုရီးယားချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းအမည်မှာ သဘာဝဓာတ်ငွေ့ ပို့လွှတ် ဖြန့်ဖြူးခြင်းစွမ်းရည် ဖွံ့ဖြိုးမှုစီမံကိန်းဖြစ်သည်ဟု

| မောင်လွင်ပြင် |

ရှင်းလင်းပြောကြားသည်။ စီမံကိန်းတည်နေရာက မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင်တည်ရှိသည်။ စီမံကိန်းစုစု ပေါင်း ကုန်ကျစရိတ်သည် စုစုပေါင်းခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၅ သန်းခန့်ရှိမည်။ ကိုရီးယားသမ္မတနိုင်ငံ EDCF ထံမှချေးယူ မည်မှာ ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းခန့်ဖြစ်ပြီး မြန်မာနိုင်ငံအစိုးရက စီမံကိန်းအတွက် ဒေါ်လာ ၁၆ ဒသမ ၄၆၈ သန်းနှင့်ညီမျှသော မြန်မာကျပ်ငွေ ထည့်ဝင်ဆောင်ရွက်မည်။ EDCF ချေးငွေအတိုး နှုန်းသည် တစ်နှစ်လျှင် သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၅ နှစ်ဖြစ်သည်။ ချေးငွေ ပြန်ဆပ်ရမည့်ကာလသည် ဆိုင်းငံ့ကာလကျော် လွန်ပြီးနောက် နောက်ထပ် ၂၅ နှစ် အညီအမျှခွဲပြီး ပြန်ဆပ်ရမည်။ စီမံကိန်းကာလသည် ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် နေ့မှစပြီး ၄၈ လအတွင်း အပြီး ဆောင်ရွက်သွားမည်စသည်တို့ကိုလည်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြည်ထောင်စုလွှတ်တော်တွင် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း စွမ်းရည် ဖွံ့ဖြိုးမှုစီမံကိန်းကို တာဝန်ခံဆောင်ရွက်ရမည့်ဌာနသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဖြစ်သည်။ ယင်းစီမံကိန်းအား ဆောင်ရွက်နိုင်ခြင်းအားဖြင့် အနာဂတ်တွင် မြန်မာနိုင်ငံ၏အထက်ပိုင်းနှင့် အောက်ပိုင်းတွင်ရှိသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ချိတ်ဆက်ပေးလာနိုင်မည့် ပင်မကျောရိုးပိုက်လိုင်းကွန်ရက်ကြီး ဖြစ်ပေါ်လာနိုင်မည်ဟူ၍လည်း ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက စီမံကိန်းနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းပြသည်။ ယင်း စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ရွှေတောင်ဓာတ်အားပေးစက်ရုံ၊ မြန်အောင် ဓာတ်အားပေးစက်ရုံနှင့် ကျော်စွာ ဓာတ်မြေသြဇာစက်ရုံများအတွက် လိုအပ်သည့်ဓာတ်ငွေ့များကို ထောက်ပံ့ပေးနိုင်မည့်အပြင် အခြားလုပ်ငန်းများသို့လည်း လောင်စာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ ယခု EDCF ချေး ငွေစီမံကိန်းသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ မူဝါဒများနှင့်လည်း ကိုက်ညီ မှုရှိသည်စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ ၏ မဟာဗျူဟာ ၅ ဒသမ ၄၊ ၅ ဒသမ ၅ တို့ပါ Action Plan များနှင့်လည်း ကိုက်ညီမှုရှိသည်ကိုလည်း စိစစ်တွေ့ရှိကြောင်းလည်း ပြောကြားသည်။ ထို့ကြောင့် EDCF ထံမှ ဒေါ်လာ ၁၁၃ ဒသမ ၀၃၆ သန်းရယူနိုင်ရေးကိစ္စ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါသည်ဟု ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ယင်းချေးငွေနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အောက်ပိုင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက်ချိတ်ဆက်နိုင်ရေး၊ သဘာဝဓာတ်ငွေ့ ပို့လွှတ်ရေး စွမ်းရည်ဖွံ့ဖြိုးရေးတို့အတွက် EDCF ထံမှ ချေးငွေရယူခြင်းကိစ္စကို ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အချို့ ထောက်ခံဆွေးနွေးကြလိမ့်မည် ယူဆသည်။ ထောက်ခံဆွေးနွေးကြမည်ဆိုရာတွင် မြန်မာနိုင်ငံသည် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရန် လိုအပ်နေသည့် အချိန်ကာလ၌ သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေသည့် စက်ရုံများသို့ လောင်စာမပြတ်လပ်စေရေး၊ လောင်စာပြည့်မီစွာ ရရှိရေးနှင့် လောင်စာပို့လွှတ်ရာပိုက်လိုင်းလမ်းကြောင်းများ စွမ်းရည် ပြည့်ဝနေရေးတို့ မရှိမဖြစ် လိုအပ်နေသည်။ ထို့ကြောင့် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းများ ကွန်ရက်ချိတ်ဆက်ရေးနှင့် ပို့လွှတ် ဖြန့်ဖြူးခြင်း စွမ်းရည်ဖွံ့ဖြိုးရေး အတွက် ချေးငွေချေးယူရေးကိစ္စသည် ပြည်သူ လူထုအကျိုးစီးပွားနှင့် ယှဉ်သွားပြီး နိုင်ငံတော်နှင့်ချီသည့်ကိစ္စဖြစ်နေ သဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်ဆွေးနွေးမှုရှိလိမ့်မည်မဟုတ်ဘဲ အားလုံးတညီတညွတ်တည်း ဆုံးဖြတ်မှုဖြင့် မဲခွဲစရာမလို အတည်ပြုပေးနိုင်လိမ့်မည်ဟုလည်း ခန့်မှန်းမိသည်။

မြန်မာနိုင်ငံ သက်ဆိုင်ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် မြန်မာပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် အကြားအလပ်မရှိစေရန် လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရေးနှစ် လတ်၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည်။ ၂၀၂၀ ပြည့်နှစ်အကုန်တွင် တစ်နိုင်ငံလုံး ပြည်သူ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ တွင် ၇၅ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ရာခိုင်နှုန်း ၁၀၀ သုံးစွဲခွင့် ရရှိစေရမည်ဟု တရားဝင်ထုတ်ပြန်ကြေညာထားသည်။ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး နိုင်ငံတော်ဘတ်ဂျက်အပြင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအပိုင်းအတွက် ဆောင်ရွက်ဆဲ ချေးငွေစီမံကိန်းလုပ်ငန်းခြောက်ခုအတွက် ကမ္ဘာ့ဘဏ်၊ JICA၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ FFW(ဂျာမနီ) စသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ စုစုပေါင်း ဒေါ်လာ ၆၂၁ ဒသမ ၀၀၁ သန်းရယူဆောင်ရွက်လျက်ရှိသည်ဟုလည်း သိရသည်။ ထို့ပြင် နောက်ထပ်ချေးငွေစီမံကိန်းလုပ်ငန်းခြောက်ခုအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၂၈ ဒသမ ၁၀၄ သန်းထပ်မံရရှိရန် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ထိုင်းနိုင်ငံဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာချေးငွေအစီ အစဉ် (NEDA) တို့ထံမှ အဆိုပြုညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်းလည်း လေ့လာသိရှိရသည်။ လက်ရှိဓာတ်အားရရှိမှုအနေအထားမှာ ၂၀၁၉ ဒီဇင်ဘာတွင် အိမ်ထောင်စုပေါင်း ၅ ဒသမ ၄၄၈ သန်း (၅၀ ဒသမ ၀၉ ရာခိုင်နှုန်း) ဓာတ်အားရရှိနေပြီဖြစ်ကြောင်းလည်း သိရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း (၃၄ ရာခိုင်နှုန်း)သာရရှိခဲ့သည့် အနေအထား ရှိသည်။ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၂ သန်းကျော်ရှိသည်။

■



# လောင်းလုံးမြို့နယ် သောကြာပြင်ဈေးရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်မင်းနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၇ ရက်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးတို့နှင့် ပူးပေါင်း၍ လောင်းလုံးမြို့နယ်၊ သောကြာပြင်ကျေးရွာ သောကြာပြင်ဈေးရှိဈေးဆိုင်များ၊ ကုန်စုံဆိုင်များတွင် အများပြည်သူစားသုံး/သုံးစွဲရန် မသင့်သောအစားအသောက်များ ရောင်းချမှု ရှိ/ မရှိဈေးအတွင်း ရောင်းချနေသော ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သောကြာပြင်ဈေးအတွင်း ရောင်းချနေသောဈေးဆိုင်များမှ အများပြည်သူစားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချနေမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး ဟင်းသီးဟင်းရွက်များတွင် ဓာတုပိုးသတ်ဆေးဓာတ်ကြွင်းများ မကျန်ရှိစေရန် အညွှန်းများ၏ သတ်မှတ်ချက်အတိုင်း စနစ်တကျ ခူးဆွတ်ရောင်းချရန်နှင့် ကုန်စုံဆိုင်ရှင်များအား ၎င်းတို့ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူးသည့်ကုန်စည်များတွင် စားသုံးသူဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကုန်ညွှန်းအမှတ်အသားများအား မြန်မာဘာသာဖြင့် ဖော်ပြရန်တို့ကို အသိပညာပေးခဲ့သည်။ ထို့နောက် ဈေးအတွင်း သံသယရှိ အစားအသောက် နမူနာပစ္စည်းများအား ဝယ်ယူ၍ Mobile Lab Van တွင်ပါရှိသော Rapid Test Kit များဖြင့် ဓာတ်ခွဲစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**

# ကယားပြည်နယ်အတွင်း ပြောင်းသီးနှံတင်ပို့မှု

ကယားပြည်နယ်၏ အဓိကထွက်ကုန်ပြောင်းသီးနှံကို နှစ်စဉ် ရန်ကုန် - မန္တလေးမြို့များသို့ အများဆုံးတင်ပို့ပြီး မန္တလေးမြို့မှတစ်ဆင့် မူဆယ်မြို့သို့ပြန်လည်တင်ပို့လျက်ရှိသည်။

စားသုံးသူရေးရာဦးစီးဌာနအနေနှင့်လည်း ပြောင်းသီးနှံဈေးနှုန်းမှန်ကန်စေရေးအတွက် ပွဲရုံပိုင်ရှင်များ၊ ကုန်သည်ကြီးတွေနှင့် ဆက်သွယ်စုံစမ်းလျက် ရှိသည်။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပြောင်း အိတ်အရေအတွက် ၁၃၄၇၆၆ အိတ် တန်ချိန် ၆၆၀၁ ဒသမ ၇၅ တန်ခန့် ရန်ကုန်နှင့် မန္တလေးမြို့များသို့တင်ပို့နိုင်ခဲ့ပြီး ဖေဖော်ဝါရီ ဒုတိယ ပတ်တွင် ပျမ်းမျှ ၈၃၅ တန်ချိန်ခန့် တင်ပို့ နိုင်ခဲ့သည်။

ကယားပြည်နယ်တွင် ပြောင်းဈေးနှုန်း အတက်အကျဖြစ်နေရသည့် အကြောင်းအရင်းမှာ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ပြောင်းကုန်သည် ကြီးများ၊ ပြောင်းပွဲစားများ၊ ပွဲရုံပိုင်ရှင်များ၏ ဝယ်လက်များကြောင့်ဖြစ်သည်။ ကယားပြည်နယ်ထွက်ကုန်ပြောင်း သီးနှံများ အရည်အသွေးပြည့်မီပြီး ဈေးကွက်မှန်ကန်စွာရရှိနိုင်ရေးနှင့် နည်း ပညာပံ့ပိုးမှုများ ရရှိနိုင်ရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် NGO အဖွဲ့များ၊ ပြောင်းစိုက်တောင်သူများနှင့် ညှိနှိုင်းပြီး ကယားပြည်နယ်တွင် ပြောင်းအစုအဖွဲ့ (သို့) ပြောင်းအသင်း အဖွဲ့ ထပ်မံဖွဲ့စည်းနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းဝေနှင်း (ကယား)**

# တောင်ကြီးမြို့နယ် မယ်စောဇဥ် ကျေးရွာတွင်စားသုံးသူကာကွယ်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုမြင့်မားရေး အသိပညာပေးဟောပြော

တောင်ကြီးမြို့နယ် ပလီလင်းကျေးရွာအုပ်စု မယ်စောဇဥ်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနဝင်းအတွင်းတွင် ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောမောင်နှင့် ဝန်ထမ်းများသည် စားသုံးသူကာကွယ်ရေးနှင့်ပြည်တွင်းကုန်သွယ်မှုမြင့်မားရေး အသိပညာပေးဟောပြောဆွေးနွေးမှုကို ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဦးစောမောင်က အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို စားသုံးသူများ ရွေးချယ်ဝယ်ယူသုံးစွဲတတ်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စွာ ထည့်သွင်းဖော်ပြရေးကိစ္စရပ်များ၊ အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများဝယ်ယူသုံးစွဲရာတွင် နစ်နာမှုရှိပါက တိုင်ကြားနိုင်သည့်နေရာများနှင့် တိုင်ကြားမှုများကို CICC မှ ဖြေရှင်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ပြောင်းသီးနှံဈေးကွက်ဈေးနှုန်းနှင့် ကုန်စည်စီးဆင်းနေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ အကြီးတန်းစာရေး ဒေါ်ထူးအိန္ဒြာဗိုလ်က စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်စည်အပေါ်တွင် ကုန်အညွှန်းအမှတ်အသားထည့်သွင်းဖော်ပြထားရှိမှုများကို ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ အခမဲ့စစ်ဆေးအကြံပြုပေးနေမှု ကိစ္စများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မေးမြန်းခဲ့သည်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆွေးနွေးပွဲသို့ တောင်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး အကြီးတန်းစာရေး ဒေါ်ဖူးဖူးဇင်နိုင်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သိန်းသို့ ပြက္ခဒိန်နှင့် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမောင်(တောင်ကြီး)**

# လူမှုရေးပင်စင်၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး/အဘွားများကို လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ၎င်းတို့မှမွေးဖွားသောအသက် နှစ်နှစ်အောက် ကလေးငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားသို့ကယားပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး လွှတ်တော်ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လူမှုဝန်ထမ်းမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဘိုး/ အဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ် အောက် ကလေးမိခင်များ တက်ရောက်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၏ (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) ပထမသုံးလပတ်အတွက် ကယားပြည်နယ်ရှိ မြို့နယ်ခုနှစ်မြို့နယ်အတွင်း နေထိုင်သော အသက်၈၅နှစ်အထက် အဘိုး/အဘွား ၆၁၇ ဦး၊ လွိုင်ကော်မြို့နယ်ရှိ အဘိုး/ အဘွား ၃၁၇ ဦးတို့ကို လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် ကယားပြည်နယ်ရှိ မြို့နယ်ခုနစ်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၅၂၂၉ ဦး၊ အသက်(၂)နှစ်အောက် ကလေးငယ် ၅၃၅၂ ဦးတို့ကိုလည်း ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ လွိုင်ကော်မြို့နယ်၌ ပထမသုံးလပတ်အတွက် ကိုယ်ဝန်ဆောင်မိခင် ၁၈၇၂ ဦး နှင့် အသက်(၂)နှစ်အောက် ကလေးငယ် ၂၃၁၀ ဦးတို့ကိုလည်း ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထောက်ပံ့ငွေ မရရှိသေးသူများ ရှိပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်းကို ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

**Thet Mar (DOCA Kayah)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၄) | N | ၂၄၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၂။ | တိုယိုတာ/အစ်(ပ်) ဆန် (၂၀၀၆) | M | ၃၃၀ သိန်း | ၂.၄ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၃။ | ဘယ် (လ်) တာ (၂၀၁၁) | F | ၁၇၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၄။ | တိုယိုတာ/ဗွစ် (၂၀၀၃) | K | ၂၅၀ သိန်း | ၁.၈ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် (အိပ်စ်အက်(စ်)(XS) |
| ၅။ | တိုယိုတာ/ဗန်းဂတ် (၂၀၁၀) | စတိ | ၆၁၀ သိန်း | ၂.၄ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် (ကီလိုနဲ) |
| ၆။ | တိုယိုတာ/ဗစ်ဇ် (၂၀၀၈) | H | ၁၆၅ သိန်း | ၁.၅ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၇။ | တိုယိုတာ/နွတ်(ချ်)(၂၀၀၈) | I | ၃၅၀ သိန်း | ၂.၄ ဓါတ်ဆီ ၊ ရန်ကုန်လိုင်စင် |
| ၈။ | တိုယိုတာ/ရက်တစ် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် |
| ၉။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၂၅၀ သိန်း | ၁.၃ ဓါတ်ဆီ ၊ နယ်လိုင်စင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း | (၁၅ x ၅၀ )ပေ | မြေညီနှင့် (ပ)ထပ် (၂) ခန်း | ၁၃၅၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၂။ | လုံးချင်းအိမ် | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက် | (၄၀ x ၆၀ )ပေ | RC (3) ထပ် | ၄၀၀၀ သိန်း | | |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မယ်ညိုလမ်း | (၃၀ x ၅၀ )ပေ | BN (1) ထပ် | ၂၃၅၀ သိန်း | မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၄။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဂန္ဓမာလမ်း | (၁၃ x ၅၀ )ပေ | ဟောလ် | ၄၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၅။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၇၅၀ စ/ပေ (၇) လွှာ | လျှာထိုးခင်း၊ အခန်းဖွဲ့ | ၂၈၀ သိန်း | | ၀၁/၅၁၁၇၂၆၂ |
| ၆။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀)ပေ | (ပ) ထပ် | ၁၄ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၇။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (1) ခန်း၊ BR (2) ခန်း | ၁၅၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာ (၄) လမ်း | (၃၀ x ၅၀)ပေ | RC (1) ထပ် | ၁၃၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ်/မြေ | မန္တလေးမြို့၊(၂၉) လမ်း | (၂၅ x ၆၀)ပေ | RC (2) ထပ် | ၁၃၀၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

# ရန်ကုန်တောင်ပိုင်းခရိုင် လေးမြို့နယ်အတွင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒေသကော်မတီ(၁) ဖွဲ့စည်း

ဆန်၊ စပါးစိုက်ပျိုးထုတ်လုပ်ခြင်း၊ ကြိတ်ခွဲခြင်း၊ ရောင်းချခြင်းကဏ္ဍများတွင်ပါဝင်ဆောင်ရွက်နေကြသော Stakeholder များ စုစည်းညီညွတ်စွာဖြင့် အချိတ်အဆက်မိစွာဆောင်ရွက်နိုင်ရေး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များရှိလယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများအား ရန်ကုန်တိုင်းဒေသကြီး၏ ဆန်စပါးဆိုင်ရာဒေသကော်မတီ (၁) ရွေး ချယ်ဖွဲ့စည်းရေးအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်တွင် သန်လျင်မြို့နယ်၊ သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်ဇော်ဦးက ဒေသကော်မတီဖွဲ့စည်းရေးဆိုင်ရာ စည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များရှိ ဆန်၊စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်၊စပါးကုန်သည်များအသင်းနှင့် အခြားအစုအဖွဲ့များမှ အဖွဲ့ဝင်ဦးရေ ၁၆၀ ခန့်နှင့် ဖိတ်ကြားထားသော ခရိုင်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက ဥက္ကဋ္ဌ ဦးသန်းထိုက်နှင့် အတွင်းရေးမှူး ဦးဌေးလွင်တို့ ဦးဆောင်သောဒေသကော်မတီ (၁) ကို ဆန္ဒမဲပေးသည့် စနစ်ဖြင့် ရွေးချယ်တင်မြှောက်ပေးခဲ့ကြောင်း သိရသည်။

**သိန်းနိုင်**

# ထိုင်းနိုင်ငံမှ ကုန်တင်ယာဉ်များ သီလဝါဆိပ်ကမ်းသို့ ပထမဆုံးအကြိမ် တိုက်ရိုက်ကုန်သွယ်မှုစတင်

ထိုင်းနိုင်ငံမှ ၂၂ ဘီးနောက်တွဲပါ ကုန်တင်ယာဉ် နှစ်စီးသည် ဖေဖော်ဝါရီ ၇ ရက်က အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်၍ မြဝတီကုန်သွယ်ရေးဇုန်တွင် အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်ကာ မြဝတီ-ကော့ကရိတ်လမ်းကြောင်းအတိုင်း မောင်းနှင်ပြီးရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းသို့ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ကုန်သွယ်မှု စတင်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာမဲခေါင်ခြောက်နိုင်ငံက အတည်ပြုထားသည့် Cross-broder Transport Agreement သဘောတူညီချက် တစ်စိတ်တစ်ပိုင်းဖြစ်သော မဟာမဲခေါင်ဒေသခွဲ၏ ထောက်ပံ့ခြင်း (logistics)တိုးတက်ရေးကို အထောက်အကူပြုမည့် IICBTA( Initial Implementation of a Cross-broder Transport Agreement) MOU သဘောတူညီချက်အရ မြန်မာနိုင်ငံဘက်တွင် ရန်ကုန်မြို့၊ သီလဝါ (SEZ) ထိလည်းကောင်း၊ ထိုင်းနိုင်ငံဘက်တွင် ဗန်ကောက်၊ လန်ချဘန် ထိလည်းကောင်း၊ နှစ်နိုင်ငံ ကုန်တင်ယာဉ်များ အပြန်အလှန်တိုက်ရိုက် ဝင်/ထွက်ကြမည်ဖြစ်ပြီး IICBTA ခွင့်ပြုလမ်းကြောင်းများမှာ မြန်မာနိုင်ငံ အနေဖြင့် လမ်းကြောင်း(၁)အဖြစ် မြဝတီ-ကော့ကရိတ်-ဇာသပြင်-မော်လမြိုင်ထိ လည်းကောင်း၊ လမ်းကြောင်း(၂)အဖြစ် မြဝတီ-ကော့ကရိတ်-ဘားအံ-သထုံ-ကျိုက်ထို-သိမ်ဇရပ်-ဝေါ-ဘုရားကြီး-ပဲခူး-ရန်ကုန်-သီလဝါ(SEZ) ထိလည်းကောင်း၊ ထိုင်းနိုင်ငံဘက်မှ လမ်းကြောင်း (၁)အဖြစ် Maesot-Phitsanulok-Khon-Kaen-Kalasin-Mukdahan ထိ လည်းကောင်း၊ လမ်းကြောင်း (၂)အဖြစ် Maesot-Nakhon Sawan-Ayattaya-Bangkok-Lean Chabangxd လည်းကောင်း ဝင်/ထွက် သွားလာခွင့်ပြုသည့် ယာဉ်လမ်းကြောင်းများ သတ်မှတ်ခဲ့ကြပြီးနောက် ယခုကဲ့သို့ ထိုင်းကုန်တင်ယာဉ်များမှ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက် ကုန်သွယ်မှု စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ မဲဆောက်နယ်စပ်ဂိတ်နှင့် မြန်မာနိုင်ငံ မြဝတီနယ်စပ်ဂိတ်မှ ဝင်/ထွက်မည့် ကုန်တင်မော်တော်ယာဉ်များအနေဖြင့် မြန်မာဘက်ခြမ်းတွင် ကုန်သွယ်ရေးဇုန်မှ ဝင်/ထွက်ရန်ဖြစ်ပြီး IICBTA အရ မြန်မာနိုင်ငံအတွင်းသို့ တိုက်ရိုက် ဝင်ရောက်မည့် ကုန်တင်ယာဉ်များသည် ကုန်ပစ္စည်းစစ်ဆေးရေးစခန်းဖြစ်သည့် မြဝတီကုန်သွယ်ရေးဇုန်အတွင်းရှိ ကောက်ခွန်ဦးစီးဌာနမှ ချိတ်စည်းတပ်ဆင်၍ အကောက်ခွန်ဦးစီးဌာန၏ Vehicle Cargo Checking System(VCCS) စနစ်တွင် မှတ်တမ်းတင်ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်သွယ်ရေးဦးစီးဌာနမှလည်း ၎င်းယာဉ်များကို ကတ္တားချိန်ခြင်း၊ ယာဉ် အဝင်အထွက် စာရင်းပြုလုပ်ခြင်းတို့အား ဆောင်ရွက်မည်ဖြစ်ကာ ၎င်းယာဉ်များကို ကုန်သွယ်ရေးဇုန်အတွင်းမှ သီးသန့်လမ်းကြောင်းဖြင့် ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မျိုးဝင်းနိုင်(မြဝတီ)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) လားဟူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ထောပတ်ဥယျာဉ်ခြံနှင့် သစ်သီးဝလံ အခြောက်ခံစက်ရုံအား လေ့လာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လားဟူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Luxembourg Development Cooperation Agency) ကို ရှမ်းပြည်နယ်(တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းသိန်းထွန်း၊ ဦးခွန်စောကြည်နှင့် ဦးကျော်လှိုင်တို့ဦးဆောင်ပြီး၊ တောင်ကြီး မြို့နယ် ဦးခွန်စောကြည်၏ ထောပတ်ခြံနှင့် ဟိုပုံးမြို့နယ်စက်ရုံတာဝန်ခံ ဦးခွန်ထွန်းဝင်းပါ ၂၃ ဦးတို့၏ သစ်သီးဝလံအခြောက်ခံစက်ရုံသို့ လာရောက်လေ့လာမှုကို ဖေဖော်ဝါရီလ ၃ ရက်မှ ၄ ရက်အထိ လေ့လာခဲ့ကြသည်။ အဆိုပါ လေ့လာရေးအဖွဲ့တွင် အဖွဲ့ဝင် ၄၀ ဦးပါရှိပြီး လူဇင်ဘတ်နိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် လာရောက်လေ့လာခြင်းဖြစ်ပြီး တောင်သူဦးခွန်စောကြည်၏ ထောပတ်ခြံကို လာရောက်လေ့လာစဉ် တောင်သူဦးခွန်စောကြည်က ထောပတ် စိုက်ပျိုးထားရှိမှုအခြေအနေ၊ ထောပတ်သီးထွက်ရှိနေမှု၊ ဈေးနှုန်းဈေးကွက်နှင့် ထောပတ် ကိုင်းကူးကိုင်းဆက် နည်းပညာများကိုလက်တွေ့သရုပ်ပြ သင်ကြားပေးခဲ့သည်။ ဆက်လက်၍ လားဟူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ဟိုပုံးမြို့နယ်ရှိ ဟိုနမ့်သစ်သီးဝလံအခြောက်ခံစက်ရုံသို့ သွားရောက်လေ့လာကြရာ သစ်သီးဝလံ အခြောက်ခံစက်ရုံတာဝန်ခံ ဦးခွန်ထွန်းထွန်းဝင်းက စက်ရုံသမိုင်းကြောင်းနှင့် ကုန်ကျစရိတ်၊ လည်ပတ်နိုင်သောစွမ်းအား၊ အခြောက်ခံပေးနိုင်သည့် သစ်သီးဝလံအမျိုးအစားများ၊ အခြောက်ခံဈေးနှုန်းများနှင့် သစ်သီးဝလံအခြောက်ခံပေးနိုင်သည့် လွှမ်းခြုံနိုင်သည့်ဧရိယာများကို ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

လာရောက်လေ့လာသော လားဟူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် ပါဝင်ခဲ့သည့် အဖွဲ့ခေါင်းဆောင် Hinain Ghungtam က ထောပတ်စိုက်ပျိုးမှုနှင့် ကိုင်းကူးကိုင်းဆက်နည်းပညာများကို လက်တွေ့သရုပ်ပြသပေး၍ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ သစ်သီးဝလံအခြောက်ခံစက်ရုံမှ ဒေသတွင်းထွက်ရှိသော သစ်သီးဝလံမျိုးစုံကို အခြောက်ခံပြီးဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အလေအလွင့်အပျက်အစီးမရှိနိုင်တာကို သိရှိရလို့ ဒေသဖွံ့ဖြိုးရေးအတွက်လည်း အကြံဉာဏ်များ ရရှိလာလို့ အထူးပင် ကျေးဇူးတင်ပါကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

**စောမောင်(တောင်ကြီး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ


| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## ခုနစ်ရက် သားသမီးများအတွက်


### စီးပွားရေး အကြံပေး ဟောကိန်း

**၁၇-၂-၂၀၂၀ မှ ၂၃-၂-၂၀၂၀ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အလုပ်အကိုင်အကြံအစည်များလွဲချော်နေတတ်သည်။ အစားအသောက်၊ အလှကုန်၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ ရောင်းဝယ်ပါက အောင်မြင်မှုများရရှိမည်ဖြစ်သည်။ ပညာရေးတွင် ပြိုင်ဘက်အပေါ် အနိုင်ရမည်။ အချစ်ရေးတွင် ချစ်သူနှင့်ကွေကွင်းရတတ်သည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါအန္တရာယ်ကြုံရတတ်သည်။ စီးပွားရေး ဖြစ်ထွန်းမှု ရှိသော်လည်း လက်ထဲတွင် ငွေမမြဲတတ်ပါ။ **ယတြာ။ အုန်းထမင်းဆွမ်းကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်အကိုင်စီးပွားရေးအဆင်ပြေတိုးတက်မှုရှိနေမည်။ ခရီးယာယီများနေသဖြင့် ငွေကုန်လူပန်းဖြစ်နေတတ်သည်။ လုပ်ငန်းများလစ်ဟင်းမှု ရှိလာမည်။ အစုစပ်လုပ်ငန်းများ အတိုက်အခံ အငြင်းပွားမှုများရှိလာမည်။ ပညာရေးကောင်းမွန်မည်။ အချစ်ရေးတွင် ဆွေမျိုးများကြောင့် ကသိကအောက်ဖြစ်တတ်သည်။ ကျန်းမာရေးတွင် မိသားစုအလိုက်ရောဂါ ဘေးဥပါဒ် အန္တရာယ်ကပ်ရောက်တတ်သည်။ **ယတြာ။ ဆီလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းအောင်မြင်၍ ဝင်ငွေတိုးပွား နေတတ်သည်။ ယာဉ်/စက်ကိရိယာများဝင်ကိန်းရှိသည်။ စက်ပစ္စည်းနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း ထူးချွန်အောင်မြင်နေမည်။ ပညာရေးတွင် စိတ်ညစ်စရာများ ကြုံတွေ့ပြီးမှ အောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေး၊ ဆွေမျိုးအသိုင်းအဝိုင်းကြောင့် အခက်ကြုံနေရတတ်သည်။ ကျန်းမာရေးတွင် အဆုတ်အအေးမိရောဂါ ဖြစ်တတ်သည်။
**ယတြာ။ စိမ်းပြာရောင် အရာဝတ္ထုပစ္စည်း အသုံးပြုပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းကို ခေါင်းအေးအေးထားပြီး ရေရှည်တည်တန့်ခိုင်မြဲအောင် ဖွဲ့ရှိရှိနှင့် စွန့်စားတတ်သည်။ သံထည်ပစ္စည်းနှင့်ကြေးနီ၊ ဂုန်လျှော်များ အကျိုးပေးကောင်းနေမည်။ ပညာရေးတွင် ဆွေမျိုးများနှင့် သဘောထားကွဲလွဲမှုရှိနေမည်။ အချစ်ရေးတွင် ပျော်ရွှင်မှုများရရှိနေမည်။ ကျန်းမာရေး ဂရုစိုက်သင့်သည်။ ထိခိုက်ရှနာမှု၊ ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါများ ခံစားရတတ်သည်။ **ယတြာ။ စိမ်းစိုသော ရွက်လှပင်စိုက်ပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းအတွင်းငွေကြေးခက်ခဲခြင်း၊ ရန်အနှောက်အယှက်များ ကြုံရခြင်းရှိမည်။ အကျိုးတူ မင်းအစိုးရလုပ်ငန်းများ လုပ်ကိုင်ပါက အောင်မြင်ဖြစ်ထွန်းမှု ရှိလိမ့်မည်။ ဝင်ငွေ၊ အမြတ်အစွန်ကောင်းမည်။ ပညာရေးတွင် ဆေးပညာရပ်ဝါသနာပါရှိလိမ့်မည်။ အချစ်ရေးတွင် ချစ်သူ၏ လွှမ်းမိုးမှုခံရတတ်သည်။ အိမ်ထောင်ရေးသာယာ ဖြောင့်ဖြူးမည်။ ကျန်းမာရေးတွင် ရာသီဥတု အပြောင်းအလွဲကြောင့် ဖြစ်တတ်သော ဝေဒနာခံစားရတတ်သည်။
**ယတြာ။ စာကလေးများကို ဆန်စပါးကျွေးလှူပါ။**



**သောကြာသားသမီးများအတွက်** အလုပ်အကိုင်များ တိုးတက် အောင်မြင်နိုင်စွမ်းရှိနေတတ်သည်။ လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်လျှင် အောင်မြင်မှုရလိမ့်မည်။ အလှကုန်ပစ္စည်းနှင့် ကျောက်မျက်ရတနာများရောင်းဝယ်လျှင် အကျိုးအမြတ်ရရှိနိုင်ပါသည်။ ပညာရေးကောင်းနေသည်။ အချစ်ရေးတွင် စိတ်တူကိုယ်တူရှိမည်။ ကျန်းမာရေးအနေဖြင့် မျက်စိထိခိုက်ဒဏ်ရာရရှိတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ရေသန့်လှူဒါန်းပါ။**



**စနေသားသမီးများအတွက်** လူမှုပတ်ဝန်းကျင်တွင် အဆင်ပြေအောင်နေတတ်သောကြောင့် စီးပွားရေးလောကတွင် ကူညီမည့် မိတ်ဆွေ အသိုင်းအဝိုင်းနှင့် ဆွေမျိုးများရှိနေတတ်သည်။ ရေသန့်လုပ်ငန်း၊ ရေနှင့်ရေထွက်ပစ္စည်းများ အကျိုးပေးမည်။ ပညာရေးထူးချွန်မှုရှိနေတတ်သည်။ အချစ်ရေးတွင် အသိုင်းအဝိုင်းမိသားစု အကူအညီရယူရလိမ့်မည်။ ကျန်းမာရေးတွင် အစာမကြေ ဝမ်းပျက်ခြင်းတို့ဖြစ်တတ်သည်။
**ယတြာ။ သာဂူကိုနို့နှင့်ကျို၍လှူဒါန်းပါ။**

## သတ်မှတ်ချက်စပါးဈေးနှုန်းဖြင့် ဝယ်ယူရရှိပြီးစပါးများ ပြန်လည်ကြိတ်ခွဲအပ်နှံ

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ နည်းပညာအပြည့်အဝရရှိရေး သွင်းအားစု ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာ ပံ့ပိုးနိုင်ရေး၊ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသော ဈေးနှုန်း၊ ဈေးကွက်ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အခြေခံဈေးနှုန်း ကျပ် ငါးသိန်းအောက်ကျဆင်းလျက်ရှိသော စပါးများအား နိုင်ငံတော်က သတ်မှတ် ဈေးနှုန်းဖြင့် ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်း သုံးတိုင်းရှိ တင်ဒါအောင်မြင်သော စက်များတွင် အဝယ်ဒိုင်များဖွင့်၍ ဝယ်ယူလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးမှ စပါးတင်း ၇၃၅၀၀၀၊ ပဲခူးတိုင်းဒေသကြီးမှ စပါးတင်း ၃၆၅၀၀၀ နှင့် ရန်ကုန်တိုင်းမှ စပါးတင်း ၁၆၀၀၀၀ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တင်ဒါအောင်မြင်ပြီးသော စက်များမှ ဝယ်ယူရရှိပြီးသော စပါးများအား ကြိတ်ခွဲ၍ သတ်မှတ်နေရာဖြစ်သော ဒဂုံဆိပ်ကမ်းမြို့နယ်၊ ပင်လယ်ကိုးသွယ်ကုမ္ပဏီသိုလှောင်ရုံသို့ ဆန်များအပ်နှံလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ဖေဖော်ဝါရီ ၇ ရက်ထိ ပဲခူးတိုင်းဒေသကြီးမှ ဧည့်မထ ဆန်တန်ချိန် ၈၆ ဒသမ ၈၆၆ တန်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ငစိန်ဆန် တန်ချိန် ၄၄၀ ဒသမ ၆၁၄ တန်အား အပ်နှံပြီးဖြစ်ကြောင်း သိရသည်။

**သိန်းနိုင်**

## ဘားအံမြို့၌ အမျိုးသမီးများအတွက်ဈေးကွက်ဆိုင်ရာ အခွင့်အလမ်းများ တိုးတက်မှုရရှိစေရေး စီမံချက်အောင်မြင်မှုများ အသိပေးခြင်း၊ မျှဝေခြင်းနှင့် ဒေသထွက်မျိုးသန့်စပါးများ၊ ဟင်းသီးဟင်းရွက်များ ခင်းကျင်းပြသ

ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ MEDA (Mennonite Economic Development Associates)နှင့် မိတ်ဖက်အဖွဲ့အစည်းတို့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများအတွက်ဈေးကွက်ဆိုင်ရာအခွင့်အလမ်းများ တိုးတက်ရရှိစေရေး စီမံချက် (IMOW)နှင့် ဟင်းသီးဟင်းရွက် စီမံချက် (Advance Myanmar Project) မှစီမံချက်အောင်မြင်မှုများ အသိပေးခြင်း၊ မျှဝေခြင်းနှင့် ဒေသထွက်မျိုးသန့်စပါးများ၊ ဟင်းသီးဟင်းရွက်များခင်းကျင်းပြသခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက် အထိ ကရင်ပြည်နယ်၊ ဘားအံမြို့ကန်သာဦးခန်းမတွင် ကျင်းပခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ အဖွဲ့အစည်း ၂၄ ဖွဲ့မှ တာဝန်ရှိသူများ၊ ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် ကော့ကရိတ်မြို့နယ်များမှ စီမံကိန်းဧရိယာအတွင်းရှိ အမျိုးသမီးဦးဆောင်တောင်သူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး Mennonite Economic Development Associates (MEDA) မှ Senior Project Manager ဖြစ်သူ Jennifer Kingu စီမံကိန်းအောင်မြင်မှု၏ အကြောင်းအရာများအားလည်းကောင်း၊ Mennonite Economic Development Associates (MEDA) မှ country Director ဖြစ်သူ Catherine Sobrecega က စီမံကိန်းအကောင်အထည်ဖော်ရခြင်း အကြောင်းအရင်းနှင့် ရလဒ်များအကြောင်းအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် စီမံကိန်းဝင် ကျေးရွာများမှ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် ဦးဆောင်တောင်သူများ၊ မိတ်ဖက်အဖွဲ့အစည်းများက ၎င်းတို့၏ အောင်မြင်မှုများမျှဝေ၍ စကားဝိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်းနှင့် အခမ်းအနားတွင် ကုမ္ပဏီများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ၎င်းတို့၏လုပ်ငန်းများအကြောင်း၊ ဝန်ဆောင်မှုများ၊ ထုတ်ကုန်များ၊ ပစ္စည်းကိရိယာများကို မိတ်ဆက်ရှင်းလင်းတင်ပြခဲ့ကြသည်။ စီမံကိန်းတောင်သူများကလည်း မိမိတို့စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားသော ဆန်စပါးများ၊ စိုက်ပျိုးသီးနှံများနှင့် ဟင်းသီးဟင်းရွက်များကိုလည်း ခင်းကျင်းရောင်းချခဲ့သည်။

အဆိုပါဆွေးနွေးပွဲမှတစ်ဆင့် အမျိုးသမီးဦးဆောင်တောင်သူများနှင့် လုပ်ငန်းရှင်များကို သွင်းအားစုများ၊ လယ်ယာသုံးစက်ကိရိယာများ၊ ချေးငွေနှင့် ဈေးကွက်ချိတ်ဆက်မှုများ ပေးနိုင်ခဲ့သဖြင့်ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**အိအိခိုင် (ကရင်-စားသုံးသူ)**

## မော်လမြိုင် မုန့်မျိုးစုံလုပ်ငန်းရှင်များအစုအဖွဲ့ အဖွဲ့စည်း

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်လျှက်ရှိရာပြီး အသင်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် မော်လမြိုင်မြို့နှင့် အနီးပတ်ဝန်းကျင်ရှိ မုန့်မျိုးစုံလုပ်ငန်းလုပ်ကိုင်နေသော လုပ်ငန်းရှင်များ စုစည်း၍ အစုအဖွဲ့ ဖွဲ့စည်းခြင်းကို မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင် က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဌာန အနေဖြင့် အသင်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကူညီ ထိန်းကျောင်းပေးနေကြောင်း၊ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် အသင်းအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းက ပို၍ ထိရောက် အောင်မြင်ကြောင်း၊ ဗဟိုအလုပ်အမှုဆောင် ရွေးချယ်ရာတွင် အဖွဲ့အတွက် အမှန်တကယ် အလုပ်လုပ်သူ၊ ပေါင်းသင်းဆက်ဆံရေး အဆင်ပြေမည့်သူများကို ရွေးချယ်ကြစေလိုကြောင်း၊ အချို့မဲခွဲဆုံးဖြတ်ရမည့်ကိစ္စများတွင် အဆင်ပြေစေရန် EC အဖွဲ့ကို မဂဏန်းဖြင့် ဖွဲ့စည်းကြစေလိုကြောင်း၊ ကုန်ပစ္စည်း (မုန့်မျိုးစုံ) ပေါ်၌ မိမိထုတ်ကုန်တံဆိပ်အမှတ်အသားများ ဖော်ပြရာတွင် စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်နှင့်အညီ ဖော်ပြဆောင်ရွက်ကြရန်နှင့် ဌာနမှ ကူညီဆောင်ရွက်ပေးလျက်ရှိသော အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများက စားသုံးသူကာကွယ်ရေးဥပဒေ သိကောင်းစရာများ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြချက် (၂/ ၂၀၁၉) အမိန့်ကြော်ငြာစာများပါရှိသည့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့သဘောဆန္ဒအလျောက် ဗဟိုအလုပ်အမှုဆောင်များအား ရွေးချယ်တင်မြှောက်ကြရာ နာယက နှစ်ဦး၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး အပါအဝင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး မော်လမြိုင် မုန့်မျိုးစုံလုပ်ငန်းရှင်များအစုအဖွဲ့ကို အဖွဲ့ဝင်စုစုပေါင်း ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

**မိုးမိုး (မွန်)**

# စည်းလုံးညီညွတ်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်

နိုင်ဦး (DOCA)

တစ်လောက မြန်မာတို့၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံသို့ ခေတ္တရောက်ခဲ့တယ်။ ဘုရား၊ စေတီ၊ ဂူ၊ အုတ်ကျောင်းတွေ လက်ညှိုးထိုးမလွဲဘဲ၊ ရှေးရှေးက ဘုရင်တွေ၊ မင်းညီမင်းသား၊ မင်းသမီးတွေ၊ ဝန်ကြီးမှူးမတ်တွေ၊ တိုင်းသူပြည်သားတွေ ဘယ်လောက်များချမ်းသာကြွယ်ဝကြသလဲ၊ ဘယ်အထိများ စေတနာသဒ္ဓါတွေရှိနေကြသလဲ မပြောဘဲနဲ့ သိနိုင်သည့် ပြယုဂ်များဖြစ်၍ ကမ္ဘာ့ကပင် အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပေမည်။ ပုဂံသူ၊ ပုဂံသားတွေ ဘယ်လောက် ကြိုးစားအားထုတ်ခဲ့ကြသလဲ၊ သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေ ဘယ်လောက်အထိ ရင်းနှီးခဲ့ကြသလဲသိချင်သူတွေကတော့ ရှားပေမည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနရှိ ရုံးတစ်ရုံးသို့ရောက်သောအခါ အစိမ်းရောင်အောက်ခံအဖြူရောင်စာလုံးများဖြင့် ရေးသားထားတဲ့စာကြောင်းလေးကိုဖတ်မိသည်"ပြိုင်လျှင်နိုင်ရမည်၊ ယှဉ်လျှင်သာရမည်" တဲ့ ဒါဟာ ရှေးရှေးက ပုဂံသူပုဂံသားတို့၏ စိတ်ဓာတ်နှင့်အားမာန်၊ ခံယူချက်များကို ဖော်ညွှန်း ထားသလားထင်မိသည်။

ရှေးရှေးက ပုဂံပြည်ကြီး၏ ဖွံ့ဖြိုးတိုးတက်၊ စည်ကားနေမှုများကို ပြည်တွင်း၊ ပြည်ပခရီးသွားများက တအံ့တသြမှတ်တမ်းတင်ခဲ့ကြသည်။ ပုဂံပြည်ရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံသည် တစ်စုတစ်စည်းတည်းရှိကြသည်။ အချင်းချင်း ရိုင်းပင်းကူညီကြသည်။ အတ္တသံသယများ ကင်းရှင်းကြ သည်။ သဒ္ဓါတရားကြီးမားကြသည်။ မိမိတိုင်းပြည် ပုဂံပြည်အတွက် အလုပ်အကျွေးပြုနေရခြင်းကို ဂုဏ်ယူကြသည်။ လွတ်လပ်စွာကူးလူး၍ ကုန်သွယ်ကူးသန်းရောင်းဝယ်မှုပြုကြသည်။ ထိုအချက်များကြောင့် ပုဂံပြည်ကြီး စည်ပင်ဖွံ့ဖြိုးတိုးတက်နေခြင်းဖြစ်ပေမည်။ နောက်ဆုံး ပုဂံပြည်သူများ ဘာသာရေး၊ လူမျိုးရေးကို အခြေခံကာ အာဏာ၊ အတ္တ၊ သံသယများစွဲကိုင်၍ အချင်းချင်း မညီမညွတ်ဖြစ်ကာ တိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြသည်နှင့် ပြည်သူပြည်သားများ သေကျေကြသည်။ ကုန်သွယ်ကူးသန်းလုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ ပြည်သူများရေကြည်ရာမြက်နုရာသို့ ထွက်ပြေး ရှောင်တိမ်းသွားကြသည်။ စစ်ပွဲများရှည်ကြာလာ၍ အင်အားချည့်နဲ့ခဲ့သည်။ ထိုအခါ ပြည်ပမှ ကျူးကျော်ခြင်းကိုခံရသည်။ ဘုရား၊ စေတီ၊ ဂူ၊ အုတ်ကျောင်းများ ဖျက်ဆီးခံရသည်။ ထိုမှ ပုဂံသည်လည်း ခြုံများအောက်၊ မြေကြီးများအောက်တွင် နစ်မြုပ်ခဲ့ရသည်။ သမိုင်းကို ဖျက်ဆီးခံခဲ့ ရသည်။ ဖျက်ဆီးခံရသည်မှာ တစ်ခဏသာ ဖြစ်သော်လည်း နဂိုအတိုင်းဖြစ်ရန် ပြည်လည်တည် ဆောက်ရန်မှာမူ မည်မျှကြာမည် မခန့်မှန်းနိုင်ပေ။

ယနေ့ပုဂံမှာမူ ပြည်တွင်းပြည်ပခရီးသည်များနှင့် စည်ကားနေဆဲ၊ တိုက်တာ အဆောက်အအုံများနှင့် ပနံရနေဆဲ၊ ကူးသန်းကုန်သွယ်မှုအရှိန်ယူနေဆဲ၊ ရှေးရှေးကပုဂံ၏ အရိပ်အောက်တွင် ခိုလှုံနေဆဲ၊ လမ်းတံတားများ ကောင်းမွန်လာ၍ သွားလာရေး ဖွံ့ဖြိုးနေဆဲ၊ တည်ငြိမ်လုံခြုံ အေးချမ်း၍ လုပ်ငန်းသစ်များ အရှိန်ယူနေဆဲဖြစ်သည်။ ယနေ့ပုဂံကို ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ခဲ့သည်မှာ နှစ်ကာလများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ အချိန်ယူကာတည်ငြိမ်အေးချမ်းရန်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ လွတ်လပ်စွာ ကုန်ထုတ်ကုန်သွယ်ကူးသန်းရောင်းဝယ်နိုင်ရန်၊ စည်းလုံးညီညွတ်ရန်၊ အတ္တလောဘ သံသယများကင်းရှင်းရန် ကြိုးစားဆောင်ရွက်နေဆဲဖြစ်သည်။ မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည်ဟု မျှော်လင့်မိသည်။

တကယ်တော့ လူသားများသည် တစ်ဦးတစ်ယောက်တည်းနေ၍ အခက်အခဲများကို ရင်ဆိုင်သည်ထက် အဖွဲ့အသင်းများဖြင့် ရင်ဆိုင်ဖြေရှင်းသည်က ပို၍မြန်ဆန်အောင်မြင်နိုင်သည်၊ အိမ်တစ်အိမ်၊ မိသားစုတစ်စုတွင်ပင်ကြည့်ပါ မတူနိုင်သော အရာများဖြင့်တူညီသော အိမ်ထောင်တစ်ခု၊ မိသား တစ်စုကိုဖွဲ့စည်းထားခြင်းဖြစ်သည်။ အသက်ကြီးသူ၊ ရွယ်တူ၊ ငယ်သူများရှိသည်၊ ယောကျ်ားများရှိ သည်၊ မိန်းကလေးများရှိသည်၊ ပညာတတ်သူ၊ မတတ်သူ၊ တွေးခေါ်မြော်မြင်စိတ်ရှိသူ၊ တစ်ဇွတ်ထိုး လုပ်သူ၊ ရုပ်ရည်ချောမောလှပသူ၊ ရုပ်ဆိုးသူ၊ ချမ်းသာသူ၊ ဆင်းရဲသူစသည်ဖြင့်ရှိပေမည်။ သို့သော် ဘယ်လိုပင် သတ်မှတ်ချက်တွေရှိပါစေ မိသားစု၊ အိမ်ထောင်စုတစ်ခုပင်ဖြစ်သည်။ မျှတမှုများ၊ စာနာထောက်ထားမှုများ၊ သည်းခံခွင့်လွှတ်မှုများ၊ ရေရှည်မြော်တွေးမှုများဖြင့် မိသားစုအသိုက်အဝန်း မပျက်စီးရန် အားလုံးမှအတ္တများ၊ မာန်မာနများကို ရှေ့တန်းမတင်ဘဲ လျှော့တန်လျှော့၊ ဥပေက္ခာပြုတန်ပြု၍ အဆင်ပြေစွာစုပေါင်းနေထိုင်မှ သာလျှင် ရေရှည်တည်တံ့သော၊ ငြိမ်းချမ်းအေးချမ်းသော မိသားစုကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

ထို့အတူပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့်မျိုးနွယ်စုပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်တော်သို့ မိသားစုများသည် ကျွန်တော်တို့နေထိုင်ရာအိမ်ဖြစ်သည့် မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်အောင် ကြိုးစားခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို တိုင်းရင်း သားအားလုံးက ပိုင်ဆိုင်သည် မြန်မာနိုင်ငံနှင့်သက်ဆိုင်သော အခက်အခဲပြဿနာများသည်လည်း မြန်မာတိုင်းရင်းသားများနှင့် ပတ်သက်သည် မြန်မာနိုင်ငံကိုတောင် တည်ဆောက်နိုင်ခဲ့သေးတာပဲ၊ ညီညီညွတ်ညွတ်နှင့် အခက်အခဲများကို တွန်းလှန်ဖို့ ဘာတွေခက်ခဲနေမှာလဲ။ စည်းစည်းလုံးလုံးနှင့် ဆောင်ရွက်ရင် ဘာမအောင်မြင်စရာ ရှိမှာလဲ၊ သို့သော် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိရန် သာလိုအပ်သည်။ စိတ်ရှည်သည်းခံရန်လိုသည်။ အတ္တများကို ဘေးချိတ်ထားရန် လိုသည်။ ရေရှည်အကျိုးမြော်တွေး၍ ဆောင်ရွက်ရန်လိုသည်။

မြန်မာနိုင်ငံကို အသက်သွေးချွေးမြောက်မြားစွာစတေး၍ လွတ်လပ်ရေး ရရှိရေးအတွက်ပေးဆပ်တည်ဆောက်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အနစ်နာခံမှုများ၏ ကျေးဇူးကို မျိုးဆက်သစ်တိုင်းရင်းသားများက ထာဝစဉ်ကျေးဇူးတင်သင့်သည်။ သူတို့ တည်ထောင်ခဲ့သော မြန်မာနိုင်ငံကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်စေရန်ဆောင်ရွက်ခြင်းသည် မိမိဘိုးဘွားများကို ကျေးဇူးကန်းရာ ရောက်သည် ဂရုမစိုက်ရာရောက်သည်။

မြန်မာနိုင်ငံသား ဖြစ်သူကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်ကလည်း နိုင်ငံခြားသတင်းထောက်တစ်ဦး၏ ကမ္ဘာကြီးငြိမ်းချမ်းဖို့၊ ပဋိပက္ခတွေ ကင်းရှင်းဖို့အတွက် ဘာတွေလိုအပ်ပါသလဲ ဟူသောမေးမြန်းမှုကို နိုင်ငံအရေး၊ လူမျိုးအရေး၊ ကိုးကွယ်မှုဘာသာအရေး၊ အယူဝါဒအရေးတို့ကို ခုတုံးလုပ်၍ အတ္တများ၊ သံသယများ ရှေ့တန်းတင်ကာ ဆောင်ရွက်နေမှုများကို ဘေးဖယ်ထားပြီး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆွေးနွေး အဖြေရှာကြရင် ကမ္ဘာကြီးငြိမ်းချမ်းမယ်။ ပဋိပက္ခတွေကင်းရှင်းပါမယ်လို့ တိုတောင်းရှင်းလင်းစွာ ဖြေကြားခဲ့ကြောင်းကြားခဲ့ဖူးသည်။

ဘယ်သူမှန်သည်၊ ဘယ်သူမှားသည်ဟူ၍လည်း မပြောလိုပေ။ ယုံကြည်ရာတစ်ခုအတွက် လက်နက်တွေကိုင်စွဲ၍ အချင်းချင်းတိုက်ခိုက်နေကြသောကြောင့် မြေစာပင် တိုင်းရင်းသားပြည်သူများ သေကျေပျက်စီးနေကြသည်ကိုတွေ့နေရသည်။ ကူးသန်းရောင်းဝယ်ကြသော လုပ်ငန်းရှင် စီးပွားရေးသမားများ အခက်အခဲပေါင်းစုံ ကြုံတွေ့နေရသည်ကို ကြားနေရသည်။ ထို့ကြောင့်ပင် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုကို ဖျက်ဆီးနေသောအချက်သည်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အချင်းချင်းလက်နက်စွဲကိုင် တိုက်ခိုက်နေမှုများဖြစ်မည်ဟု ပြည်သူတစ်ယောက်အနေဖြင့် ရိုးသားစွာထင်မြင်မိသည်။ လွတ်လပ်ရေးရရှိရန်ဘိုးဘွားများက စုစုစည်းစည်းဖြင့် သွေးစည်းညီညွတ်စွာ ရယူ၍ ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်သကဲ့သို့ ဘိုးဘွားများ၏ မျိုးဆက်များဖြစ်သောသူများကလည်း ဘိုးဘွားတို့၏ အသက်သွေးချွေးမြောက်များစွာစတေး၍ ရယူတည်ဆောက်ခဲ့ရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်မှာ မျိုးဆက်သစ်များ၏ တာဝန်ပင်ဖြစ်သည်။

မျိုးဆက်သစ်တိုင်းရင်းသားပြည်သူများသည်အတိတ်မှ မှားယွင်းခဲ့မှုများကိုသင်ခန်းစာယူ၍သံသယစိတ်များကိုဖျောက်၊ စိတ်ဝမ်းကွဲမှုများပယ်ဖျက်၍ တစ်အူထုံဆင်း ညီရင်းအစ်ကိုမောင်ရင်းနှမများကဲ့သို့ စိတ်မွေးကြရမည်။ မိမိတို့၏ ထပ်မံပေါက်ဖွားလာမည့် မျိုးဆက်သစ် သားသမီးများအတွက် စစ်ပွဲတွေကင်း၍ ငြိမ်းချမ်းသာယာလှပသော ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကြွယ်ဝချမ်းသာ၍ အင်အားကြီးမားသော၊ အနာဂတ်နိုင်ငံတော်သစ်ကြီးအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သင့်သည်။ သို့မှသာ အဘိုး၊ အဘွားတို့အပေါ်လေးစားရာရောက်ပြီး မိမိတို့၏အနာဂတ်မျိုးဆက်များအပေါ်တွင်လည်း တာဝန်ကျေရာရောက်ပေမည်။ ထိုသို့ဖြစ်ရန်အတွက် လက်နက်ကိုင်တိုက်ပွဲများ ကွယ်ပျောက်သွားမှဖြစ်နိုင်ပေမည်၊ လက်နက်ကိုင်တိုက်ပွဲများမရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုများကို အင်တိုက်အားတိုက်ကြိုးစား လုပ်ဆောင်လာနိုင်မည်။ တိုင်းပြည်ရှိလူ့စွမ်းအားအရင်းအမြစ်များကို ပိုမိုဖော်ထုတ်လာနိုင်မည်။ နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များ၊ သယံဇာတအရင်းအမြစ်များကို ကောင်းမွန်စွာ အသုံးချလာနိုင်မည်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်အခွင့်အလမ်းများပိုမို ဖော်ထုတ်လာနိုင်မည်။ တိုင်းပြည်ဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံများကို ပိုမိုတည်ဆောက်လာနိုင်မည်။ နိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များ ပိုမိုရရှိလာပေမည်။

ထိုသို့ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး တည်ငြိမ်မှု၊ အေးချမ်းမှု၊ ငြိမ်းချမ်း မှုများရရှိရန်လိုသည်။ ပြည်သူများ စိတ်ချလက်ချအလုပ်အကိုင်များကို လွတ်လပ်စွာ လုပ်ကိုင်လာနိုင်မည်။ သဘာဝနှင့် မြေပေါ်မြေအောက်သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျ မျှဝေသုံးစွဲလာနိုင်မည်။ ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများတည်ဆောက်လာနိုင်မည်။လမ်းတွေ၊ တံတားတွေကောင်းလာမည်။ ဆက်သွယ်ရေးစနစ်တွေမြင့်မားလာမည်။ ပညာရေး၊ ကျန်းမာရေးအဆင့်များ မြင့်မားလာမည်။ တိုးတက်မှု၏ အသီးအပွင့်များကို လက်ရှိတိုင်းရင်းသားပြည်သူများသာမက အနာဂတ်မျိုးဆက်များအထိပါ ခံစားနိုင်မည်။ အလုပ်အကိုင်သစ်တွေ ဖန်တီးလာနိုင်မည်။ ထိုအခါ အခြားဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ တိုးတက်ဖွံ့ဖြိုးလာမည်။ တစ်ဦးချင်းဝင်ငွေများ မြင့်မားလာမည်ဖြစ်သည်။

တိုင်းရင်းသားအချင်းချင်းဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်တိုက်ပွဲများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ငွေကြေးများကို အလဟဿ ဖြုန်းတီးပစ်နေ သလိုဖြစ်နေသည်။ လက်နက်တစ်လက်၊ ကျည်တစ်တောင့်၊ ဗုံးသီးတစ်လုံး၏ တန်ဖိုးသည် မနည်း လှပေ။ တိုက်ပွဲတစ်ခုဖြစ်ပွားပါက မိုးမွှန်နေအောင်ပစ်ကြ၊ ခတ်ကြသည်။ တွက်ကြည့်လိုက်ပါ။ ပြည်သူလူထုအတွက်ပေးဆပ်ရမည့်၊ လုပ်ဆောင်ပေးရမည့် ငွေကြေးတွေမဆုံးရှုံးခဲ့ဘူးလား၊ ထိုလက်နက်ခဲယမ်းတွေ ဝယ်ယူဖို့နိုင်ငံတော်က ထိန်းသိမ်းထားပြီး တိုင်းရင်းသားပြည်သူများ အားလုံး ပိုင်ဆိုင်တဲ့မြေပေါ်၊ မြေအောက် သယံဇာတပစ္စည်းတွေရောင်းချ၍ ရရှိငွေ၊ အခွန်အခ ကောက်ခံရရှိငွေတွေပဲမဟုတ်လား။ အဆိုပါရရှိငွေတွေကို မိမိလူမျိုး၊ မိမိပြည်သူလူထု၊ မိမိ တိုင်းပြည်အတွက်တံတားလေးတစ်စင်း၊ စာသင်ကျောင်းလေးတစ်ကျောင်း၊ ဆေးပေးခန်းလေး တစ်ခုတည်ဆောက်ပေးခဲ့လျှင် အခုအချိန်လောက်ဆို ဘယ်လောက်များဖွံ့ဖြိုးနေလိမ့်မလဲ တွက်ချက်မိသည်။

ထို့ပြင်ကျွန်တော်သတိထားကြည့်မိသလောက် တိုက်ပွဲဖြစ် ရာနေရာများတွင်မည်သည့် လုပ်ငန်းရှင်က လာရောက်ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ကြပေ။ ထိုအခါဖွံ့ဖြိုးတိုးတက်မှုနှေးကွေးမည်။ အလုပ်အကိုင်များရှားပါးလာမည်။ ဆင်းရဲမှုသံသရာထဲတွင်ဝဲလည်နေပေမည်။ ကြောက်လန့်မှုများ စိုးမိုးနေသည့်ဒေသ၊ ယမ်းနံ့တွေ၊ သွေးညှီနံ့တွေ ပေကျံနေသည့် ဒေသကိုမည်သည့် စီးပွားရေးလုပ်ငန်းရှင်များမှ လာမည်မဟုတ်ပေ။ ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုများကို ဒေသနေပြည်သူများ အပြည့်အဝရရှိနိုင်မည်မဟုတ်ပေ။ ထိုမပြည့်ဝမှု၊မမျှတမှုများသည်နိုင်ငံတော်မှအကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့်ဟန်ချက်ညီဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဟန့်တားလျက်ရှိသည်မှာ အသေအချာပင်ဖြစ်သည်။

နိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာကြာမြင့်ခဲ့ပြီဖြစ်သော်လည်း လွတ်လပ်ရေး၏ အရသာကိုတိုင်းရင်းသားပြည်သူများအားလုံး ပြည့်ဝစွာ မခံစားရသည်မှာလည်းကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းပြည် လွတ်လပ်ရေး ရရှိစေရေးအတွက် အဘိုး၊ အဘွားများက တာဝန် ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါလျက် ၎င်းတို့၏ သွေးသားမျိုးဆက်များက အချင်းချင်း သွေးကွဲကာ သံသယများတိုးပွား၍ တိုက်ပွဲများဆင်နွှဲလျက်ရှိနေ၍ ဖြစ်သည်။

**စာမျက်နှာ (၂၇)သို့**

# ပြည်တွင်းရှိ ရေထွက်ကုန်များ ဝယ်ယူတင်သွင်းရန် ဂျပန်ကုမ္ပဏီကမ်းလှမ်း



ပြည်တွင်းမှ ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းရန် ဂျပန်နိုင်ငံမှ ကမ်းလှမ်းမှုများရှိလာကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

ရေထွက်ကုန်များတင်သွင်းရန်အတွက် ကမ်းလှမ်းသည့် ကုမ္ပဏီမှာ ဂျပန်နိုင်ငံတွင် အေးခဲရေထွက်ကုန်ပစ္စည်းမျိုးစုံ တင်သွင်းနေသည့် Dolphin Co,Ltd. ဖြစ်ပြီး ပြည်တွင်းမှ အေးခဲရေထွက်ကုန်များဖြစ်သည့် ပေါင်းထားသော ကမာခုံးအသားနှင့် ကဏန်းပျော့ တို့ကိုဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

"သူတို့ဝယ်ယူလိုတဲ့ ရေထွက်ကုန်ပစ္စည်းအချက်အလက်ကို သံရုံးကနေ ပေးပို့လာပါတယ်။ မြန်မာရေထွက်ကုန်ပစ္စည်းကို တင်သွင်းလိုတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း အဲဒီကုမ္ပဏီရဲ့ ဝက်ဘ်ဆိုက်မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်" ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးမျိုးသန့်က ပြောသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းလိုသည့် ကိစ္စနှင့် ပတ်သက်၍ ၎င်းတို့၏ ကုမ္ပဏီဆိုင်ရာ အကြောင်းအရာများ၊ ဝယ်ယူလိုသည့် ရေထွက်ကုန်များ၏ အရွယ်အစား၊ ထုပ်ပိုးပုံအနေအထား၊ ဝယ်ယူလိုသည့်ပမာဏ စသည့် အချက်အလက်များကို သံရုံးမှတစ်ဆင့် ပေးပို့ထားပြီး ဖြစ်ကြောင်း သိရသည်။

**ချောစု**

# အာမခံ ထုတ်ကုန်များအား အွန်လိုင်းတွင် ရောင်းချနိုင်ရန် စီစဉ်

အာမခံထုတ်ကုန် အမျိုးအစားအားလုံးကို အွန်လိုင်းမှတစ်ဆင့် ရောင်းချနိုင်ရန်အတွက် စီစဉ်နေပြီဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ မြန်မာ့အာမခံလုပ်ငန်းကဏ္ဍအားလုံး ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချနိုင်ရေးအတွက်ကိုလည်း တင်ဒါလျှောက်လွှာများ ရောင်းချပေးနေကြောင်း သိရသည်။

"အွန်လိုင်းကနေ ရောင်းချနိုင်ဖို့ တင်ဒါခေါ်ထားပြီးပါပြီ။ အာမခံထုတ်ကုန်အားလုံးကို မြန်မာ့အာမခံကရောင်းပေးမှာပါ။ အဲဒီအတွက်ကိုလည်း စက်တင်ဘာ ၃၀ ရက်နောက်ပိုင်းစပြီးလုပ်ဆောင်မှာပါ"ဟု မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပြောသည်။

လက်ရှိတွင် လျှောက်လွှာ ၃၀ ခန့်ကို ရောင်းချပေးထားပြီး တင်ဒါခေါ်ယူခြင်းကိုလည်း ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖောင်ပိတ်သွားမည်ဖြစ်ကြောင်း၊ ငွေပေးချေမှုအတွက်ကိုလည်း ဘဏ်လုပ်ငန်း၊ WaveMoney စသည့်လုပ်ငန်းများနှင့် ညှိနှိုင်းဆွေးနွေး၍ ချိတ်ဆက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းစနစ်ဖြစ်ပေါ်လာပါက လက်ရှိအာမခံလုပ်ငန်းများမှ ရောင်းချလျက်ရှိသည့် အာမခံအမျိုးအစား ၄၀ စလုံးကို ဝယ်ယူနိုင်မည်ဖြစ်ပြီး ထပ်မံတိုးချဲ့မည့် အာမခံအသစ်တိုင်းကိုလည်း ထည့်သွင်းနိုင်ရန် ပလက်ဖောင်းတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများလိုက်နာရန် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အမိန့်ကြော်ငြာစာ ထုတ်ပြန်မည်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ စာရင်းဝင်ကုမ္ပဏီများနှင့် အစုရှယ်ယာရှင် ၁၀၀ နှင့်အထက်ရှိသည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီများ လိုက်နာရန် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အမိန့်ကြော်ငြာစာကို ယခုနှစ် ဧပြီလတွင် ထုတ်ပြန်ရန် စီစဉ်ထားကြောင်းသိရသည်။

ယင်း အမိန့်ကြော်ငြာစာအရမြန်မာနိုင်ငံ အရင်းအနှီးဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုနှင့် စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ တိုးမြှင့်လာနိုင်မည်ဖြစ်ကာ အကြံပေးကော်မတီအနေဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးတက်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်မည်ဖြစ်ကြောင်း ခေတ္တအကြံပေး ကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောသည်။

"နိုင်ငံအတွင်းမှာရှိတဲ့ အရင်းအနှီးဈေးကွက်တွေ ပိုမိုတိုးတက်စေရေးအတွက် ထောက်ပံ့ပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒီအမိန့်ကြော်ငြာစာကို ဥပဒေရေးရာ လုပ်ငန်းစဉ်တွေ ဆောင်ရွက်ပြီးစီးသွားတဲ့အခါ ဒီ ၂၀၂၀ ပြည့်နှစ် ဧပြီလမှာ ထုတ်ပြန်ပြီး အောက်တိုဘာလမှာ စတင်အသက်ဝင်နိုင်ဖို့ စီစဉ်ထားပါတယ်" ဟု ဦးအောင်နိုင်ဦးက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးအတွက် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ အကြံပေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ပထမဆုံးမှတ်တိုင်အနေဖြင့် သီးခြားလွတ်လပ်သော ဒါရိုက်တာများ၊ စာရင်းစစ် ကော်မတီ၊ ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစသည့် အခန်းကဏ္ဍများပါဝင်သည့် ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအမိန့်ကြော်ငြာစာမူကြမ်းကို အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကြံပေးကော်မတီတွင် OECD ကော်ပိုရိတ် စီမံ အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr.Marcello Bianchi က အကြံပေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို အကြံပေးကော်မတီက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အမိန့်ကြော်ငြာစာနှင့် စပ်လျဉ်းပြီး သိရှိလိုပါက OECD မှ Senior Policy Analyst ဖြစ်သူ Mr.KeñTa Fukamien ၏ အီးမေးလ် KeñTa.Fukami@oecd.org သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ပန်းဆု**

# ယခုလအတွင်း ဖရဲ၊ သခွားဈေးမြင့်တက်ဖွယ်မရှိ

တရုတ်နိုင်ငံ ဝူဟန်မြို့က စတင်ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကျဆင်းခဲ့သည့် ဖရဲသခွား ဈေးနှုန်းများမှာ ယခု ဖေဖော်ဝါရီလအတွင်း ပြန်လည်မြင့်တက်ဖွယ်ရာမရှိကြောင်း သစ်သီးဝလံကုန်စည်ဒိုင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ သိရသည်။

အဆိုပါ ဖရဲ သခွားဈေးနှုန်းများသည် တရုတ်နှစ်ကူး မတိုင်ခင်က ၈၅၅ ဖရဲတစ်စီးကို တရုတ်ယွမ်ငွေ ၄၅၀၀၀ ယွမ်မှ ၄၈၀၀၀ ယွမ်အထိ ဈေးဖြစ်ခဲ့သော်လည်း လက်ရှိတွင် ၁၈၀၀၀ ယွမ်ဈေးခန့်သာ ရှိတော့ကြောင်း ယင်းကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ စိုင်းခင်မောင်က ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြောသည်။

"ဈေးကွက်အခြေအနေက တရုတ်နှစ်ကူးမတိုင်ခင် ဈေးနှုန်းကို ဒီလထဲမှာ လုံးဝ မျှော်မှန်းလို့ မရသေးဘူး။ အဲဒီဈေးတန်းကို ပြန်ရောက်ဖို့မလွယ်ဘူး။ အချိန်ယူရဦးမယ်။ ဈေးကွက်ပြန်တည်ဆောက်ရဦးမယ်။ ဖြည်းဖြည်းချင်းပြန်သွားရမယ်" ဟု ၎င်းက ပြောသည်။



ယခုအချိန်တွင် ဖရဲ၊ သခွား အရောင်းအဝယ် ကျဆင်းနေသည့်အတွက် တောင်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် တရုတ်ဘက်က ရောဂါထိန်းချုပ်နိုင်ပြီး အခြေအနေတည်ငြိမ်မည်အထိ စောင့်ဆိုင်းပြီးမှသာ တင်ပို့ရန် သစ်သီးဝလံ ကုန်စည်ဒိုင် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်က ပြီးခဲ့သည့် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် အထူးသတိပေးချက် ထုတ်ပြန်ထားသည်။

မြန်မာဘက်က တင်ပို့သည့် သစ်သီးဝလံများကို တရုတ်နိုင်ငံက အရေးပေါ် အခြေအနေဖြင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကန့်သတ်ထားမှုများကြောင့် တင်ပို့ရောင်းချမှုနှင့် ဝယ်ယူရေး ဈေးကွက်တွင် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရသည်။

လွန်ခဲ့သည့် ၂၀၁၃ ခုနှစ် ဆားစ်ရောဂါဖြစ်ပွားစဉ်က ဖရဲဈေး စီချိန်တင်မြင့်တက်ခဲ့ပြီး လက်ရှိဈေးကွက်အတွက် အဆုတ်ရောင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ရောဂါမှာ ကူးစက်မှု မြန်ဆန်ပြီး ကပ်ရောဂါအသွင် အရေးပေါ် အခြေအနေကြောင့် ပြည်နယ်ချင်း သယ်ယူပို့ဆောင်မှုအခက်အခဲဖြစ်ပေါ်နေခြင်းဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဖရဲတန်ချိန် ရှစ်သိန်းကျော်နှင့် သခွားမွှေးတန်ချိန် တစ်သိန်းခွဲကျော် နှစ်စဉ်တင်ပို့လျက်ရှိပြီး ယခု ၂၀၂၀ ပြည့်နှစ်အတွင်း ဖရဲတန်ချိန် နှစ်သိန်းကျော်နှင့် သခွားမွှေး တန်ချိန်အနည်းအငယ်သာ တင်ပို့နိုင်သေးသည့်အတွက် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက လေးပုံတစ်ပုံသာ တင်ပို့နိုင်သေးကြောင်း သိရသည်။

**ပန်းဆု**

# ပြည်မြို့ မြို့သစ်ရပ်ကွက်နှင့် ရွှေတံခါးရပ်ကွက်များရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေး


ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်မြို့နယ်တာဝန်ခံရုံးမှ ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၁ရက်နံနက် ၉ နာရီမှစတင်၍ မိတ်ဖက်ဌာနများဖြစ်သည့် ခရိုင် FDA၊ မြို့နယ်(ထွေ/အုပ်)၊ မြို့နယ်စည်ပင်၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများနှင့်အတူ ပြည်မြို့မြို့သစ်ရပ်ကွက်နှင့် ရွှေတံခါးရပ်ကွက် အတွင်းရှိ အင်္ဂလိပ်ဆေးနှင့် မြန်မာဆေးမျိုးစုံရောင်းချသောဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင် FDA မှ တာဝန်ရှိသူများက ရက်လွန်ဆေးဝါးများ ရောင်းချနေခြင်းရှိ/မရှိ မြို့နယ်ကျန်းမာရေးမှ တာဝန်ရှိသူကလည်း ဆေးဆိုင်အတွင်း ဆေးများ ထားသိုသိမ်းဆည်းရာတွင် သန့်ရှင်းသပ်ရပ်မှုရှိ/မရှိ စစ်ဆေးခြင်း၊ ဆေးဝါးရောင်းချခွင့်လိုင်စင်ရှိ/မရှိစစ်ဆေးခြင်း၊ မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာမှ ဌာနခွဲစာရေး ဒေါ်နီနီဝင်းနှင့် ဒု-ဦးစီးမှူး ဒေါ်အေးမြတ်သီတာတို့က စားသုံးသူများ လိုက်နာရမည့် အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်နှင့် အခွင့်အရေးများအကြောင်း ရှင်းလင်းဆွေးနွေး၍ ကုန်စည်တွင်ပါဝင်သည့် ညွှန်ကြားချက်များ အားလုံးကို မြန်မာဘာသာဖြင့် ပြည့်စုံစွာဖော်ပြရန် ညွှန်ကြားပြီးဖြစ်၍ မြန်မာဘာသာဖြင့်ဖြစ်စေ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ပြည့်စုံစွာ ညွှန်ကြားဖော်ပြထားခြင်းမရှိသော ဆေးဝါးများအား ရောင်းချခြင်းမပြုလုပ်ကြရန်နှင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၆ ရက်မှစ၍ အရေးယူခြင်း အစီအစဉ်ဆောင်ရွက်မှုများ စတင်လာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာနက ထုတ်ပြန်ထားသော စားသုံးသူကာကွယ်ရေးဥပဒေ (၉/၂၀၁၉) ပြဋ္ဌာန်းချက်များကို စားသုံးသူမိဘပြည်သူတိုင်း သိထားသင့်သော သတင်းအချက်အလက်များ ပြည့်စုံစွာပါရှိသော လက်ကမ်းစာစောင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြရမည့် အသေးစိတ်အချက်များ ပါဝင်သော လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

**အေးမြတ်သီတာ(ပြည်)**

# အစိုးရအထောက်အပံ့ရယူတင်ပို့သည့် အိန္ဒိယကုန်စည်များအပေါ် အမေရိကန်စိစစ်စုံစမ်း



အမေရိကန်နိုင်ငံသည်ပြည်တွင်းရှိလုပ်ငန်းရှင်များအား အကာအကွယ်ပေးရန်အတွက် နိုင်ငံအတွင်းသို့ တင်သွင်းသော ကုန်စည်များအား သက်ဆိုင်ရာထုတ်လုပ်တင်ပို့သည့်နိုင်ငံ၌ အစိုးရထံမှ ပို့ကုန်အထောက်အပံ့များ ရယူခြင်းရှိ၊ မရှိကို စုံစမ်း စိစစ်၍ တန်ပြန်အကောက်ခွန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များအပေါ် ထိုသို့စိစစ်မှုမှ ကင်းလွတ်ခွင့်ပြုထားပါသည်။ သို့ရာတွင် ဖေဖော်ဝါရီ ၁၀ ရက်တွင် အမေရိကန်နိုင်ငံအစိုးရသည် အိန္ဒိယ နိုင်ငံအပါအဝင် အချို့သော နိုင်ငံများ ကို အဆိုပါကင်းလွတ်ခွင့်ပြုထားသည့် စာရင်းမှ ဖယ်ရှားခဲ့သည်။

အိန္ဒိယနိုင်ငံသည် G-၂၀ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှုတွင် ပါဝင်သည့် အချိုးအစားမှာလည်း သုည ဒသမ ၅ ရာခိုင်နှုန်းထက်ကျော်လွန်လျက်ရှိသဖြင့် အမေရိကန်နိုင်ငံ၏ တန်ပြန် အကောက်ခွန်ဥပဒေ (countervailing duty law) အရ သက်ဆိုင်ရာအစိုးရထံမှ ပို့ကုန်ဆိုင်ရာအထောက်အပံ့များရယူခြင်းရှိ/မရှိ စုံစမ်းစိစစ်ခြင်းမှ ကင်းလွတ်ခွင့် ရရှိမည့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများစာရင်းကို အမေရိကန်ပြည်ထောင်စုကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (USTR) က အသစ်ပြန်လည်ထုတ်ပြန်ရာတွင် ပါဝင်ခြင်း မရှိတော့ကြောင်း သိရှိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အိန္ဒိယ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများအနက် အမေရိကန်နိုင်ငံသည် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၈၇ ဒသမ ၉၅၅ ဘီလီယံ ၁၀ ဒသမ ၄၂ ရာခိုင်နှုန်းဖြင့် ပထမနေရာ၌ ရပ်တည်နေခဲ့ပြီး အိန္ဒိယအနေဖြင့် ၎င်းနှစ်ကာလတွင် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေဒေါ်လာ ၁၆ ဒသမ ၈၅၆ ဘီလီယံ ရရှိခဲ့သည်။ USTR ၏ စာရင်းများအရ ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်နိုင်ငံမှ တင်သွင်းခဲ့သော အိန္ဒိယ၏ပို့ကုန်များအနက် GSP အခွင့်အရေး ရရှိခဲ့သော ပမာဏမှာ ဒေါ်လာ ၆ ဒသမ ၃ ဘီလီယံ ခန့်ရှိခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အိန္ဒိယနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်က သတင်းထုတ်ပြန်ထားပြီး ၎င်းခရီးစဉ်မတိုင်မီနှစ်နိုင်ငံအကြား ဆွေးနွေးလျက်ရှိသည့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို အပြီးသတ်ညှိနှိုင်းရန်အတွက် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး Mr.Robert Lighthizer သည် အိန္ဒိယနိုင်ငံသို့ ဦးစွာလာရောက်ဖွယ်ရှိသည်။ သို့ရာတွင် ယခုကဲ့သို့ ဖွံ့ဖြိုးမှုအဆင့် တိုးမြှင့်သတ်မှတ်ခံရခြင်းက အမေရိကန်နိုင်ငံသို့ တင်ပို့လျက်ရှိသော ကုန်စည်များအတွက် အိန္ဒိယအစိုးရမှ အထောက်အပံ့များ ပေးအပ်ခြင်းကို အတားအဆီးဖြစ်စေသကဲ့သို့ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အမေရိကန်အစိုးရက GSP အထူးအခွင့်အရေး ပေးအပ်ထားမှုမှ ရုတ်သိမ်းခဲ့သော အိန္ဒိယပို့ကုန်များအတွက် GSP အခွင့်အရေးပြန်လည်တောင်းဆိုရန် မျှော်လင့်ချက်ကိုလည်း မှေးမှိန်စေခဲ့ပြီဖြစ်သည်။

အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr.Piyush Goyal က ၎င်းတို့အနေဖြင့် GSP ကဲ့သို့ အခြားနိုင်ငံမှ ပေးအပ်သော အထောက်အပံ့များ မလိုအပ်ကြောင်း ပြောကြားသော်လည်း ပြည်တွင်းရှိကုန်သည်လုပ်ငန်းရှင်များကမူ ထုတ်လုပ်မှုစရိတ်သက်သာစွာဖြင့် ယှဉ်ပြိုင် လုပ်ကိုင်နိုင်သည့် ပြိုင်ဘက်များ ဈေးကွက်သို့ဝင်ရောက်မှု ပိုမိုမြင့်မားလာခြင်းကြောင့် အိန္ဒိယ၏ပို့ကုန်လုပ်ငန်းကဏ္ဍမှာ ဖိအားများအောက်၌ ရုန်းကန်နေရဦးမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိကြသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# စစ်တွေကုန်သွယ်ရေးစခန်း၌ ဖေဖော်ဝါရီလ ပထမပတ်တွင် ပို့ကုန်ပစ္စည်း ဒေါ်လာခြောက်သိန်းကျော် တင်ပို့ခဲ့

စစ်တွေကုန်သွယ်ရေးစခန်း၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီ ပထမပတ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ကုန်ပစ္စည်း သုည ဒသမ ၆၄၆ ဒေါ်လာသန်းဖိုး တင်ပို့ခဲ့ကြောင်း သိရှိရသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ကုန်သွယ်မှုပမာဏလျာထားချက်မှာပို့ကုန် သုည ဒသမ ၈၂၀ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၁၈၀ ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ ၁ ဒသမ ၀၀၀ ဒေါ်လာသန်းလျာထားပြီး ပထမပတ်အတွင်း သွင်းကုန်တင်သွင်းမှုမရှိခဲ့သော်လည်း ပို့ကုန် သုည ဒသမ ၆၄၆ ဒေါ်လာ သန်းတင်ပို့နိုင်ခဲ့၍ စုစုပေါင်းကုန်သွယ်မှု ပမာဏလျာထားချက်အပေါ် ၆၄ ဒသမ ၆၀ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပို့ကုန် လျာထားချက်အပေါ် ၇၈ ဒသမ ၇၈ ရာခိုင်နှုန်းထိဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ပထမပတ်တွင် အဓိကတင်ပို့ခဲ့သော ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၅၆၄ ဒသမ ၅၀ တန်၊ တန်ဖိုး သုည ဒသမ ၃၁၁ ဒေါ်လာသန်း၊ ဆီးဖတ် ၄၈၄ တန်၊ သုည ဒသမ ၀၅၆ ဒေါ်လာသန်း၊ မန်ကျည်းစေ့ ၄၇၃ တန်၊ သုည ဒသမ ၀၂၆ ဒေါ်လာသန်းနှင့် အခြားကုန်စုံပစ္စည်းများ တင်ပို့ခဲ့ကြောင်း သိရှိရသည်။ တစ်ဖက်နိုင်ငံဝယ်လိုအားရှိချိန် ကြက်သွန်နီများများ တင်ပို့နိုင်အောင် ကြိုးစားလျက်ရှိကြောင်းနှင့် နောက်လများတွင် ချင်း(အစို) ပိုမိုတင်ပို့လာနိုင်သည်ဟု ခန့်မှန်းထားကြောင်း ကုန်သည်များထံမှ သိရှိရသည်။ **ညီညီအောင်(စစ်တွေ)**

စာမျက်နှာ (၂၅) စည်းလုံးညီညွတ်မှတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်......မှ အဆက်

ထိုသို့တိုက်ပွဲများဖြစ်ပွားနေ၍ နိုင်ငံဖွံ့ဖြိုး တိုးတက်မှု နောက်ကျခဲ့သည်။ တိုက်ပွဲများကဘဏ္ဍာငွေအမြောက်အမြား အလဟဿဆုံးရှုံးမှုဖြစ်စေသည်။ နိုင်ငံအတွင်းရှိပြည်သူများ အထိတ်တလန့်နေထိုင်ကြရသည်။ သေကျေပျက်စီး၊ ကိုယ်လက်အင်္ဂါများစွန့် လွှတ်ခဲ့ကြသည်။ ကြေကွဲဝမ်းနည်းမှုများစွာ ခံစားကြရသည်။ ရင်ခွင်မဲ့ကလေး ငယ်များစွာဖြစ်ကြရသည်။ စီးပွားရေးလုပ်ငန်းများမလုပ်နိုင်၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျရသည်။ အချင်းချင်း တိုက်ခိုက်နေကြ၍ ဘာများကောင်းတာရှိသနည်းဟု စိတ်ထဲတွင် အကြိမ်ကြိမ်မေးမြန်းဖြစ်သည်။ သို့သော် အဖြေတစ်ခုမရရှိခဲ့ပေ။

နိုင်ငံတော်မှလည်း အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် တိုင်းရင်းသားညီရင်းအစ်ကို မောင်နှမများအားလုံးပါဝင်သော ပြည်ထောင်စုနိုင်ငံကြီး ငြိမ်းချမ်းမှုရှိစေရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို အားရဖွယ်တွေ့ရှိ၊ ဖတ်ရှုနေရသည်။ မကြာမီငြိမ်းချမ်းတည်ငြိမ်၊ အေးချမ်းဖွံ့ဖြိုးသော၊ ဘက်စုံ လွှမ်းခြုံသော၊ ခေတ်မီတိုးတက်မှုများကို မြင်တွေ့ရတော့မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ပါ၍ မြန်မာတို့၏ နှလုံးသားထက်ကမဟာပုဂံ၏ အရှိန်အဝါသည် ကြီးကျယ်ခမ်းနားလှသည်။ ပုဂံသူပုဂံသားများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် တည်ဆောက်ခဲ့ကြ၍ မြင့်မြတ်တည်ကြည်စွာ စည်ကားခေတ်မီ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ အချင်းချင်း အတ္တလောဘ သံသယများပွားများ၍ အင်အားနည်းပါးသောအခါ ပြည်ပကျူးကျော်သူများ၏ ဖျက်ဆီးခြင်းကို ခံခဲ့ရ၍ တစ်ခဏအတွင်း ပျက်စီးခဲ့ရသည်။ နိုင်ငံသားများသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်လိုလားကြသည်။ တခြားဖွံ့ဖြိုးပြီး နိုင်ငံများနှင့်နှိုင်းယှဉ်၍ အားမလို၊ အားမရဖြစ်ကြသည်။ နိုင်ငံသားတစ်ဦးချင်း၊ တိုင်းရင်းသားလူမျိုးစုတစ်ဖွဲ့ခြင်း အတ္တ၊ လောဘ၊ သံသယများ ဘေးဖယ်ထားကာ တက်ညီလက်ညီ၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမည်။ ကုန်သွယ်ကူးသန်းလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်လာနိုင်မည်။ အလုပ်အကိုင်အသစ်များ တိုးတက်လာမည်။ လမ်းတံတားများ ကောင်းလာမည်။ ထိုမှတစ်ဆင့်တက်၍ တိုင်းရင်းသားညီအစ်ကို မောင်နှမများ လိုလားတောင့်တနေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို မလွဲမသွေတည်ဆောက်ရာရောက်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ကသာခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ဖေဖော်ဝါရီ ၂ ရက်တွင် အိမ်တွင်းမှုပညာသင်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းပိုက စားသုံးသူအခွင့်အရေးနှင့် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးဥပဒေ ဖြစ်ပေါ်လာသည့်အကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် လိုက်နာရမည့် တာဝန်များ၊ ဝန်ဆောင်မှုများအကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ကုန်ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူအသုံးပြုသင့်ကြောင်းနှင့် စားသုံးသူကာကွယ်ရေး ဥပဒေ(၂၀၁၉)ပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်အလက်များ၊ စားသုံးသူများ နစ်နာမှုရှိပါက စားသုံးသူအခွင့်အရေးအရ ထိခိုက်နစ်နာမှုကြုံလာပါက တိုင်ကြားနိုင်ရန်အတွက် တိုင်ကြားမှုပုံစံနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးပြည့်စုံဝင်းက ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အန္တရာယ်ရှိသော အလှကုန်ပစ္စည်းများအကြောင်းနှင့် ဆေးဝါးများ၊ ဆိုးဆေးများ၊ FDA သို့ မှတ်ပုံတင်ထားသောဆေးများနှင့် မှတ်ပုံတင်အမှတ်အသား သင်္ကေတအကြောင်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒု-ခရိုင်ဦးစီးမှူး ဦးကျော်စိန်ဌေးက သီးနှံများဝယ်ယူစားသုံးရာတွင် အန္တရာယ်ကင်းစွာ ချက်ပြုတ်စားသောက်နိုင်ရေးအတွက် စွန့်ပစ်စားသုံးဆီများအကြောင်း၊ နေ့စဉ်စားသောက်နေသော အစားအစာများကြောင့် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် တွဲဖက်စားသောက်သင့်သော သဘာဝအစားအစာများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စားသုံးသူများ သတင်းဝင်ရောက်ကြည့်ရှုနိုင်ရန် DOCA Website ပန်းဖလက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် လိုက်နာရမည့် (၂/၂၀၁၉) အမိန့်ကြော်ငြာစာ ပန်းဖလက်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

**လှလှခိုင် (ကသာ)**



# ကလေးမြို့ ၌ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်း အမှတ်အသားဖော်ပြခြင်းဆိုင်ရာ အကြောင်းအရာများဆွေးနွေး

ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူကာကွယ်ပေးရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးခဲ့ရာ ကလေးမြို့ပေါ်ရှိစီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်မျိုးစုံ ဆိုင်ရှင်များက စုစုပေါင်းလူဦးရေ ၃၃ ဦးတက်ရောက်ခဲ့ကြသည်။

ခရိုင်ဦးစီးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ရခြင်းသည် မိမိမြို့နယ်အတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် နစ်နာဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စားသုံးသူကာကွယ်ရေးဥပဒေပါ အချက်အလက်များအားရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒု-ဦးစီးမှူးဒေါ်စန္ဒာမွန်က မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ညွှန်ကြားချက်ပါ ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ဖြစ်စေဖော်ပြရမည်ဖြစ်ကြောင်းနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာများအား ကုန်စည် အုပ်စုအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပြီး အကြီးတန်းစာရေး ဒေါ်သိမ့်သိမ့်ထွန်းက စားသုံးသူကာကွယ်ပေးရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ တားမြစ်ချက်များနှင့် ပြစ်မှုနှင့် ပြစ်ဒဏ်များ အကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များမှလည်းမိမိတို့သိရှိလိုသည်များ မေးမြန်းခဲ့ကြပြီး ခရိုင်ဦးစီးမှူးဦးစိုးအောင်က ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**သိမ့်သိမ့် ( ကလေး )**

# ပုလဲမြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးသင်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေး၊ မြို့မဈေးအတွင်း စစ်ဆေး

ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုခရိုင်ဦးစီးမှူးဒေါ်ခိုင်မို့မို့၊ ပုလဲမြို့နယ် တာဝန်ခံ ဒေါ်ဝင်းနုဆွေတို့သည် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ရင်ခွင်မဲ့အဖွဲ့၊ မြို့နယ်စည်ပင်၊ မြို့နယ်ကျန်းမာရေး၊ မြို့နယ်ပြန်ဆက်၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်း၌ အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲတွင် စားသုံးသူ ကာကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်စိုးစိုးမြင့်က အမျိုးသမီးများ လူကုန်ကူးမှုပပျောက်စေရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ဒုခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ၁/၂၀၁၉ စားသုံးသူကာကွယ်ပေးရေးဥပဒေပါအခန်း(၁၈)နှင့် စားသုံးသူများဘေးကင်းလုံခြုံစိတ်ချရမှု ရှိစေရန်၊ စားသောက်ကုန်၊ လူသုံးကုန်များအကြောင်း ရှင်းလင်းဆွေးနွေးကာ၊ ရင်ခွင်မဲ့ အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးများ လုံခြုံစိတ်ချရမှုရှိစေရေး အကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ပုလဲမြို့မစည်ပင်သာယာဈေး အတွင်းရှိ ကုန်စုံဆိုင်များအားရောင်းချသူ၊ ထုတ်လုပ်သူ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သိရှိစေရန်၊ ကုန်အညွှန်းအမှတ်အသားတွင် ပါဝင်ရမည့် အချက်အလက်များအား သတိပေးခြင်း၊ သက်တမ်းလွန်၊ FDAတားမြစ်၊ မျက်မြင်မှိုတက်၊ ကုန်ပစ္စည်းများ အားရောင်းချခြင်းမပြုရန်နှင့် ၂၀၂၀ မတ် ၁၆ ရက်နေ့တွင် စားသုံးသူ ကာကွယ်ပေးရေး ဥပဒေပါ အခန်း(၁၈)ပုဒ်မ ၄၁/၄၂/၄၃အရ အရေးယူမှုများဖြစ်နိုင်၍ သိရှိစေရန် ပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ခိုင်မို့မို့ (မြင်းမူ)**

# စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များ ကုန်အညွှန်းအမှတ်အသားနှင့် စပ်လျဉ်းပြီး ထုတ်ကုန်များအပေါ်တွင် ဖော်ပြရန်လာရောက်ဆွေးနွေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနသို့ ကရေကရာမုန့်မျိုးစုံလုပ်ငန်းရှင်နှင့် ငရုတ်ဆီထုတ်လုပ်ငန်းရှင်များ လာရောက်ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးမှုတွင် လက်ပံတန်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်တာဝန်ခံဦးချစ်ကိုကိုက ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရန်နှင့် ပုဒ်မ( ၄၃)ပါမြန်မာဘာသာနှင့် အခြားဘာသာဖြင့်ဖြစ်စေ တွဲလျက်ဖော်ပြရန်၊ ထုတ်လုပ်ကုန်စည်အမျိုးအစားအလိုက် ဖော်ပြရမည့် အချက်အလက်များအား ပြည့်စုံမှုရှိစေရန်၊ ကုန်အညွှန်းအမှတ်အသားနှင့် စပ်လျဉ်းပြီး ထုတ်ကုန်များပေါ်တွင် ဖော်ပြရန်၊ စားသောက်ကုန် အမျိုးအစားအလိုက် ထုတ်လုပ်သူစီးပွားရေးလုပ်ငန်းရှင်များမှ တာဝန်ယူမှုတာဝန်ခံမှုရှိသော သတင်းအချက်အလက်များ ရှိလာစေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များလည်း အသေးစိတ်ရှင်းလင်းဆွေးနွေး၍ စီးပွားရေး လုပ်ငန်းရှင်များက တင်ပြလာသော ကုန်အမှတ်တံဆိပ်များအား သာယာဝတီခရိုင်ဦးစီးမှူးရုံးသို့ ဆက်လက် တင်ပြနိုင်ရေး ဆောင်ရွက်ပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**မြင့်မြင့်ခင် (သာယာဝတီ)**

# ဒဂုံညွန့်ဈေး၌ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်များအား ကွင်းဆင်းစစ်ဆေးပြီး စားသုံးသူကာကွယ်ရေးအသိပညာပေး

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးရှိ ဒုတိယခရိုင်ဦးစီးမှူး ဦးဆောင်သောဝန်ထမ်းများသည် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးနှင့် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ဖေဖော်ဝါရီ ၁၁ ရက်တွင် တာမွေမြို့နယ်၊ ဒဂုံညွန့်ဈေးတွင် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ဈေးသူ/ဈေးသားများအား ကုန်အညွှန်းအမှတ်အသားဖော်ပြချက်နှင့် စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့် အညီဖော်ပြရမည့်အချက်များ၊ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောဆွေးနွေးပြီး ဈေးကွက်အတွင်းကွင်းဆင်းစစ်ဆေးခဲ့သည်။

ဟောပြောဆွေးနွေးရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်နွယ်ဇင်ဝင်းက စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက် စားသုံးသူ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ ကာကွယ်ရေးဥပဒေ၊ အခန်း(၁၈)ပြဋ္ဌာန်းချက်မှ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေဖော်ပြချက်ရှိမှသာလျှင် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူး ရောင်းချရမည်ဖြစ်ကြောင်း၊ ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူအနေဖြင့် တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်းကောင်း၊ အစားအသောက်နှင့် ပတ်သက်၍လည်းကောင်း၊ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်က စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးဖွင့်လှစ်ထားရှိရာသို့ ဖုန်းဖြင့်ဖြစ်စေ၊ Email နှင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အထောက်အထားများနှင့်အတူ တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ဈေးအတွင်းရောင်းချလျက်ရှိသော မုန့်မျိုးစုံ၊ စားသောက်ကုန်၊ အလှကုန်ဆိုင်များတွင် ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများတွင် စားသုံးသူပြည်သူများအား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် သက်တမ်းလွန်မုန့်များ၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်မပါသော ကုန်ပစ္စည်းများ ရောင်းချနေခြင်းရှိမရှိနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရာ၌ မြန်မာဘာသာဖြင့် မဖြစ်မနေ ဖော်ပြရမည့်ရမည့်အချက်များပါရှိခြင်း ရှိ/မရှိခြင်းတို့အား စစ်ဆေး၍ မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော ပစ္စည်းများကိုသာ ဖြန့်ဖြူးရောင်းချပေးရန်နှင့် ထုတ်လုပ်သူများကိုလည်း တစ်ဆင့် ပြန်လည်ပြောကြားသွားရန် ဈေးသူဈေးသားများအား အကြံပြုဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်မင်း(ရန်ကုန်)**

# စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံးမှ ဌာနခွဲမှူး ဦးလှထွန်းဦးသည် ဖေဖော်ဝါရီ ၁၀ ရက်က မြောင်းမြမြို့နယ်၊ ကံကြီး အထကကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ဌာနခွဲမှူးက ကျောင်းသား/ကျောင်းသူများအား အစားအသောက်နှင့် ပတ်သက်ပြီးဝယ်ယူသုံးစွဲရာတွင် ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထောက်ခံချက်၊ နေရပ်လိပ်စာအပြည့်အစုံကိုကြည့်ပြီးမှ ဝယ်ယူစားသောက်ကြရန် Projector ဖြင့် ရှင်းလင်းဟောပြောအသိပညာများပေးပြီး ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်ကာဈေးဆိုင်များတွင် ရောင်းချနေသော အစားအသောက်များအား စစ်ဆေးခဲ့သည်။

ဟောပြောပွဲသို့ကံကြီးအထကကျောင်းမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ ၈၅ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **စိုးဝင်း (မြောင်းမြ)**

# လားရှိုးခရိုင်စားသုံးသူရေးရာဦးစီးဌာန အထကကျောင်းများသို့ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့်ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၅ ရက်တွင် အထက ကျောင်းခုနစ်ကျောင်းနှင့် ဖေဖော်ဝါရီ ၇ ရက်တွင် အထက (၁) ကျောင်းတို့၌ အသိပညာပေးဟောပြောခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန လားရှိုးခရိုင်ဦးစီးမှူး ဦးသန်းစိုးက စားသုံးသူကာကွယ်ရေး အသိပညာပေးခြင်းအကြောင်းအရာများကို လည်းကောင်းဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာကြသော ကျောင်းတွင်း ကျောင်းကျန်းမာရေးအဖွဲ့များ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ကျောင်းမုန့်ဈေးသည်များမှ သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲပြီးနောက် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ကျောင်းတွင်း ကျောင်းကျန်းမာရေးအဖွဲ့များမှ ကျောင်းမုန့်ဈေးဆိုင်များအားထုတ်ကုန်များ လုံခြုံ စိတ်ချရမှုရှိစေရေးနှင့် ကုန်အညွှန်းအမှတ် အသားနှင့်ပတ်သက်၍ အသိပညာပေးခြင်း/ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်းသိရှိရသည်။ **အောင်ကျော်မြင့်(လားရှိုး)**

# ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့သစ်ဈေး၌ ဈေးကွက် ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူး ဒေါ်ခိုင်မို့မို့၊ ယင်းမာပင်မြို့နယ်တာဝန်ခံ ဒေါ်သီတာခိုင်နှင့် ဆားလင်းကြီးမြို့နယ် တာဝန်ခံ ဒေါ်မိုးမိုးမြင့်တို့သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီတွင် ယင်းမာပင်မြို့နယ် အောင်ဇေယျမြို့ သစ်ဈေး၌ ဈေးကွက်စောင့်ကြည့် စစ်ဆေးခဲ့သည်။

ထိုသို့ ဈေးကွက်စောင့်ကြည့်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် စား သောက်ကုန်ပစ္စည်းများရောင်းချနေသောလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်များအား ရောင်းချခြင်းမပြုရန်နှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မတီ၏ ၂/၂၀၁၉ ညွှန်ကြားချက်အရ ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု(သို့)တစ်ခုထက် ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြပေးရမည့် အချက်များအား သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ခဲ့သည်။ **သီတာခိုင် (ယင်းမာပင်)**

# ရွှေပြည်သာမြို့နယ်ရှိ ငမောက်ဈေးနှင့် လှော်ကားနီလာဈေးတို့၌ စားသုံးသူကာကွယ်ရေးအသိပညာပေး

စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၇ ရက်တွင် ရွှေပြည်သာမြို့နယ်ရှိ ငမောက်ဈေးနှင့် လှော်ကားနီလာဈေးများ သို့သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ/ရောင်းချနိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲများကျင်းပပြီး ဈေးအတွင်းကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ရွှေပြည်သာမြို့နယ်၊ ငမောက်ဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရသည့် ပစ္စည်းများဝယ်ယူ ရောင်းချနိုင်ရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ဈေးတာဝန်ခံ ဦးသန့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) အခန်း (၁၈)ပါ ကုန်ညွှန်းအမှတ်အသားနှင့်စပ်လျဉ်း၍ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် မတ် ၁၆ ရက်တွင် စတင်အာဏာ သက်ရောက်မည်ဖြစ်ပါသဖြင့် ဈေးသူ/ဈေးသားများက လေးစားလိုက်နာဆောင်ရွက်စေလိုကြောင်း၊ ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်၍ သတင်းအချက်အလက် မပြည့်စုံသော ကုန်စည်ကို ကုန်သွယ်ခြင်း၊ ရောင်းချခြင်းမပြုရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်နီလာဦးက ဌာနပြောင်းလဲလာပုံအဆင့်ဆင့်ကိုလည်းကောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပါ ရည်ရွယ်ချက်များ၊ စားသုံးသူ၏ အဓိပ္ပာယ်၊ စီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပာယ်၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ အခန်း (၁၈)ပါ ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာရမည့် အချက်များနှင့် ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးရုံးရှိ (CICC) သို့ တိုင်ကြားလာသည့် ကုန်စည်/ ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ထားရှိမှုများကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ် လှော်ကားနီလာဈေး၌ အသိပညာပေး ဟောပြောပွဲ ကို ဆက်လက်ကျင်းပခဲ့ရာ ဈေးတာဝန်ခံ ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်နှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ခိုင်ရွှေတို့က ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲများအပြီးတွင် ရွှေပြည်သာမြို့နယ် ဈေးများတာဝန်ခံ ဦးအောင်နိုင်လင်း ဦးဆောင်သော ဈေးတာဝန်ခံဝန်ထမ်းများနှင့်ပူးပေါင်း၍ ထုတ်ကုန် လုံခြုံစိတ်ချရသည့်ပစ္စည်းများ ဝယ်ယူ ရောင်းချနိုင်ရေး ဈေးအတွင်း ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ မှော်ဘီမြို့နယ်၊ အ. မ. က(မူလွန်)သဲဖြူကျေးရွာတွင် ဦးစီးမှူး ဦးဇော်မျိုးထွန်းက လည်းကောင်း၊ ထန်းတပင်မြို့နယ်၊ အ. မ. က၊ မှော့သော့ကျေးရွာတွင် ဦးဇော်မြင့် လက်ထောက်ကြီးကြပ်ရေးမှူးတို့ကလည်းကောင်း စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

**နီလာဦး (ရန်ကုန်)**

# ပုသိမ်မြို့ ပေါ်ရှိ ဈေးများ၌ အလေးချိန် ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပုသိမ်မြို့နယ် စစ်ဆေးရေးမှူး၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပါဝင်၍ ဖေဖော်ဝါရီ ၁၀ ရက်တွင် မြို့ပေါ်အမှတ် (၆) ရပ်ကွက်ရှိ အောင်သီရိဈေး၊ အမှတ် (၈)ရပ်ကွက်ရှိ အောင်ဧရာဈေးတို့တွင် ကုန်မျိုးစုံရောင်းချလျက်ရှိသော ဆိုင်များသို့ သွားရောက်၍ ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဆားများတွင်အိုင်အိုဒင်းပါဝင်မှု ရှိ/မရှိနှင့် ဆပ်ပြာမှုန့်၊ ဟင်းခတ်အချိုမှုန့်များတွင် ဖော်ပြထားသော အလေးချိန်နှင့်ပါရှိသော အလေးချိန်ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဧရာမြေ (ပုသိမ်)**

# ဖျာပုံမြို့မဈေးအား ရှောင်တခင် ကွင်းဆင်းစစ်ဆေး



ဖျာပုံမြို့နယ် မြို့မဈေးရုံအတွင်း/အပြင်တွင် ရောင်းချနေသော ကုန်မျိုးစုံ၊ ကုန်စိမ်းဆိုင်များနှင့်မုန့်မျိုးစုံဆိုင်များအား မအူပင်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ဒေါက်တာမြတ်ခိုင်အောင် အဖွဲ့ ဦးဆောင်၍ မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီမှ ကျန်းမာရေး၊ စည်ပင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၆ ရက်က ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါမြို့မဈေးရုံ အတွင်း/အပြင်ရှိ ကုန်မျိုးစုံ၊ ကုန်စိမ်းဆိုင်၊ မုန့်မျိုးစုံဆိုင် ၂၀ ဆိုင်တို့မှ စားသောက်ကုန်စည် ၂၈ မျိုးအား ဈေးကွက်နမူနာကောက်ယူ၍ ခဏတ်ခွဲစစ်ဆေးခဲ့ပြီး သက်တမ်းလွန်မုန့်များ၊ မှိုတက်နေသော မုန့်များနှင့် FDA မှ စားသုံးရန် မသင့်ကြေညာထားသော မုန့်များအား စစ်ဆေးရာ ဂျယ်လီအက်မုန့် ၁၄၀ ခု၊ သက်တမ်းလွန်မှိုတက်နေသော မက်မန်းသီး ၂၆၄ ထုပ် စုစုပေါင်း ၄၀၄ ထုပ်တို့အား သိမ်းဆည်းခဲ့ပြီး ရောင်းချသူအား နောက်နောင်ရောင်းချခြင်းမပြုရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးခဲ့သည်။

သိမ်းဆည်းရမိသော ပစ္စည်းများကို ဖျာပုံမြို့နယ် ပြည်သူဆေးရုံကြီးတွင် မအူပင်ခရိုင် FDA အဖွဲ့နှင့် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီတို့မှ မြေမြှုပ်ဖျက်ဆီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းဇော်မွန်(ဖျာပုံ)**



## ဇီယက်ချ်ကို ခေါ်ယူရန် ချယ်လ်ဆီးအသင်း သဘောတူညီထား

ချယ်လ်ဆီးအသင်းသည် အေဂျက်အသင်းမှ မော်ရိုကို တောင်ပံကစားသမား ဇီယက်ချ်ကိုခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ဇီယက်ချ်ကို ခေါ်ယူနိုင်ရေးအတွက် ယူရို ၄၉ သန်းဖြင့် သဘောတူညီမှု ရရှိထား ခြင်းဖြစ်ပြီး ၎င်းကစားသမားသည် လာမည့် ဇူလိုင် ၁ ရက်တွင် ချယ်လ်ဆီးအသင်းသို့ တရားဝင်ရောက်ရှိလာမည်ဟု အသင်း ဝက်ဘ်ဆိုက်က တရားဝင်ထုတ်ပြန်ထားသည်။

အသက်(၂၆)နှစ်ရှိပြီဖြစ်သည့် ဇီယက်ချ်သည် နောက်ချန်တိုက်စစ်မှူးတစ်ဦး ဖြစ်သလို ညာတောင်ပံတွင်လည်း ကောင်းစွာကစားနိုင်သူဖြစ်သည်။

ချယ်လ်ဆီးအသင်းနည်းပြ လမ်းပတ်က ‘ဇီယက်ချ်က ကွင်းလယ်ကစားသမား စစ်စစ် မဟုတ်ပါဘူး။ တောင်ပံတစ်လျှောက်မှာလည်း ခြေစွမ်းပြနိုင်တဲ့ စွယ်စုံရ ကစား သမားတစ်ဦးပါ။ လက်ရှိအသင်းမှာ ကစားနေတဲ့ ဝီလီယံနဲ့ ပက်ဒရိုတို့ရဲ့ အနာဂတ်က နောက်ရာသီတွေမှာ သေချာမှု မရှိပါဘူး။ ဒါကြောင့် သူတို့ အသင်းကထွက်သွားရင် အဆင်သင့် အစားထိုးလို့ရအောင် ကြိုတင်ပြင်ဆင်ထားတာပါ’ဟု ပြောခဲ့သည်။

ဇီရက်ချ်သည် လက်ရှိအချိန်တွင် မော်ရိုကိုလက်ရွေးစင် ကစားသမားတစ်ဦး ဖြစ်သော်လည်း နယ်သာလန် ယူ-၁၉၊ နယ်သာလန် ယူ-၂၀ နှင့် နယ်သာလန် ယူ-၂၁ အသင်းများတွင် ပါဝင်ကစားပေးခဲ့ဖူးသည်။ ၎င်းကစားသမားသည် အေဂျက်အသင်းသို့ မရောက်ရှိမီက ဟီရန်ဗင်းနှင့် တွမ်တီးအသင်းတို့တွင် ကစားခဲ့ဖူးသည်။



# အမ်ဘတ်ပီကို ယူရိုပြိုင်ပွဲ မတိုင်မီ ရီးရဲလ် ခေါ်ယူမည်

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့် ၂၀၂၀ ယူရိုပြိုင်ပွဲမတိုင်မီ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်လူငယ် တိုက်စစ်မှူး အမ်ဘတ်ပီကိုခေါ်ယူသွားရန် ဆွေးနွေး ညှိနှိုင်းနေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် အမ်ဘတ်ပီကို ပေါင်သန်း ၁၀၀ ပေးပြီး ကနဦးကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်းနှင့် ၎င်းကစားသမားအတွက် တစ်နှစ်လျှင် ပေါင်သန်း ၅၀ နှုန်းဖြင့် ကာလရှည် စာချုပ်သွားရန်လည်းရှိကြောင်း ရီးရဲလ်မက်ဒရစ်အသင်းဘက်မှ သတင်း ထုတ်ပြန်ထားသည်။

ပီအက်စ်ဂျီအသင်းသည် ၎င်းတို့၏ လူငယ်တိုက်စစ်မှူးကို ရောင်းထုတ်သွားရန် ဆန္ဒမရှိသော်လည်း မက်လောက်သည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းလာပါက လက်ခံသွားဖွယ်ရှိနေကြောင်း သတင်းများတွင် ရေးသား ဖော်ပြနေကြသည်။

ရီးရဲလ်မက်ဒရစ်အသင်း အနေဖြင့်လည်း ငွေကြေး တတ်နိုင်သည့် အသင်းဖြစ်နေခြင်းနှင့် နှစ်စဉ် ငွေကြေး ပုံအောပြီး ကစားသမားများကို ခေါ်ယူမှုရှိနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အမ်ဘတ်ပီတို့၏ အပြောင်း အရွှေ့မှာ အောင်မြင်လာဖွယ် ရှိနေသည်။

**ဟန်နေသစ် စုစည်းသည်**

## ရင်းနှီးမြှုပ်နှံမှု အများဆုံးအသင်းများထဲတွင် ပီအက်စ်ဂျီနှင့် မန်စီးတီးတို့ ဦးဆောင်





ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်တွင် ကစားသမား ခေါ်ယူမှုနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှု အများဆုံးအသင်းများထဲတွင် ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းနှင့် အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် မန်စီးတီးအသင်းတို့က ထိပ်ဆုံးမှ ဦးဆောင်နေသည်။

ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်မှ အသင်းပေါင်း ၁၀၀ ကို Soccere Football က စစ်တမ်းကောက်ယူပြီး ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

Soccere Football က အသင်းပေါင်း ၁၀၀ ကို စစ်တမ်းကောက်ယူခဲ့ရာတွင် ပီအက်စ်ဂျီအသင်းက အသင်းတန်ဖိုး ယူရို ၉၉ ဒသမ ၉ သန်း၊ အသင်းရှိ ကစားသမားများ တန်ဖိုးမှာ ယူရို ၁၀၅၀ သန်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ယူရို ၁၀၀၃ သန်းနှင့် အကြွေးတင်ရှိနေမှု ယူရို ၃၄ ဒသမ ၁ သန်းဖြစ်ခြင်းကြောင့် ကမ္ဘာ့ဘောလုံးဇာတ်ခုံပေါ်တွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးအသင်းအဖြစ် ရပ်တည်နေသည်။

ပီအက်စ်ဂျီအသင်း၏ နောက်တွင် ရပ်တည်နေသည့် မန်စီးတီးအသင်းမှာ အသင်းတန်ဖိုး ယူရို ၄၆၄ ဒသမ ၂ သန်း၊ အသင်းရှိ ကစားသမားများတန်ဖိုးမှာ ယူရို ၁၂၈၀ သန်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ယူရို ၆၄၇ သန်းနှင့် အကြွေးတင်ရှိနေမှု ယူရို ၁၇၃ ဒသမ ၂ သန်း၊ ဘိုင်ယန်မြူးနစ်အသင်းမှာ အသင်း တန်ဖိုး ယူရို ၂၅၇ ဒသမ ၇၂ သန်း၊ အသင်းရှိ ကစားသမားများတန်ဖိုးမှာ ယူရို ၈၈၂ ဒသမ ၇ သန်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ယူရို ၄၁၆ သန်းနှင့် အကြွေးတင်ရှိနေမှု ယူရို ၆ ဒသမ ၉ သန်း၊ စပါးအသင်းမှာ အသင်းတန်ဖိုး ယူရို ၁၁၀၁ ဒသမ ၁ သန်း၊ အသင်းရှိ ကစားသမားများတန်ဖိုးမှာ ယူရို ၉၈၄ သန်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ယူရို ၁၆၂ သန်းနှင့် အကြွေးတင်ရှိနေမှု ယူရို ၈၉၈ သန်း၊ ရီးရဲလ်မက်ဒရစ်အသင်းမှာ အသင်း တန်ဖိုး ယူရို ၃၄၁ ဒသမ ၂ သန်း၊ အသင်းရှိ ကစားသမားများတန်ဖိုးမှာ ယူရို ၁၁၉၀ သန်းနှင့် အကြွေးတင်ရှိနေမှု ယူရို ၂၄၃ ဒသမ ၇ သန်းဖြစ်ကြောင်း သိရသည်။

## မိမိမှာ ကမ္ဘာ့အကောင်းဆုံး နည်းပြမဟုတ်ကြောင်း ဂွါဒီယိုလာ ဝန်ခံ



မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာက မိမိမှာ ကမ္ဘာ့အကောင်းဆုံး နည်းပြတစ်ဦးမဟုတ်ကြောင်း ဝန်ခံပြောဆိုလိုက်သည်။

ဂွါဒီယိုလာက ‘ကျွန်တော့်ကို ကျွန်တော် အတော်ဆုံး၊ အကောင်းဆုံး နည်းပြတစ်ဦး ဖြစ်ချင်ခဲ့တာပါ။ ကျွန်တော်ဟာ ဥရောပ ထိပ်တန်းအသင်းကြီးတွေကို ပြောင်းလဲကိုင်တွယ်ခဲ့ပေမယ့် ခုချိန်အထိတော့ ကမ္ဘာ့အကောင်းဆုံး နည်းပြတစ်ဦး ဖြစ်မလာသေးပါဘူး။ ကမ္ဘာ့အကောင်းဆုံး နည်းပြဆိုတာ ဘာလဲ၊ ကျွန်တော့်ဘဝမှာ အကောင်းဆုံးလုပ်နိုင်ခဲ့တယ်ဆိုတာကို ဘယ်တုန်းကမှ မခံစားခဲ့ဖူးဘူး’ဟု ပြောဆိုခဲ့သည်။

ထို့ပြင် နည်းပြ ဂွါဒီယိုလာက မိမိကိုင်တွယ်ခဲ့သည့် အသင်းများမှာ ဥရောပ ပြည်တွင်းလိဂ်များတွင် ထိပ်တန်းအသင်းများဖြစ်သည့် ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းများဖြစ်ကြောင်း၊ လက်ရှိကိုင်တွယ်နေသည့် မန်စီးတီးအသင်းမှာလည်း အင်္ဂလန် ပရီးမီးယားလိဂ်တွင် ထိပ်တန်းအသင်းကြီး တစ်သင်းသာဖြစ်ကြောင်း၊ ဘာစီလိုနာအသင်းကို ကိုင်တွယ်ခဲ့စဉ်က ချန်ပီယံလိဂ်ဆုဖလား နှစ်ကြိမ် အပါအဝင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးတွင် စုစုပေါင်းချန်ပီယံဆုဖလား ၁၄ လုံး ရရှိခဲ့ကြောင်း၊ ထို့အတူ ဘိုင်ယန်မြူးနစ်အသင်းကို ကိုင်တွယ်ခဲ့စဉ်က ပြိုင်ပွဲအမျိုးအစား လေးမျိုးတွင် စုစုပေါင်း ချန်ပီယံဆုဖလား ခုနစ်လုံး ရရှိခဲ့ကြောင်း၊ ထို့ပြင် လက်ရှိကိုင်တွယ်နေသည့် မန်စီးတီးအသင်းနှင့်အတူ ပြိုင်ပွဲအမျိုးအစား လေးမျိုးတွင် စုစုပေါင်း ချန်ပီယံဆုဖလား ခုနစ်လုံး ရရှိထားပြီးဖြစ်ကြောင်း၊ နည်းပြဘဝနှင့်ပတ်သက်ပြီး တစ်ဦးချင်းဆုများလည်း များစွာရရှိထားကြောင်း၊ သို့သော်လည်း မိမိမှာ ကမ္ဘာ့အကောင်းဆုံး နည်းပြမဟုတ်သေးကြောင်း ထပ်မံ ပြောဆိုထားခြင်းဖြစ်သည်။

# ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားမှုကို တိုက်ဖျက်ရာတွင် အထောက်အကူပြု မူဝါဒများဖြင့် တရုတ်အစိုးရ ဆောင်ရွက်သွားမည်

ဖေဖော်ဝါရီ ၁၅ ရက်နံနက်ပိုင်းအထိ တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကြောင့် သေဆုံးသူဦးရေ ၁၅၂၆ ဦးနှင့် ကူးစက်ခံထားရသူပေါင်း ၆၇၁၀၀ ဦးရှိနေပြီဖြစ်သည်။ စားနပ်ရိက္ခာနှင့် ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများကိုပြန်လည် စတင်နေသော်လည်း ရုံးများ၊ ကုမ္ပဏီများနှင့် ကျောင်းများကို ပိတ်ထားရဆဲဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးအား များစွာထိခိုက်နစ်နာစေသည့်အပြင် တရုတ်နိုင်ငံနှင့် ချိတ်ဆက်လုပ်ကိုင်နေသည့် နိုင်ငံများရှိ လုပ်ငန်းများအပေါ် လည်း သက်ရောက်မှုကြီးမားလျက်ရှိသည်။

## ကမ္ဘာ့ထုတ်လုပ်မှုနှင့် စွမ်းအင်ဈေးနှုန်းများအပေါ် သက်ရောက်လာသည်

ကိုရီးယားနိုင်ငံအခြေစိုက် ကမ္ဘာ့ပဉ္စမမြောက် အကြီးဆုံး မော်တော်ယာဉ်ထုတ်လုပ်သည့် ဟွန်ဒိုင်းသည် တရုတ်နိုင်ငံမှ ယာဉ်အစိတ်အပိုင်းများ ရောက်ရှိလာခြင်း မရှိသဖြင့် ၎င်း၏ ထုတ်လုပ်မှုကို ဆိုင်းငံ့ထားရပါသည်။ ဟွန်ဒိုင်းကဲ့သို့ပင် Tesla၊ Ford နှင့် Nissan တို့အတွက် ထုတ်လုပ်ပေးနေသော တရုတ်ပြည်တွင်းရှိ စက်ရုံများမှာလည်း ပိတ်ထားရဆဲဖြစ်သည်။

အလားတူပင် အမေရိကန်မှ ရေနံထုတ်လုပ်သူများမှာလည်း တရုတ်နှင့် အခြားနိုင်ငံများတွင် ကိုရိုနာကူးစက်ရောဂါပျံ့နှံ့ဖြစ်ပွားမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်လာရသည်။ ယမန်နှစ်အတွင်း ကုန်စည်ဈေးနှုန်းများ ကျဆင်းခဲ့မှုကြောင့် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသော ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သူများသည် ယခုနှစ်တွင်လည်း ကမ္ဘာ့ရေနံဈေးနှုန်း တစ်ဟုန်ထိုးကျဆင်းမှုနှင့် ထပ်မံရင်ဆိုင်နေရပြန်သည်။ ကူးစက်ရောဂါပျံ့နှံ့လာပြီးနောက် ခရီးသွားလာမှုများနှင့် ထုတ်လုပ်မှုများအပေါ် ထိခိုက်ခဲ့သဖြင့် တရုတ်နိုင်ငံမှ လောင်စာဆီ ဝယ်လိုအားမှာ ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

## ရောဂါတိုက်ဖျက်ရေးနှင့် ကုသရေးတို့အား ပံ့ပိုးကူညီသွားမည်

ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကူးစက်ရောဂါဖြစ်ပွားနေမှုများကို တိုက်ဖျက်ရန် ပြည်နယ်အစိုးရများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီတို့အတွက် ရန်ပုံငွေများပံ့ပိုးပေးရန် သို့မဟုတ် မူဝါဒများဖြင့် အထောက်အပံ့ပြုရန် တရုတ်ဗဟိုအစိုးရ၏ ဌာနအချို့က စတင် ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားကျန်းမာရေးကော်မရှင် (NHC)၏ ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၃ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ရောဂါကူးစက်ခြင်းခံရသော လူနာများအနေဖြင့် ၎င်းတို့၏ ကျန်းမာရေးအာမခံ သို့မဟုတ် ဆေးဝါးအထောက်အပံ့ဖြင့် ကျခံခြင်းမရှိသည့် ဆေးဝါးကုသသည့် စရိတ်များ အတွက် ဗဟိုနှင့် ပြည်နယ်အစိုးရများထံမှ ကူညီထောက်ပံ့မှုများကိုရရှိမည်ဖြစ်ကြောင်း၊ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးတွင် ပါဝင်ကြသော ဆေးဝါးဆိုင်ရာလုပ်သားများနှင့် အခြားလူပုဂ္ဂိုလ်များကိုလည်း ထောက်ပံ့ကူညီပေးမည်ဖြစ်ကာ၊ တာဝန်ထမ်းဆောင်နေစဉ် ရောဂါပိုးကူးစက်ခြင်းခံရပါက လျော်ကြေးပေးသွားမည်ဖြစ်ကြောင်း၊ သတင်းစာရှင်းလင်းပွဲ၌ NHC ၏ ဒုတိယညွှန်ကြားရေးမှူး Li Bin က ပြောကြားခဲ့သည်။

ကပ်ရောဂါကိုတိုက်ဖျက်ရာတွင် ဆေးဝါးအသုံးအဆောင်များနှင့် စမ်းသပ်သည့် ပစ္စည်းများ ဝယ်ယူရန် ပြည်နယ်အစိုးရများအတွက် လိုအပ်သော ကူညီမှုများကိုလည်း ဗဟိုအစိုးရက ပေးသွားမည်ဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနက Hubei ပြည်နယ်သို့ ပေးသည့် ယွမ်ငွေ ၁ ဒသမ ၅ ဘီလီယံအပါအဝင် ရောဂါကာကွယ်ရန်နှင့် ထိန်းချုပ်ရန် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အစိုးရများအားပံ့ပိုးရန် ယွမ်ငွေ ၅ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၆၉ ဒသမ ၈ သန်း)လျာထားပြီးဖြစ်ကြောင်း Li က ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ကလည်း ဝူဟန်တွင် ရောဂါကူးစက်သူများအား ကုသရန် ဆေးရုံသစ်တည်ဆောက်မှုအား ပံ့ပိုးကူညီရန် ဗဟိုအစိုးရထံမှ ယွမ်ငွေသန်း ၃၀၀ ကို ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

## အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ပံ့ပိုးကူညီသွားမည်

ဖေဖော်ဝါရီ ၂ ရက်က တရုတ်နိုင်ငံအရှေ့ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ကျန်းစုပြည်နယ်ရှိ စူးကျိုးက ရောဂါကပ်ဘေးကျရောက်ချိန်တွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု တည်ငြိမ်စေရေးသေချာစေရန် အလို့ငှာ အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ပံ့ပိုးကူညီမှု ခိုင်မာစေရန် ဘဏ်များနှင့်စီမံခန့်ခွဲရေးဌာနများက လိုအပ်သည့် မူဝါဒ ၁၀ ရပ်ကို ကြေညာခဲ့သည်။ ၎င်းမူဝါဒများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အထူးပြုလျက် ထိခိုက်နစ်နာမှုများ ဖြစ်ခဲ့သည့် လုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးမည့် လူမှုရေးအာမခံပေးသွင်းမှုကို နောက်ကျမှ ပေးသွင်းခွင့်ပြုခြင်း၊ ငှားရမ်းခနှင့် အခွန်အခများလျှော့ချခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ကဲ့သို့သော ခိုင်မာသည့် စီမံဆောင်ရွက်မှုများ ပါဝင်ပါသည်။

တရုတ်အစိုးရသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် နက်ရှိုင်းစွာသက်ရောက် နိုင်ဖွယ်ရှိသည့် ကိုရိုနာကူးစက်ရောဂါကို ရင်ဆိုင်နေရသော တရုတ်၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ခိုင်မာသောပံ့ပိုးကူညီသူအဖြစ် ရပ်တည်ပေးသွားမည်ဖြစ်ကြောင်း စူးကျိုး၏ ပါတီအတွင်းရေးမှူး LanShaomin က ထုတ်ဖော်ပြောကြားခဲ့သည်။

စီးပွားရေးတည်ငြိမ်စေရန်နှင့် အလုပ်အကိုင်များကို အာခံပေးရန် ဘေကျင်းအစိုးရက ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် အစားအသောက်ပြင်ဆင်ပေးသော လုပ်ငန်းကဏ္ဍများအပါအဝင် ကိုရိုနာကူးစက်ရောဂါကြောင့် အလွန်ထိခိုက်နစ်နာခဲ့ရသည့် လုပ်ငန်းများရှိ ကုမ္ပဏီများအတွက် လူမှုရေးအာမခံငွေကောက်ယူမှုများအား ဇူလိုင်လကုန်အထိ ရွှေ့ဆိုင်းပေးထားသည်။

အလုပ်သမားများကို အလုပ်ထုတ်ပစ်ခြင်းအား လျှော့ချရန် အစိုးရက ကုမ္ပဏီများအား လစာကို ပြန်ချိန်ညှိရန်၊ အလုပ်လုပ်ချိန်ကို လျှော့ချရန်နှင့် အလုပ်သမားနှင့် ညှိနှိုင်း ပြီးနောက် အချိန်ဇယား ပြန်လည်ရေးဆွဲရန် အားပေးထားသည်။ အလုပ်သမားလျှော့ပစ်ခြင်းမပြုသည့် ကုမ္ပဏီများအား ယခင်နှစ်က ၎င်းတို့ ပေးသွင်းထားသည့် အမှန်တကယ်အလုပ်လက်မဲ့အာမခံ၏ ၅၀ ရာခိုင်နှုန်းကို ပြန်အမ်းပေးမည်ဖြစ်ပြီး ထုတ်လုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှု ယာယီ အခက်အခဲဖြစ်နေသည့် ကုမ္ပဏီများအား အာမခံပေးသွင်းမှုကို ခြောက်လဆိုင်းထားပေးမည်ဖြစ်သည်။ ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းမလည်ပတ်နိုင်သည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ၎င်းတို့၏ အိမ်ငှားခကို လျှော့ချပေးခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်းတို့ ပြုလုပ်ပေးမည်ဖြစ်ပါသည်။ Bank of China ကလည်း ၎င်းကုမ္ပဏီများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ထုတ်ချေးခြင်းအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

နှစ်စဉ်လုပ်သားများ၏ ပျမ်းမျှလစာငွေနှင့် တိုးတက် ရရှိသောဝင်ငွေတို့ဖြင့် ချိတ်ဆက်ထားသည့် လူမှုရေးအာမခံငွေပေးသွင်းမှုကို ရက်ရွှေ့ဆိုင်းပေးခဲ့သဖြင့် လုပ်ငန်းများအတွက် လူမှုရေးအာမခံငွေပေးသွင်းမှု ဝန်ထုပ်ဝန်ပိုး ယွမ်ငွေ ၁၀ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄ ဘီလီယံ) လျှော့ကျသွားမည်ဟု ခန့်မှန်းထားသည်။

## စောင့်ကြည့်ဆောင်ရွက်နေ

တရုတ်နိုင်ငံ၌ နိုဗယ်ကိုရိုနာကူးစက်ရောဂါ ပျံ့နှံ့ဖြစ်ပွားနေမှုအား တိုက်ဖျက်နေချိန်အတွင်း ဈေးကွက်စနစ်တကျလည်ပတ်စေရန်နှင့် ဈေးကွက်ချိုးဖောက်ပျက်ယွင်းမှုများ မရှိစေရန်တို့မှာ ဈေးကွက်စည်းမျဉ်းဌာနမှ တာဝန်ရှိသူတို့အတွက် အဓိက တာဝန်ဖြစ်လာပါသည်။ ယခုအခါ နှာခေါင်းစည်းကဲ့သို့သော ရောဂါကာကွယ်ရေးအသုံး အဆောင်များနှင့် ဆန်၊ ဂျုံနှင့် ဟင်းသီးဟင်းရွက်ကဲ့သို့သော နေ့စဉ်လိုအပ်ချက်များဟူသည့် အဓိကကဏ္ဍနှစ်ရပ်အပေါ် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိ အချိန်အထိဈေးနှုန်းများ တည်ငြိမ်နေသေးသည်ကို တွေ့ရသည်။

**ရင်းမြစ်။ ဆင်ဟွာ၊ New York Timesနှင့် China Daily**
**ဒေါက်တာရွှေစင်ကို၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နန်နင်းမြို့။**

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုက အိန္ဒိယ၏ ပြည်ပပို့ကုန် ဝယ်လိုအား မြင့်တက်လာစေဖွယ်ရှိ

တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်လျက်ရှိပြီး ၎င်း၏ ပြည်ပကုန်သွယ်ရောင်းဝယ်မှုများ နှေးကွေးလာခြင်းက အိန္ဒိယ၏ ပို့ကုန်လုပ်ငန်းအချို့အပေါ် ဝယ်လိုအား မြင့်တက်မှုကို ဖြစ်ပေါ်လာစေဖွယ်ရာရှိသည်။

ဇန်နဝါရီလ နောက်ဆုံးရက်သတ္တပတ်မှစ၍ အိန္ဒိယနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပပို့ကုန်လုပ်ငန်းများသည် အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများရှိ သွင်းကုန်လုပ်ငန်းများထံမှ ကြွေထည်မြေထည်ပစ္စည်းများ၊ အိမ်သုံးကုန်စည်များ၊ ဖက်ရှင်နှင့် ဝတ်စားဆင်ယင်မှုပစ္စည်းများ၊ အထည်အလိပ်များ၊ အင်ဂျင်နီယာ လုပ်ငန်းသုံးကုန်စည်များနှင့် ပရိဘောဂထုတ်ကုန် များဝယ်ယူရရှိနိုင်မည့် အခြေအနေအား မေးမြန်းမှုပိုမိုများပြားလာခဲ့ကြောင်း၊ တစ်ပတ်တာကာလအတွင်း ပြည်ပရှိကုမ္ပဏီလုပ်ငန်း အသစ် ၅၀ ကျော်ထံမှ အဆိုပါကုန်ပစ္စည်းများ ဝယ်ယူလိုကြောင်း အမှာစာများကို လက်ခံရရှိခဲ့ကြောင်းဖြင့် အိန္ဒိယလက်မှုလုပ်ငန်းပစ္စည်းများ ပို့ကုန်မြှင့်တင်ရေးကောင်စီမှ ညွှန်ကြားရေးမှူးချုပ် Mr. Rakesh Kumar က ပြောဆိုသည်။

အလားတူ စပိန်နိုင်ငံ၌ ကျင်းပလျက်ရှိသော ကြွေထည်မြေထည်ပစ္စည်းပြပွဲတွင် အိန္ဒိယကုမ္ပဏီ ၅၅ ခုက ပါဝင်ခင်းကျင်းပြသလျက်ရှိရာ ဒေသခံကုန်သည် လုပ်ငန်းရှင်များ၏ ဝယ်ယူရန် စိတ်ဝင်စားမှုကို ရရှိခဲ့ကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံမှ ထုတ်ကုန်များနှင့် ယှဉ်ပြိုင်ရောင်းချနေရသည့် ကြွေပြားများအား တိုးမြှင့်တင်ပို့နိုင်မည့် အလားအလာများရှိကြောင်းဖြင့် နယူးဒေလီ မြို့ခံ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားကြောင်း Economic Times သတင်းဌာနက ဖော်ပြသည်။

တန်ဖိုးအားဖြင့် ရူပီးငွေ သန်း ၈၀၀ ကျော်ရှိသည့် အထည်အလိပ်ပစ္စည်း များအား လစဉ် ပြည်ပသို့ တင်ပို့လျက်ရှိသော Technocraft Industries (India) လီမိတက် ဥက္ကဋ္ဌ Mr. Sharad Kumar Saraf က ၎င်းတို့ကုမ္ပဏီအနေဖြင့် အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများရှိ ကုန်သည်များထံမှ အထည်ချုပ်ပို့ကုန် ရူပီးငွေ သန်း ၁၀၀ ကျော်ဖိုးမှာယူလိုကြောင်း စုံစမ်းမေးမြန်းမှုများကို လက်ခံရရှိခဲ့ကြောင်း၊ သို့ရာတွင် အိန္ဒိယအထည်ချုပ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအားမှာ ကန့်သတ်ချက်များရှိနေပြီး ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုအရည်အသွေး လိုအပ်ချက်ရှိကြောင်း၊ လက်ရှိကုန်ထုတ်လုပ်နိုင်မှုအပေါ် ၂၅ ရာခိုင်နှုန်း ပိုမိုမြှင့်တင်နိုင်ရန်မှာ ခြောက်လတာခန့် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုမှ သက်ရောက်မှုအဖြစ် အိန္ဒိယပို့ကုန်အချို့၏ ဝယ်လိုအားမြင့်တက်လာနိုင်ခြေရှိသော်လည်း ဖိနပ်အောက်ခံပြားများနှင့် အဆင်တန်ဆာပစ္စည်းများကဲ့သို့သော အစိတ်အပိုင်းများအား တရုတ်နိုင်ငံအပေါ် မှီခိုအားထားနေရသည့် အိန္ဒိယပြည်တွင်းရှိဖိနပ်နှင့် သားရေထည် ပို့ကုန်လုပ်ငန်းများမှာမူ သွင်းအားစုကွင်းဆက် (Supply chain) ပံ့ပျက်ယွင်းမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ အိန္ဒိယပို့ကုန်လုပ်ငန်း အဖွဲ့အစည်းများအသင်းချုပ်ကမူ ဓာတုထုတ်ကုန်များ၊ အင်ဂျင်နီယာလုပ်ငန်းသုံးပစ္စည်းများနှင့် ရေထွက်ပို့ကုန်ဆိုင်ရာ လုပ်ငန်းများ၌ ပိုမိုအကျိုးဖြစ်ထွန်းလာရန် မျှော်မှန်းလျက်ရှိသည်။

**နေအေးလွင် ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုနှင့် စီးပွားရေးဆိုင်ရာသက်ရောက်မှုများ

တရုတ်နိုင်ငံအလယ်ပိုင်းတွင် တည်ရှိသည့် ဟူပေပြည်နယ်၏ မြို့တော် ဝူဟန်မြို့၌ စတင်ဖြစ်ပွားခဲ့သည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်နိုင်သည့် ရောဂါပိုးဖြစ်ပြီး သေဆုံးသူဦးရေနှင့် ရောဂါကူးစက်မှုနှုန်းမြင့်တက်လာမှုကြောင့် အန္တရာယ်ရှိသည့် အခြေအနေတွင်ရှိကြောင်း၊ တရုတ်နိုင်ငံ ကျန်းမာရေးကော်မရှင်က ၂၂-၁-၂၀၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ရောဂါဖြစ်ပွားမှုအခြေအနေ မြင့်တက်လာမှုကြောင့် ၂၃-၁-၂၀၂၀ ရက်တွင် တရုတ်နိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဝူဟန်မြို့သို့ ဝင်ထွက်သွားလာလျက်ရှိသည့် ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်း၊ လေဆိပ်များ၊ ဘူတာရုံများစသည့် သယ်ယူပို့ဆောင်ရေး ရပ်နားမှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါသယ်ယူပို့ဆောင်ရေး ရပ်နားသည့်နေ့တွင် ဝူဟန်မြို့သို့ ဆိုက်ရောက်/ထွက်ခွာမည့် လေကြောင်းခရီးစဉ်ပေါင်း ၅၆၆ ခုရှိသည့်အနက် ခရီးစဉ်ပေါင်း ၂၈၈ ခုကို ဒေသစံတော်ချိန် ၁၁:၃၀ နာရီမှစတင်၍ မြို့ပြ လေကြောင်းစီမံခန့်ခွဲမှုဌာနမှ ဖျက်သိမ်းခဲ့သည်။ ၃၁-၁-၂၀၂၀ ရက်တွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့အစည်းမှ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာ ဗိုင်းရပ်စ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေး ပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့သည်။ တရုတ်နိုင်ငံ၏ ပြင်ပတွင် နိုင်ငံပေါင်း ၂၉ နိုင်ငံအထိ ပျံ့နှံ့လျက်ရှိပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းအထိ တရုတ်နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူဦးရေမှာ ၆၆၄၉၂ ဦးဖြစ်ပြီး သေဆုံးသူဦးရေမှာ ၁၅၂၃ ဦးအထိ ရောက်ရှိခဲ့ပြီဖြစ်သည်။

## ဘဏ္ဍာရေးကဏ္ဍ

တရုတ်နိုင်ငံအနေဖြင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဓိကဖြစ်ပွားလျက်ရှိသည့် ဟူပေပြည်နယ်တွင် ရောဂါကူးစက်ပျံ့နှံ့မှုများ ကုသနိုင်ရန်အတွက် တရုတ်ယွမ်ငွေတစ်ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၄၄ သန်း) အား ၂၃-၁-၂၀၂၀ ရက်တွင် ခွဲဝေချထားပေးခဲ့သည်။ တရုတ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားကျန်းမာရေး ကော်မရှင်တို့အနေဖြင့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရာတွင် အသုံးပြုရန်ရန်ပုံငွေအဖြစ် တရုတ်ယွမ်ငွေ ၆၀ ဒသမ ၃၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံ)အား ၂၇-၁-၂၀၂၀ ရက်တွင် ခွင့်ပြုပေးကြောင်း ကြေညာခဲ့သည်။

တရုတ်အမျိုးသားဘဏ် (People's Bank of China) အနေဖြင့် ငွေကြေးဈေးကွက်အတွင်း လှည့်လည်သုံးစွဲမှုအဆင်ပြေစေရန်၊ ဘဏ်များအနေဖြင့် ငွေချေးမှုများဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကာလတိုစာချုပ်များဝယ်ယူပေးခြင်းဖြင့် နိုင်ငံ၏ငွေကြေး ဈေးကွက်အတွင်းသို့ ၃-၂-၂၀၂၀ ရက်တွင် တရုတ်ယွမ် ၁ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၇၀ ဘီလီယံကျော်) ကိုလည်းကောင်း၊ ၄-၂-၂၀၂၀ ရက်တွင် တရုတ်ယွမ်ငွေ ၅၀၀ ဘီလီယံ အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံခန့်ကိုလည်းကောင်း ထည့်သွင်းပေးခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များအနေဖြင့် ဆေးရုံသုံးမျက်နှာဖုံးများ၊ ဗိုင်းရပ်စ်စမ်းသပ်သည့်ပစ္စည်းများ၊ အခြားဆေးဝါးများ ထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီများသို့ အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးနိုင်ရန်အတွက် တရုတ်အမျိုးသားဘဏ်အနေဖြင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်များအား သက်သာသော အတိုးနှုန်းဖြင့် ငွေကြေးများထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ပထမပတ် အတွင်း နိုင်ငံသုံးငွေကြေးတန်ဖိုးကျဆင်းခဲ့ပြီး တရုတ်နိုင်ငံ ဗဟိုဘဏ်မှ ယခုဖြစ်ပေါ်လျက်ရှိသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးဈေးကွက်အပေါ် ထိခိုက်မှုသည် ယာယီသာဖြစ်မည်ဟု ထုတ်ပြန်ကြေငြာခဲ့သည်။

## ခရီးသွားကဏ္ဍ

တရုတ်နိုင်ငံမှ ခရီးသွားများသည် နိုင်ငံတကာခရီးသွားများအနက် ငွေသုံးစွဲနိုင်မှု အမြင့်ဆုံးဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း ပြည်ပသို့သွားရောက်လည်ပတ်သူဦးရေ ၁၅၀ သန်းသုံးစွဲမှု အမေရိကန်ဒေါ်လာ ၂၇၇ ဘီလီယံအထိ ရှိခဲ့သည်။ တရုတ်အစိုးရအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့ပွားမှုကို ထိန်းချုပ်နိုင်ရန် ဟူပေပြည်နယ်အတွင်း နေထိုင်လူဦးရေစုစုပေါင်း သန်း ၅၀ ကျော်ရှိသည့် မြို့ပေါင်း ၁၆မြို့တွင် အများပြည်သူသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ရပ်နားခြင်း၊ ပြည်ပသို့ခရီးသွားလာခြင်းကိုလည်း ယာယီတားမြစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ အမေရိကန်နိုင်ငံအပါအဝင် အခြားနိုင်ငံများမှလည်း ၎င်းတို့၏နိုင်ငံသားများအား တရုတ်နိုင်ငံသို့ ခရီးသွားလာခြင်းမပြုရန် တိုက်တွန်းထားသည်။ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှလည်း တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ လာရောက်လည်ပတ်သူများအား လက်မခံကြောင်း ထုတ်ပြန်ထားသည်။ ရုရှားနှင့် မွန်ဂိုလီးယားနိုင်ငံတို့အနေဖြင့် တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဂိတ်များအား ပိတ်ထားသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းမှ တရုတ်နိုင်ငံသို့ ပျံသန်းလျက်ရှိသည့် လေကြောင်းလိုင်းများအနေဖြင့်လည်း တရုတ်နိုင်ငံသို့ ပျံသန်းမည့်ခရီးစဉ်များအား ဖျက်သိမ်းခဲ့သည်။

သို့ဖြစ်ရာ လက်ရှိဖြစ်ပွားလျက်ရှိသည့် နိုဗယ်ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုသည် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းများအပေါ် ထိခိုက်စေသည့် အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာမည်ဟု ခန့်မှန်းထားကြပြီး တရုတ်နိုင်ငံမှ ခရီးသွားများ အများဆုံး သွားရောက် လည်ပတ်လျက်ရှိသည့် ထိုင်းနိုင်ငံသည် ရှေ့လာမည့် သုံးလအတွင်း အနည်းဆုံးခရီးသွားဦးရေနှစ်သန်းကျော် လျော့နည်းသွားမည်ဟု ခန့်မှန်းထားသည်။ ဂျပန်ခရီးသွားကုမ္ပဏီများအနေဖြင့် လေ့လာရေး ခရီးစဉ်ထောင်ပေါင်းများစွာဖျက်သိမ်းခဲ့သည်။ တရုတ်အစိုးရအနေဖြင့် ပြည်ပသို့ ခရီးသွားလာမှုအား ခြောက်လတာ ပိတ်ပင်ထားမည်ဆိုပါက တရုတ်ခရီးသွားများက သုံးစွဲငွေအမေရိကန်ဒေါ်လာ ၈၃ ဒသမ ၁ ဘီလီယံကျဆင်းသွားမည်ဖြစ်ပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၏ သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။

## စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှုကဏ္ဍ

တရုတ်နိုင်ငံ၏စီးပွားရေးဆိုင်ရာ ဝယ်လိုအား၊ စက်မှုလုပ်ငန်း၊ နိုင်ငံ့စီးပွားရေးစည်းမျဉ်းစည်းကမ်းများသည် ပြီးခဲ့သည့် ၁၇ နှစ်နှင့် နှိုင်းယှဉ်ပါက အလွန်ပြောင်းလဲခဲ့သည်။ တရုတ်နိုင်ငံ၏ ဝယ်လိုအား ပုံစံသည် ရင်းနှီးမြှုပ်နှံမှုအဓိကကျသည့် ပုံစံအစားစားသုံးမှုအား အဓိကထားသည့် ပုံစံအဖြစ်သို့ ပြောင်းလဲခဲ့ကြောင်း၊ လွန်ခဲ့သည့် ၁၇နှစ်SARS ရောဂါ ဖြစ်ပွားစဉ်က ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည်နိုင်ငံစီးပွားရေး၏ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၀၃ ခုနှစ်ဒုတိယလေးလပတ်အတွင်း ကျဆင်းခဲ့ပြီးနောက် လျင်မြန်စွာပြန်လည်တိုးတက်လာခဲ့သည့်အတွက် အဆိုပါရောဂါသည် ရင်းနှီးမြှုပ်နှံမှုအပေါ် အကန့်အသတ်ဖြင့်သာ အကျိုးသက်ရောက်မှုရှိခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းရှိစားသုံးသူဈေးကွက်တွင် လိုအပ်သော စားသုံးကုန်ပစ္စည်းများအား အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

## သုံးသပ်ချက်

တရုတ်နိုင်ငံသည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုကာလမတိုင်မီတွင် တရုတ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့်ဖြစ်ပွားလျက်ရှိသည့် ကုန်သွယ်ရေးစစ်ပွဲ တင်းမာမှုများမြင့်တက်လာခြင်း၊ ပြည်တွင်းဝယ်လိုအားကျဆင်းလာခြင်း၊ ၂၀၁၉ ခုနှစ်အတွင်း ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product-GDP) သည် ၁၉၉၀ ပြည့်နှစ်လွန်ကာလများအတွင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းခဲ့မှုများဖြစ်ပေါ်ခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး၊ ကုန်ထုတ်လုပ်မှုအမြင့်မားဆုံးနှင့်ရေနံစိမ်းအများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်သည့်အတွက် တရုတ်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးတွင် ချိတ်ဆက်ပါဝင်လျက်ရှိပြီး နိုင်ငံ၏ကြီးမားသောလူဦးရေသည် ကမ္ဘာ့နိုင်ငံများ၏ မော်တော်ယာဉ်များ၊ ဇိမ်ခံပစ္စည်းများမှစ၍ စားသုံးကုန်ပစ္စည်းများအထိ ရောင်းချနိုင်သည့် ကြီးမားသောဈေးကွက်ကို ပိုင်ဆိုင်ထားသည်။

တရုတ်နိုင်ငံတွင် လတ်တလော ပျံ့နှံ့လျက်ရှိသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်အား ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်ရန် အစိုးရအနေဖြင့် အပြင်းအထန်ကြိုးစားဆောင်ရွက်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံ၏ စီးပွားရေးသည် ရပ်တန့်လုနီးပါး ကျဆင်းလျက်ရှိသည်။ သို့ဖြစ်၍ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကျဆင်းမှုကြောင့် ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းနိုင်သည့် အကျိုးရလဒ်များဖြစ်ပေါ်လာနိုင်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်လျက်ရှိသည်။

လက်ရှိဖြစ်ပွားလျက်ရှိသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်သည် SARS ရောဂါဖြစ်ပွားစဉ်ကထက် ကမ္ဘာ့စီးပွားရေးကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်လာမည်ဟု Cornell University မှ စီးပွားရေးဆိုင်ရာပါမောက္ခဖြစ်သူ Eswar Prasad ကပြောကြားခဲ့သည်။


**ကိုးကား**

(၁) https://edition.cnn.com/asia/live-news/coronavirus-outbreak-intl-hnk/index.html

(၂) https://www.nytimes.com/2020/02/04/world/asia/coronavirus-china.html

(၃) https://www.abc.net.au/news/2020-01-27/china-coronavirus-billions-to-be-spent-containing-outbreak/11904270


**ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့။**

# ထိုင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပြည်ပတင်ပို့မှု ယာယီကျဆင်းနေ

ထိုင်းကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုသည် လယ်ယာထွက်ကုန်များ ပြည်ပတင်ပို့မှု အထူးသဖြင့် လတ်ဆတ်သော သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များအပေါ် ကြီးမားစွာ သက်ရောက်လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းဗိုင်းရပ်စ်ဖြစ်ပွားမှုက မော်တော်ကားတာယာနှင့် မျက်နှာဖုံးများကဲ့သို့သော ကုန်ချောထုတ်လုပ်မှုများပြုလုပ်ရန် အပေါ်တွင်လည်း သက်ရောက်မှုရှိလိမ့်မည် ဖြစ်ကြောင်း မျှော်လင့်ထားသည်။

ထိုင်းအမျိုးသား ကုန်စည်ပို့ဆောင်ရေးကောင်စီ၏ ခန့်မှန်းတွက်ချက်မှုအရ ပထမသုံးလပတ်တွင် တရုတ်နိုင်ငံသို့ တင်ပို့မည့် ထိုင်းထုတ်ကုန်များအနေဖြင့် ဘတ်ငွေ နှစ်ဘီလီယံခန့်ထိခိုက်စေလိမ့်မည်ဟုမျှော်လင့်ထားကြောင်း ဥက္ကဋ္ဌဖြစ်သူအမျိုးသမီး Ghanyapad Tantipipatpong က တရုတ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုများကိုတားဆီးရန် တရုတ်နိုင်ငံကရင်း၏ ကုန်းလမ်း၊ လေလမ်း၊ ရေလမ်းသယ်ယူပို့ဆောင်မှု လမ်းကြောင်းများအား ပိတ်ထားမှုများအပေါ် ရည်ညွှန်းကိုးကား၍ ပြောကြားခဲ့သည်။

ကောင်စီ၏ခန့်မှန်းချက်အရ ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် ၂၀၂၀ပြည့်နှစ် ပထမသုံးလပတ်တွင် သုည ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။ တရုတ်နိုင်ငံအနေဖြင့် ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ထားနိုင်လျှင် ဒုတိယသုံးလပတ်တွင် စွမ်းဆောင်မှုများ တိုးတက်လာလိမ့်မည်ဟု ခန့်မှန်းထားသည်။

ကောင်စီအနေဖြင့် ယခုနှစ်အတွက် ပို့ကုန်တိုးတက်မှုခန့်မှန်းချက်ကို အမေရိကန်တစ်ဒေါ်လာလျှင် ထိုင်းဘတ်ငွေ ၃၀ ဒသမ ၅၀ နှုန်းအပေါ် အခြေခံတွက်ချက်၍ သုည ဒသမ ၁ ရာခိုင်နှုန်းဖြင့် ထိန်းထားသည်။ ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှု၊ ရေနံနှင့် လယ်ယာထွက်ကုန်ဈေးနှုန်းများ နိမ့်ကျမှုနှင့် စက်မှုထုတ်ကုန်တင်ပို့မှု အားနည်းခြင်းတို့ကြောင့် ပို့ကုန်တင်ပို့မှု ကျဆင်းခဲ့ရခြင်းဖြစ်သည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## စင်ကာပူတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် Sungei Kadut စက်မှုဇုန်စီမံကိန်းမိတ်ဆက်




ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းကဏ္ဍသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အထောက်အကူပြုနိုင်ရန်အတွက် စင်ကာပူရှိ သက်တမ်းကြာမြင့်နေပြီဖြစ်သော စက်မှုဇုန်များအနက်မှ Sungei Kadut စက်မှုဇုန်အား ပြုပြင်မွမ်းမံမည့်စီမံကိန်းကို ဖေဖော်ဝါရီ ၆ ရက်တွင် အများပြည်သူသို့ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါစီမံကိန်းသည် စင်ကာပူရှိ စက်မှုလုပ်ငန်းများအား ပြန်လည်အားသစ်လောင်းနိုင်ရန်၊ စက်မှုလုပ်ငန်းအသစ်များအား ဆွဲဆောင်နိုင်ရန်၊ လူမှုဘဝနှင့် လိုက်လျောညီထွေမှုရှိသော လုပ်ငန်း ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် စွမ်းဆောင်ရည်အသစ်များကို အသုံးချဆောင်ရွက်နိုင်ရန် ပြုပြင်မွမ်းမံမည့် ရွှေ့ဆောင်စီမံကိန်းကြီး ဖြစ်ပါကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှု ဝန်ကြီးဌာန ဝန်ကြီး Mr Chan Chun Sing က မိတ်ဆက်ပွဲအခမ်းအနားတွင် ပြောကြားသည်။

မြေနေရာအကျယ်အဝန်း ဟက်တာ ၅၀၀ ရှိပြီး၊ နှစ် ၃၀ အတွင်း အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် Sungei Kadut စက်မှုဇုန်စီမံကိန်းတွင် မြေနေရာအကျယ်အဝန်း ၁၈ ဟက်တာရှိသော စိုက်ပျိုးရေးထွက် စားသောက်ကုန်များ တီထွင်ဆန်းသစ်ထုတ်လုပ်မှုဇုန်နေရာ ပါဝင်ပြီး၊ စိုက်ပျိုးရေးနည်းပညာ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးရှိ လုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု (R&D) လုပ်ငန်းများ၊ မိုးလုံလေလုံစိုက်ခင်းများ၊ ရေနေသတ္တဝါ မျိုးဖောက်ခြင်းနှင့် ပရိုတင်းအစားထိုးထုတ်ကုန်များထုတ်လုပ်ခြင်း စသည့် နည်းပညာမြင့်မားသော လုပ်ငန်းများ တည်ထောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုလုပ်ငန်းများက စနစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာများ၊ အပင်ဆိုင်ရာသိပ္ပံပညာရှင်များ၊ ရေထွက်ကုန် အဟာရဗေဒပညာရှင် များ စသည့် အသိပညာအခြေခံသော အဆင့်မြင့်အလုပ်အကိုင်များကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပြီး၊ နောက်မျိုးဆက်သစ်များအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍသို့ ပါဝင်ဆောင်ရွက်ရန် ဆွဲဆောင်နိုင်မည့်အချက်လည်းဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် စီမံကိန်းမှ ဟက်တာ ၂၀၀ အကျယ်အဝန်းရှိသော မြေနေရာကို နောင်တွင် ပေါ်ပေါက်လာမည့် စက်မှုလုပ်ငန်းများအတွက် အရံချန်လုပ်ထားမည်ဖြစ်ပါသည်။ စီမံကိန်းမှာ နှစ် ၃၀ ကြာမြင့်မည်ဖြစ်သည့်အတွက် စီမံကိန်းအကောင်အထည် ဖော်ဆောင်သောကာလအတွင်း လက်ရှိ ဇုန်အတွင်း၌ တည်ရှိနေသည့် သစ်လုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းများကို အထူးစီမံတည်ဆောက်ထားသော အဆောက်အအုံများသို့ ရွှေ့ပြောင်း ဆောင်ရွက်စေမည်ဖြစ်သည်။ ထိုသို့ အဆောက်အအုံအသစ်များသို့ ပြောင်းရွှေ့ ဆောင်ရွက်ရခြင်းကြောင့် လုပ်ငန်းများအတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အခွင့်အလမ်းများကို ဖန်တီးပေးကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ယခင်အသုံးပြုခဲ့သော စက်ပစ္စည်းအဟောင်းများ နေရာ၌ ဆင်ဆာစနစ်များနှင့် အလိုအလျောက်ထိန်းချုပ်လည်ပတ်ဆောင်ရွက်နိုင်သည့်စနစ်များ ဖြင့် အစားထိုးဆောင်ရွက်လာနိုင်ကြောင်း၊ အဆောက်အအုံအား စုပေါင်းမျှဝေသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာ၍ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိကြောင်း ဖော်ပြထားသည်။

Sungei Kadut စက်မှုဇုန် စီမံကိန်းပထမအဆင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဟက်တာ ၄၀ ကျော်ရှိသည့် မြေနေရာအတွင်း လုပ်ငန်းများအတွက် ဘက်စုံသုံး အဆောက်အအုံသစ်များကို ၂၀၂၅ ခုနှစ်တွင် ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်သည်။ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ ၃ ဒသမ ၄ သန်း အကျယ်အဝန်းရှိပြီး၊ ကုန်ကျစရိတ် စင်ကာပူဒေါ်လာ ၆၅၀ သန်းခန့် ကုန်ကျမည့် ယင်းဘက်စုံသုံးအဆောက်အအုံသစ်များသို့ ရွှေ့ပြောင်းဆောင်ရွက်လုပ်ကိုင်ရန် ကုမ္ပဏီပေါင်း ၅၀ ခန့်ကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရှိရသည်။

စက်မှုဇုန်နယ်မြေအတွင်း အပင်များနှင့် ၎င်းတို့ကို အဆောက်အအုံအမိုးများတွင် စိုက်ပျိုးခြင်း အပါအဝင် အများပြည်သူ အပန်းဖြေသည့်နေရာများ၊ ပန်းခြံများကိုထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်သောကြောင့် လက်ရှိစင်ကာပူတွင် စိမ်းလန်းသော ဝန်းကျင်လွှမ်းခြုံမှု ၁၀ ရာခိုင်နှုန်းသာရှိရာမှ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်စီမံကိန်းမိတ်ဆက်ပွဲကို အများပြည်သူများ လေ့လာနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူနိုင်ငံ**

## ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ပြည်ပပို့ကုန်တင်ပို့မှု ပိုမိုကျဆင်းမည်ဟု ခန့်မှန်း

ကမ္ဘာ့စီးပွားရေးနှေးကွေးခြင်း၊ ကျယ်ပြန့်စွာမိုးခေါင်မှုနှင့် သေစေနိုင်သော ဗိုင်းရပ်စ်ပျံ့နှံ့မှုတို့က ပုဂ္ဂလိကများအနေဖြင့် ယခုနှစ်အတွက် ပို့ကုန်ခန့်မှန်းချက် အားချက်ချင်းဆိုသလို ၁ ဒသမ ၈ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ကြောင်း လျှော့ချရန် တွန်းအားပေးသလိုဖြစ်ခဲ့သည်။ ထိုင်းကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ SananAngubolkul က ပို့ကုန်တန်ဖိုးခန့်မှန်းချက် အမေရိကန်ဒေါ်လာ ၂၄၅ ဘီလီယံကို မဆုံးဖြတ်မီ သက်ဆိုင်ရာ ထိုင်းကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်သည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြီးခဲ့သည့်နှစ်နှောင်းပိုင်းတွင် Mr.Sanan က ပို့ကုန်သည် အကောင်းဆုံးတိုးတက်မှုမရှိခဲ့ဟု၍ ခန့်မှန်းခဲ့သည်။ ယခုနှစ်တွင် စွန့်စားရမှုအန္တရာယ်များ၊ အထူးသဖြင့် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ခြင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးခြင်း၊ မိုးခေါင်မှုကျယ် ကျယ်ပြန့်ပြန့် ဖြစ်ပွားခြင်းနှင့် ဘတ်ငွေတန်ဖိုးမြင့်တက်ခြင်းတို့က ပို့ကုန်ကိုနှေးကွေးစေမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

Mr.Sanan က အစိုးရနှင့် သက်ဆိုင်သူများအား အမေရိကန်တစ်ဒေါ်လာလျှင် ၃၂ ဘတ်ဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး နိုင်ငံခြားငွေလဲနှုန်းကို ပြန်လည်ထိန်းချုပ်ရန် တိုက်တွန်းခဲ့သည်။ ၎င်းက ကုန်သည်ကြီးများအသင်းအနေဖြင့် ယခုနှစ်အတွက် လယ်ယာထွက်ကုန်တင်ပို့မှုသည် သုည ဒသမ ၉ရာခိုင်နှုန်း တန်ဖိုးအမေရိကန် ဒေါ်လာ ၄၀ ဒသမ ၁ ဘီယီယံသို့ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ရော်ဘာ၊ ပီလောပီနံထုတ်ကုန်နှင့် သကြားတို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်ရာဘာတင်ပို့မှုက ၅ ရာခိုင်နှုန်းကျဆင်းနိုင်ပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဒသမ ၉၄ ဘီလီယံဖြစ်ကြောင်း ခန့်မှန်းထားသည်။ ပီလောပီနံအနေဖြင့် ၁၅ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၂ ဘီလီယံဖြစ်ကြောင်း၊ သကြားတင်ပို့မှု ၁၆ ဒသမ ၃ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖြစ်သည်။

ဆန်တင်ပို့မှုအနေဖြင့် ယခုနှစ်အတွက် သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၄ ဒသမ ၂၁ ဘီလီယံဖြစ်ကြောင်း၊ အစားအစာတင်ပို့မှု ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ကာ တန်ဖိုးအမေရိကန် ဒေါ်လာ ၂၃ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်အတွက် အကောက်ခွန်ရှင်းလင်းပြီး စုစုပေါင်းပြည်ပတင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၆ ဘီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုအနေဖြင့် ၄ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၂၃၇ ဘီလီယံ ရှိခဲ့ကြောင်း၊ ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ၉ ဒသမ ၆ ဘီလီယံရှိခဲ့ကြောင်း သိရှိရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ဇန်နဝါရီလက ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ ဆန်တင်ပို့မှု တိုးတက်ခဲ့

၂၀၂၀ပြည့်နှစ် ဇန်နဝါရီလတွင် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့မှုတွင် ပြီးခဲ့သောလနှင့် နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၃၉ ရာခိုင်နှုန်းနှင့် အရေအတွက်အားဖြင့် ၁၂ ရာခိုင်နှုန်း တိုးတက်မှုတို့ဖြင့် ဆန်တန်ချိန် ၅၆၀၀၀၀ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၀ ဒသမ ၃ သန်းရရှိခဲ့ကြောင်း အထွေထွေအကောက်ခွန်ဌာန၏ ပြောကြားချက်အရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် Tet ပွဲတော်မတိုင်ခင်က အခြားနိုင်ငံများထက် ပိုမိုယှဉ်ပြိုင်နိုင်သည့် ဈေးနှုန်းများကြောင့် ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံများသို့ ဆန်တင်ပို့ရန် ပြည်တွင်း စီးပွားရေးလုပ်ငန်းများက စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ သင်္ဘောပေါ်ရောက် (FOB) ဈေးနှုန်းများမှာ ဆန် ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀-၃၅၀ အတွင်းရှိပြီး ဆန် ၁၅ မှတ်နှင့် ဆန် ၂၅ မှတ်တို့မှာ အမေရိကန်ဒေါ်လာ ၁၀-၂၀ လျော့နည်းခဲ့သည်။

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် အာဖရိကဈေးကွက်ကို ဆန်တန်ချိန် တစ်သန်းနှင့် မလေးရှားနိုင်ငံကို ဆန်တန်ချိန် ငါးသိန်း ဝယ်ယူလိမ့်မည်ဟု ကြိုတင်ခန့်မှန်းထားသည့် တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်နိုင်ငံကိုလည်း ၎င်းတို့တင်သွင်းခဲ့သည့် ဆန်ပမာဏကို ထိန်းသိမ်းထားလိမ့်မည်ဟု မျှော်လင့်ထားသည်။

အီရတ်နိုင်ငံက ဆန်တန်ချိန် သုံးသိန်းခန့်ဝယ်ယူသည့်အချိန်တွင် ဗီယက်နမ်နိုင်ငံကလည်း ကျူးဘားနိုင်ငံသို့ ဆန်တန်ချိန် သုံးသိန်း မှ လေးသိန်းအထိ တင်ပို့ထားပါကြောင်းနှင့် နှစ်စဉ် တရုတ်နိုင်ငံသည် ပြည်တွင်းမှဆန်တန်ချိန် လေးသိန်းဝယ်ယူရန် အစီအစဉ်ရှိသည်။

လွန်ခဲ့သောငါးနှစ်က ပြည်တွင်းဆန်များအတွက် တရုတ်နိုင်ငံသည် အကြီးဆုံး ဈေးကွက်ဖြစ်ခဲ့ကြောင်း၊ သို့သော် ယခုအခါ ဗီယက်နမ်နိုင်ငံသည် ၎င်းတို့၏ဆန်တင်ပို့မည့် ဈေးကွက်များကို ချဲ့ထွင်ခဲ့ကြောင်းနှင့် အဆိုပါ အကြောင်းအချက်ကြောင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါသည် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုများအပေါ် ကြီးမားသော ထိခိုက်မှုကို သက်ရောက်နိုင်လိမ့်မည် မဟုတ်ကြောင်း Northern Food Corporation ၏ General Director က ပြောကြားခဲ့သည်။

ထို့ပြင် ယခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများအားလုံးသို့ ဆန်တန်ချိန် နှစ်သောင်းဝေစု သတ်မှတ်ပေးထားပြီး ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ပါဝင်သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ကုန်သွယ်ဖက် နိုင်ငံငါးနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ အကြားချုပ်ဆိုထားသော နိုင်ငံစုံကုန်သွယ်မှုသဘောတူစာချုပ်အရလည်း တောင်ကိုရီးယားနိုင်ငံက ဗီယက်နမ်နိုင်ငံအတွက် ဆန်တန်ချိန် ၅၅၁၁၂ တန်ကို ဝေစုသတ်မှတ်ပေးထားကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ သွင်းကုန်ပို့ကုန်ဌာနခွဲ၏ ပြောကြားချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဆန်တင်ပို့မှုများတွင် အားကောင်းသော တိုးတက်မှုရှိသည့် ဈေးကွက်များမှာ ဆီနီဂေါ၊ အိုင်ဗရီကိုစ့်၊ ထိုင်ဝမ်၊ ဟောင်ကောင်နှင့် တန်ဇန်နီးယားနိုင်ငံတို့ဖြစ်ပြီး ဗီယက်နမ်ဆန်များကို ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၁၅၀ သို့တင်ပို့လျှက်ရှိသည်။ **ချိုချိုမာ(ရန်ကုန်)**

## ROYAL AUNG MAHAR ENGINEERING CO.,LTD.

09 420093975, 09 423723823, 09 799537957

**Supply and Installation of Mechanical Work**

HDPE, PPR, uPVC, MS, GI Pipe, Fixtures Installation
Cold Water System, Hot Water System, Sanitary System, Fire Fighting System, Sprinkler System, Air-con & Ventilation System

**Supply and Installation of Electrical Work**

Cable, Breaker, Tray Trunking and Piping, DB, ATS & Control Panel, Fixtures Installation, Power Supply and Lighting System, Fire Alarm System, LV/ELV System, Lightning Protection System, Sub-Station Power Distribution

We offer solutions tailored to our customer's needs

ABOUT US

www.builk.com/royalaungmaharengineering

www.facebook.com/royalaungmahar

Email ; royalaungmahar@gmail.com
sannuaung9@gmail.com

## Thida & Partners Ltd.

PKF Earnest YTK Limited

Member of PKF International — In affiliation with VDB|Loi

**Services Offered:**

- Accounting & Auditing
- Company Formation,
- Secretarial Work & Liquidation
- Tax Advisory
- General Services to LTO, MTO
- Investment Advisory

**Special Services Offered:**

Prepare the registers and account records which are required to be kept as per the Myanmar Company Law 2017 (Section 258), especially for small companies not required to complete an audit.

**PKF Myanmar**

Yangon Office

Address : 11-C, Stadium View Condo, Corner of Bo Min Yaung Rd & Mandalay St., Minglar Taung Nyunt Tsp., Yangon,
: No.(38), Mawlamyaing St., Sayar San North/West Ward, Bahan Tsp., Yangon.

Phone : 09 5150902, 09 785150902, 09 791088897
09 799907720, 09 73105320

Email : thidachowin@gmail.com, earnest.ytk@gmail.com

## ရွှေဖြိုးသာ

ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ

ထိုင်းနိုင်ငံ
မလေးရှားနိုင်ငံ
စင်္ကာပူနိုင်ငံ
ကိုရီးယားနိုင်ငံ (ငါးဖမ်းလုပ်ငန်း)
ဂျပန်နိုင်ငံ
နိုင်ငံအသီးသီးပို့ဆောင်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ
အမှတ်(၁၂၆၅)ယ ဒုတိယထပ် (ဘယ်၊ညာ)၊ ဗိုလ်မင်းရောင်လမ်း နှင့် ဒေါနလမ်းထောင့်၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။
၀၉-၆၈၉၇၀၁၇၅၇၊ ၀၉-၆၈၉၇၀၁၇၅၉၊ ၀၉-၆၈၉၇၀၁၇၆၀

## Green Rock


WINE MERCHANTS




We import quality wines from worldwide, and work directly with our winery trying to choose best possible taste for our customers.

Contact : (+95) 9793689988, 09 2003095, 09 448010151
No. 962, Shwehninsi Road, Mayangon T/S, Yangon.


YATHAR CHO INDUSTRY
Yum Yum
Yum Yum Premier
HALAL Certified
ISO 9001-2015
HACCP Certified
www.yumyummyanmar.com / www.facebook.com/yumyummyanmar
CONTACT ADDRESS
No.(197,198,199), 10th Street, Yangon Industrial Park, Mingalardon Township,
Yangon Region, Myanmar.
E-mail : yumyumsales@chochoco.biz
Customer Service Hotline : 09 863 5247
www


ShinShin
Instant Rice Noodle and Vermicelli
Cho's Kitchen
ရှင်းရှင်း
GOOD MANUFACTURING PRACTICE
(GMP) CERTIFIED
www.chochoindustry.com
CHO CHO INDUSTRY LIMITED
Factory - (1)
CHO CHO INDUSTRY LIMITED
Factory - (2)


FUMAKILLA
JUMBO VAPE
AEROSOL
ခြင်ဖျန်းဆေး
70%
Liquid Vaporizer
လျှပ်စစ်အပူပေးခြင်ပြေးစက်
Coil
ခြင်ဆေးခွေ
သင့်မိသားစုအတွက် အကောင်းဆုံးကာကွယ်မှု

# COMMERCE INTERNATIONAL

## ခိုးလ်စ်လုပ်ငန်းစုမှ လုပ်သားအင်အား လျှော့ချ

ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ပြီး အွန်လိုင်းစီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသည့် Kohl's စီးပွားရေးလုပ်ငန်းစုအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် လုပ်သားအင်အားလျှော့ချမှု တစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

Kohl's စီးပွားရေးလုပ်ငန်းစုအနေဖြင့် ရှေ့ဆက်ပြီး စီးပွားရေးလုပ်ငန်းများကို ကျစ်ကျစ်လျစ်လျစ် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပြီး လုပ်သားအင်အား အနည်းငယ် လျှော့ချရခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် လုပ်ငန်းလည်ပတ်မှု အနည်းငယ် နှေးကွေး ကျဆင်းခဲ့ကြောင်း၊ ယခုလတွင် ဝန်ထမ်း ၂၅၀ ကျော်ကို လျှော့ချမှု ပြုလုပ်ခဲ့ကြောင်း၊ Kohl's ၏ စီးပွားရေးလုပ်ဆောင်ချက်များမှာ ရာခိုင်နှုန်းအားဖြင့်ဆိုလျှင် ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Kohl's လုပ်ငန်းစုမှ ဒုဥက္ကဋ္ဌဖြစ်သူ ဂျန်ဂွန်ဆင်က ပြောဆိုခဲ့သည်။

Kohl's စီးပွားရေးလုပ်ငန်းစုအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ ဆိုင်များမှ ၁၂၅ ဆိုင်ကို ပိတ်သိမ်းခဲ့ရကြောင်း သိရပြီး နောက်ထပ်လည်း ဝန်ထမ်းလျှော့ချမှုများ ပြုလုပ်သင့်က ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း ဂန်ဂွန်ဆင်က ထပ်မံပြောဆိုထားသည်။

အမေရိကန် အခြေစိုက် Kohl's စီးပွားရေးလုပ်ငန်းစုအနေဖြင့် အဝတ်အထည်၊ ဖိနပ်များ၊ မွေ့ရာနှင့်အိပ်ရာခင်းများ၊ အိမ်ထောင် ပရိဘောဂပစ္စည်းများ၊ နေအိမ်အလှဆင် ပစ္စည်းများ၊ လက်ဝတ်ရတနာများ၊ ကလေးကစားစရာ အရုပ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည်တို့ကို အွန်လိုင်းဈေးဝယ်စနစ်ဖြင့် ဖြန့်ဖြူးရောင်းချနေခြင်းဖြစ်သည်။




## ဗီယက်နမ်လေကြောင်းလိုင်း တစ်ပတ် အမေရိကန်ဒေါ်လာ ရှစ်မီလီယံအထိ အရှုံးပေါ်

ဗီယက်နမ် လေကြောင်းလိုင်းအနေဖြင့် ရက်သတ္တတစ်ပတ်လျှင် ရှစ်မီလီယံအထိ အရှုံးပေါ်နေကြောင်း စီအင်န်အေ သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံနှင့် ဆက်သွယ်ပျံသန်းနေသည့် ဗီယက်နမ်နိုင်ငံ၏ နိုင်ငံတော်ပိုင်လေကြောင်းလိုင်းများအပြင် ပုဂ္ဂလိကလေကြောင်းလိုင်းများလည်း ယာယီရပ်နားထားသလို တခြား ကမ္ဘာ့နိုင်ငံများသို့ ဆက်သွယ်ပျံသန်းနေသည့် လေကြောင်းလိုင်း လုပ်ငန်းများမှာလည်း ကျဆင်းသည့် အနေအထားများကို ကြုံတွေ့နေရသည်။

ဗီယက်နမ်နိုင်ငံ လေကြောင်းလိုင်းလုပ်ငန်းမှာ ရက်သတ္တနှစ်ပတ်အတွင်း ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းလည်း ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ လေကြောင်းလိုင်း လုပ်ငန်းအနေဖြင့် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၄၅ ဒသမ ၄ မီလီယံအထိ အမြတ်ရရှိခဲ့ကြောင်း စီအင်န်အေ သတင်းဌာန၏ ဖော်ပြထားချက်အရ သိရသည်။

## ဖန်လုံအိမ်ဓာတ်ငွေ့က ကမ္ဘာ့သမုဒ္ဒရာ ရေစီးကြောင်းအရှိန်ကို မြင့်တက်စေ



ကမ္ဘာ့သမုဒ္ဒရာ ရေစီးကြောင်းအရှိန်မြင့်တက်မှုတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို တရုတ်သုတေသနအဖွဲ့တစ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သုတေသနအဖွဲ့မှာ တရုတ်နိုင်ငံ သိပ္ပံအကယ်ဒမီ၊ အဏ္ဏဝါဗေဒ သိပ္ပံဌာနမှ အဖွဲ့တစ်ခုဖြစ်ကြောင်း သိရသည်။ ယင်းအဖွဲ့၏ လေ့လာတွေ့ရှိချက်တစ်ခုအရ လွန်ခဲ့သည့် နှစ် ၂၀ ကျော်အတွင်း ကမ္ဘာ့သမုဒ္ဒရာရေစီးကြောင်းမှာ ပျမ်းမျှအားဖြင့် သိသိသာသာ အရှိန်မြင့်လာပြီး ကမ္ဘာလုံးဆိုင်ရာ ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်ပုံစံအသစ် ဖြစ်ပေါ်စေသည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း ဖော်ပြထားခြင်းလည်း ဖြစ်သည်။

တရုတ်သုတေသီများက သမုဒ္ဒရာရေစီးကြောင်းနှင့် ပင်လယ်ရေမျက်နှာပြင် လေတိုက်နှုန်းဆိုင်ရာ အချက်အလက်များစွာကို ပေါင်းစည်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းတိုင်းတာချက်တစ်ခုဖြင့် သမုဒ္ဒရာရေစီးကြောင်းပြောင်းလဲမှု လေ့လာဆန်းစစ်ခြင်းများအား တရုတ်သုတေသီများက ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

လေမှာ သမုဒ္ဒရာရေစီးကြောင်း၏ အဓိကစွမ်းအား အရင်းအမြစ်ဖြစ်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်ပေါ်မှ လေတိုက်နှုန်းမြင့်တက်လာခြင်းမှာ ပျမ်းမျှအားဖြင့် ကမ္ဘာ့ရေစီးကြောင်းအရှိန်ကို မြင့်တက်စေကြောင်း အဏ္ဏဝါဗေဒသိပ္ပံဌာနမှ သုတေသီတစ်ဦးဖြစ်သူ ဟူစီကျန့်က ပြောကြားခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ဟူစီဂျန့်က ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ မြင့်တက်လာခြင်းကြောင့် ပျမ်းမျှအားဖြင့် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် လေတိုက်နှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း၊ ယင်းမှာ ဖန်လုံအိမ်ဓာတ်ငွေ့က သမုဒ္ဒရာရေစီးကြောင်း မြင့်တက်မှုအတွက် အဓိက အကြောင်းပြချက်ဖြစ်သည်ကို ပြသနေကြောင်း ထပ်မံပြောကြားခဲ့သည်။



## ဖော်မြူလာဝမ်း ကားပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် ပေါင် ၃၅ သန်း နစ်နာဖွယ်ရှိ

ဖော်မြူလာဝမ်း ဂရင်းပရီ ကားမောင်းပြိုင်ပွဲကို လာမည့် ဧပြီ ၁၇ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပရန် စီစဉ်ထားသော်လည်း ဝူဟမ်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ အန္တရာယ်ကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း အဆိုပါပြိုင်ပွဲအား ပိုင်ဆိုင်သည့် Liberty Media က ဖေဖော်ဝါရီ ဒုတိယပတ်တွင် အတည်ပြုကြေညာခဲ့သည်။

တရုတ်နိုင်ငံတွင် ယခုကျင်းပရန် စီစဉ်ထားသည့် ဖော်မြူလာဝမ်း ဂရင်းပရီ ကားမောင်းပြိုင်ပွဲမှာ ယခုနှစ်ရာသီတွင် လေးပွဲမြောက် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။ ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားခဲ့သည့် ဝူဟန်မြို့မှာ ပြိုင်ပွဲကျင်းပမည့် ရှန်ဟိုင်းမြို့နှင့် မိုင် ၅၀၀ သာ ကွာဝေးခြင်းကြောင့် ရောဂါကူးစက်မည်ကို စိုးရိမ်ပြီး ပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ တရုတ်နိုင်ငံအနေဖြင့် ယခုဖြစ်ပွားလျက်ရှိနေသည့် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ သို့သော် ရောဂါစတင်ဖြစ်ပွားခဲ့သည့် တရုတ်နိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၂၉ နိုင်ငံသို့ ကူးစက်ပျံ့နှံ့နေခြင်းကြောင့် ကမ္ဘာ့ပြည်သူများအားလုံးက သတိထားနေရသည့် အခြေအနေမျိုးတွင် ရှိနေသည်။

တစ်ရာသီအတွင်း ၂၁ ပွဲယှဉ်ပြိုင်ရသော ဖော်မြူလာဝမ်းကားပြိုင်ပွဲများအတွက် တရုတ်ဂရင်းပရီပြိုင်ပွဲကို အခြားနိုင်ငံ တစ်နိုင်ငံတွင် ပြောင်းလဲကျင်းပဖွယ်ရှိသည်ဟု တာဝန်ရှိသူများက ပြောဆိုခဲ့သည်။ တရုတ်နိုင်ငံနှင့် အိမ်နီးချင်းဖြစ်သော ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် ဂရင်းပရီပွဲကိုမူ မရွှေ့ဆိုင်းဟု အတည်ပြုခဲ့သည်။

တရုတ်ဂရင်းပရီ ရွှေ့ဆိုင်းလိုက်ခြင်းကြောင့် ဖော်မြူလာဝမ်းကားပြိုင်ပွဲ၏ ရှယ်ယာစုစုပေါင်း တန်ကြေး ပေါင် ၈ ဒသမ ၅ ဘီလီယံ၏ ရှယ်ယာတန်ကြေးသည် ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် တရုတ်ဂရင်းပရီပြိုင်ပွဲအတွက် ပြင်ဆင်မှုကုန်ကျစရိတ် ပေါင်သန်း ၃၀ ရှိပြီး စုစုပေါင်း ပေါင် ၃၅ သန်းအထိ နစ်နာဖွယ်ရှိနေကြောင်း သိရသည်။

မြသဲ စုစည်းသည်

Be green, Keep our planet clean

စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။